ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ (1-6-2014) (၇၈၅၈)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကြို့ပင်ကောက်	၁	ဒသမ	၅၇	လက်မ
ဖျာပုံ	၁	ဒသမ	၅၇	လက်မ
မော်လမြိုင်	၁	ဒသမ	၄၆	လက်မ
တောင်းတူ	သုည	ဒသမ	၁၀	လက်မ
ပဲခူး	သုည	ဒသမ	၁၀	လက်မ
ဘီးလင်း	သုည	ဒသမ	၁၀	လက်မ
ဝမ်းတွင်း	သုည	ဒသမ	၀၂	လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပဲခူးမြို့၌ ဘုရားများဖူးမြော်ကြည်ညို

ကမ္ဘောဇသာဒီရွှေနန်းတော် ပြန်လည်တူးဖော်ထားရှိမှုနှင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

ပဲခူးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေမော်ဓောစေတီတော်၊ ရွှေသာလျောင်းဘုရားတို့အား ဖူးမြော်ကြည်ညိုပြီး ကမ္ဘောဇသာဒီရွှေနန်းတော် ပြန်လည်တူးဖော်ထားရှိမှုနှင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ နံနက် ၇ နာရီတွင် ရွှေမော်ဓောစေတီတော် မြောက်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် စေတီတော်အထက်ပစ္စယံရှိ ဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်အား တက်ရောက်ကြည်ညိုပြီး စေတီတော်အား လှည့်လည်ကြည်ညိုသည်။

ယင်းနောက် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ရွှေနန်းတော်ကြီး ပြန်လည်တူးဖော်ထားရှိမှု၊ ရွှေနန်းတော်ကြီးအား ရှေးမူမပျက် တည်ဆောက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေနန်းတော်ဝင်းအတွင်းရှိ ပဲခူးမြို့ ရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဟံသာဝတီခေတ်အသုံးအဆောင် ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းနိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို တင်ပြတောင်းခံသွားရန်နှင့် ပြတိုက်သို့ လာရောက်လေ့လာသူများ အလွယ်တကူ နားလည်စေမည့် ရှေးဟောင်းပစ္စည်းအလိုက် ရှင်းလင်းချက်များကို ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပဲခူးရွှေမော်ဓောဘုရားအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နွေစပါးဈေးကောင်းရ၍ တောင်သူများနေ့စဉ်တင်ပို့ရောင်းချ

ရေတာရှည် မေ ၃၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နွေစပါးစိုက်တောင်သူများသည် စပါးဈေးမြင့်တက်လာ၍ နေ့စဉ်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခင်လက နွေစပါး တင်း ၁၀၀ လျှင် ကျပ်လေးသိန်းပေါက်ဈေး ရှိသော်လည်း မေလဒုတိယပတ်မှစ၍ စပါးတင်း ၁၀၀ လျှင် လေးသိန်းသုံးသောင်းအထိ မြင့်တက်လာခဲ့သည်။ "စပါးဈေးကောင်းတော့ တောင်သူတွေ အဆင်ပြေတာပေါ့၊ ဘာလို့လဲဆိုတော့ စိုက်ပျိုးစရိတ် ချေးငွေတွေပြန်ဆပ်ရမယ်၊ နောက် ဓာတ်မြေဩဇာဖိုး အကြွေးတွေပေးရမှာ လယ်ယာထွက်သီးနှံဈေးတွေ

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မေမြတ်နိုး Miss Asia Pacific World 2014 သရဖူရရှိ

မျိုးစန္ဒာမောင်

Miss Asia Pacific World 2014 အလှမယ်ရွေးချယ်ပွဲ အခမ်းအနား၏ နောက်ဆုံးအဆင့်ရွေးချယ်ပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မေ ၃၁ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❒

ကြေးမုံ စာတည်းရှုထောင့် ၁-၆-၂၀၁၄ (တနင်္ဂနွေနေ့)

နိုင်ငံနှင့်ပြည်သူအကျိုးစီးပွား အလေးထား

ယခုတစ်လော ဖွဲ့စည်းပုံအခြေခံဥပဒေ စံချိန်စံနှုန်းများပြည့်မီရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကော်မတီဖွဲ့စည်းပြီး လွှတ်တော်အတွင်းမှ ဥပဒေနှင့်အညီ ပြင်ဆင်နိုင်ရန်အတွက် ဆွေးနွေးသုံးသပ်နေကြသလို နိုင်ငံရေးအင်အားစုအချို့ကလည်း လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် အချင်းချင်းချိတ်ဆက်ပြီး လိုအပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကို ဟန်ချက်ညီညီပြုလုပ်ခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံသားတစ်ဦးချင်းစီအတွက် လက်တွေ့ကျသော ကောင်းမွန်သည့်ရလဒ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလုပ်ဆောင်ကြဖို့ နိုင်ငံတော်သမ္မတက မေလ ၃၁ ရက်နေ့က တိုက်တွန်းပြောကြားထားသည်။

တစ်ဆက်တည်းမှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားသုံးသပ်ချက်များမှာ မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ပေါ်ထွန်းလာအောင် စေတနာရှေ့ထားပြောကြားသွားသည့် အပြုသဘောဆောင်ပြီး လက်တွေ့ကျသော တိုက်တွန်းချက်များဖြစ်သဖြင့် ထိုအချက်များကို အလေးအနက်ထား ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်ကြပေသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသော သဘောတူညီချက်များအပေါ်မူတည်ပြီး လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ ပြုလုပ်သင့်ကြောင်း၊ သဘောထားရပ်တည်ချက်သည် ကျွန်ုပ်တို့နိုင်ငံ၏ ပကတိအခြေအနေ အချိန်အခါနှင့် ဆီလျော်ကိုက်ညီပေသည်။

ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီမှာ တိုက်ရိုက်ဆက်စပ်နေပြီး ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်သလို ဒီမိုကရေစီလည်း ရှင်သန်ဖွံ့ဖြိုးနိုင်မည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးရရှိမည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်။ ငြိမ်းချမ်းရေးရရှိသောအခါ ဒီမိုကရေစီလည်း အားကောင်းလာမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို အဆင့်ဆင့်တက်လှမ်းလာနိုင်သည်မှာ နိုင်ငံသားတစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး လုံလောက်သည့် သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ လုပ်ဆောင်နိုင်ခဲ့သောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို အသက်သွင်းကျင့်သုံးနိုင်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။ ယခုကဲ့သို့ အခြေအနေကောင်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရန်အတွက်မူ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

ထို့အပြင် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရာတွင် ပါဝင်ပတ်သက်သူအားလုံး အမြော်အမြင်ကြီးမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့် ပြင်ဆင်သင့်ကြောင်းနှင့် မည်သည့်နိုင်ငံသား၊ တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်အား ကန့်သတ်တားမြစ်ခြင်းမျိုး မဖြစ်စေလိုသည့် နိုင်ငံရေးစေတနာပါဝင်သလို တစ်ဖက်တွင်လည်း မိမိတို့ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်သော အကာအကွယ်ပေးနိုင်သည့် အခြေခံများရှိရန်လိုကြောင်းတို့မှာလည်း နိုင်ငံတော်သမ္မတ၏ အမြော်အမြင်ကြီးမားမှုနှင့် လျော်ကန်သင့်မြတ်သော သဘောထားရပ်တည်ချက်များပင်ဖြစ်သည်။

ကျွန်ုပ်တို့တည်ဆောက်လိုသော ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပီပြင်စွာဖြစ်လာစေရန်အတွက် လိုအပ်မည့်ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီလာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သလို ပါဝင်ပတ်သက်သူအားလုံးအနေဖြင့်လည်း အမြော်အမြင်ကြီးမားမှု၊ စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့် နိုင်ငံတော် သမ္မတကြီးမိန့်ကြားထားသည့် သဘောထားရပ်တည်ချက်များအတိုင်း နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို အလေးထားရှေးရှု ဆောင်ရွက်သွားသင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။ ။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် မေ ၃၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိဘများနှင့် ဝန်ထမ်းသား၊ သမီးများတက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ခုနှစ် တက္ကသိုလ်အဆင့်တွင် ပညာသင်ကြားနေသည့် ဝန်ထမ်းသားသမီးများကိုယ်စား မဖြူသန့်ကိုအားလည်းကောင်း၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသည့် ဝန်ထမ်းသားသမီးများ ကိုယ်စား မောင်ထွန်းအောင်ရှိုင်းအားလည်းကောင်း ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသည့် ဝန်ထမ်းသားသမီးများ ကိုယ်စား မောင်အောင်မြင့်မြတ်အားလည်းကောင်း၊ မူလတန်းအဆင့်တွင် ပညာသင်ကြားနေသည့် ဝန်ထမ်းသားသမီးများကိုယ်စား မဟန်နီနိုင်အားလည်းကောင်း ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် ကျောင်းသား ကျောင်းသူများအား ပညာထူးချွန်သူများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနေဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဝန်ထမ်းသား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ၄၇ သိန်း သုံးသောင်းသုံးထောင် ရှစ်ရာကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၆-၂၀၁၄(တနင်္ဂနွေနေ့)

- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၁၁း၁၅ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် “အချစ်ရှိရာ”
- ၄း၀၉ မျိုးချစ်တပ်မတော်
- ၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ -ပဟေဠိနန်းတော်

မေ ၃၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပစဉ်။ စိုင်း(သီပေါ)

မြန်မာ-အမေရိကန် ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် မေ ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး H.E. Mr. Derek Mitchell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံ၍ မြန်မာနှင့် အမေရိကန်နှစ်နိုင်ငံအကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ GSP အခွင့်အရေး ပြန်လည်ရရှိရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Madam Gao Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန် ဆန်၊ ပြောင်း တင်ပို့မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေး နှစ်နိုင်ငံအကြား ပူးတွဲကော်မတီဖွဲ့စည်းရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

ပြည်တွင်းရေးရာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအား ဟံသာဝတီထီးနန်းကို စိုးစံခဲ့သည့် ဘုရင့်နောင်မင်းတရားကြီးက အေဒီ ၁၅၅၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး အေဒီ ၁၅၅၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ နန်းတော်ကြီးကို ၁၉၉၀ ပြည့်နှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက စတင်တူးဖော်ခဲ့ရာ စကြံပတ်လမ်းများ၊ ဗုဒ္ဓဆင်းတုတော်များ၊ လျှောက်လမ်းများ၊ အုတ်ရိုးများ၊ ကျွန်းတိုင်များ၊ သီဟာသနပလ္လင်ဆောင်၊ စမုတ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင် စသည်တို့ကို တူးဖော်တွေ့ရှိခဲ့သည်။

ထို့နောက် ရွှေသာလျောင်းဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းခဲ့သည်။ အဆိုပါ ရုပ်ပွားတော်မြတ်ကြီးအား သက္ကရာဇ် ၃၅၆ ခုနှစ်၌ တည်ထားကိုးကွယ်ခဲ့ပြီး အလျားပေ ၁၈၀ နှင့် အမြင့် ၅၂ ဒသမ ၅ ပေ ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး အရိုးနှင့်ထိခိုက်ဒဏ်ရာ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ကလေးကုသဆောင်၊ သားဖွားမီးယပ်ဆောင်နှင့် သွားနှင့်ခံတွင်း ကုသမှုဌာနတို့ကို လှည့်လည်ကြည့်ရှုကာ လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးအောင်က ဆေးရုံဆိုင်ရာ အချက်အလက်များနှင့် ဆေးရုံတက်ရောက်မှုအခြေအနေအရ ဆေးရုံကို တိုးချဲ့ရန် လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဆေးရုံသို့ ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းမှာကြားရာတွင် ဤဆေးရုံကြီးသည် ခုတင် (၂၀၀)ဆံ့ ဆေးရုံဖြစ်သော်လည်း နေ့စဉ်လူနာ ၂၀၀ ကျော် ၃၀၀ ကို လက်ခံကုသပေးနေရသည့်အတွက် ဆေးရုံအဆောက်အအုံပိုင်းကိုလည်း ဖြည့်ဆည်းပေးရန်နှင့် ဆေးရုံသုံးပစ္စည်းများကိုလည်း ပံ့ပိုးပေးရန် လိုအပ်နေပါကြောင်း၊ ထို့အတူ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများလည်း လိုအပ်လျက်ရှိပါကြောင်း၊ အထူးသဖြင့် အထူးကုဆရာဝန်ကြီးများအနက် မှုခင်းဆရာဝန်၊ ဓာတ်မှန်ဆရာဝန်နှင့် ရောဂါဗေဒဆရာဝန်တို့မှာ အခြားဆေးရုံများနည်းတူ လိုအပ်နေပါကြောင်း၊ အထူးကုဆရာဝန် လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်အတွက် ယခုအခါ မဟာဘွဲ့ သာမက ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

ဆေးရုံတွင် လူနာစောင့်များအတွက် နားနေဆောင်နှင့် ဝန်ထမ်းအိမ်ရာများကိုလည်း ဆောက်လုပ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနကသာမက ပုဂ္ဂလိက ကဏ္ဍကပါ ပိုမိုပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လက်ရှိဆေးရုံကြီးများကို အဆင့်မြှင့်တင်ပေးရမည်ဖြစ်ပြီး နိုင်ငံ့ရန်ပုံငွေဖြင့် ဖြည့်ဆည်း၍ရသမျှကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ရမည့်အချို့ကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်သွားသင့်ပါကြောင်းဖြင့် ပြောကြားပြီး ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

အင်းလေးဒေသ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် မေ ၃၁

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် မေ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ စွမ်းဟိုတယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးဟိုတယ်ဇုန်မှ အမှုဆောင်အဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများ၊ ခရီးသွားဧည့်လမ်းညွှန်များနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ ခုနှစ်တွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည် နှစ်သိန်းကျော်ရောက်ရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ပထမလေးလအတွင်း ကမ္ဘာလှည့်ခရီးသည် ရှစ်သောင်းကျော် ရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁၂ ရာခိုင်နှုန်း တိုးတက်မှုရှိနေပြီဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မန္တလေးမြို့သို့ နိုင်ငံတကာလေကြောင်းလိုင်း ငါးလိုင်း တိုက်ရိုက်ဆင်းသက်နေပြီး ဇွန်လတွင်လည်း စင်ကာပူလေကြောင်းလိုင်း တိုက်ရိုက်ဆင်းသက်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် မန္တလေးခရီးစဉ်ဒေသအား မြန်မာနိုင်ငံ၏ ဒုတိယခရီးစဉ်ဒေသမှ ပထမခရီးစဉ်ဒေသတစ်ခုအဖြစ်သို့ ရောက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု တိုးတက်လာသည်နှင့်အမျှ ဟိုတယ်များအနေဖြင့် ဝန်ဆောင်မှုကောင်းမွန်စေရေး အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မန္တလေးခရီးစဉ်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးဇုန်မှ ဟိုတယ်လုပ်ငန်းရှင်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များအားလုံး အတူတကွပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက်လည်း အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နေရာများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် အတူတကွ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ Royal Reward Resort ဟိုတယ်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြင်ဦးလွင်ဒေသသို့ ရက်ရှည်အပန်းဖြေခရီးသည်များ ပိုမိုလာရောက်ရေးအတွက် ပြင်ဦးလွင်ပတ်ဝန်းကျင်ရှိ ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်ပြသကြစေလိုကြောင်း ပြောကြားသည်။

မေ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာ၌ကျင်းပသည့် အင်းလေးအမွေအနှစ်ဟိုတယ်အသက်မွေးမှု သင်တန်းကျောင်း သင်တန်းဆင်းပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အင်းလေးဒေသသည် မြန်မာနိုင်ငံ၏ ထင်ရှားသော သဘာဝအမွေအနှစ်ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ ဤခရီးစဉ်ဒေသ၏ မူလသဘာဝပတ်ဝန်းကျင်အနေအထား ပျက်စီးယိုယွင်းပါက လာရောက်လည်ပတ်မည့် ခရီးသည်များ စိတ်ဝင်စားမှုလျော့နည်းသွားပြီး ဤဒေသ၏ ခရီးသွားလုပ်ငန်းသည်လည်း ကျဆင်းသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် အင်းလေးအမွေအနှစ်ဖောင်ဒေးရှင်းတည်ထောင်သူ ဒေါ်ယဉ်မျိုးစုက သင်တန်းဖြစ်ပေါ်လာမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက ထူးချွန်သော သင်တန်းသားသင်တန်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

သဲကုန်း မေ ၃၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၄)ဆင်းပွဲ အခမ်းအနားကို မေ ၂၉ ရက် ညနေ ၃ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



မေ ၃၁ရက်က စင်ကာပူသို့ ရောက်ရှိနေကြသော အမေရိကန်နှင့် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံကြစဉ်။

တောင်တရုတ်ပင်လယ်အတွင်း မတည်မငြိမ်ဖြစ်စေရန် တရုတ်ဖန်တီးနေဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး စွပ်စွဲ

စင်ကာပူ မေ ၃၁

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း၌ မတည်မငြိမ်ဖြစ်စေရန်ဖန်တီးလျက်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးက စွပ်စွဲလိုက်ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အပြုအမူသည် ဒေသတွင်း ကာလရှည်တိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိသည်ဟု ၎င်းကပြောသည်။

နိုင်ငံများသည် နိုင်ငံတကာစည်းမျဉ်းဥပဒေများကို လျစ်လျူရှုကြသောအခါ အမေရိကန်ပြည်ထောင်စုက အခြားနည်းလမ်းကို ရှာဖွေမည်မဟုတ်ကြောင်း ဝန်ကြီး ချပ်ဟေဂဲလ်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် အရှေ့တောင်အာရှမှနိုင်ငံများ တက်ရောက်ကြသည့် စင်ကာပူနိုင်ငံ၌ သုံးရက်ကြာ ကျင်းပသော ရှန်ဂရီလာထိပ်သီးဆွေးနွေးပွဲတွင် ဟေဂဲလ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံမှ အာဏာသိမ်းခေါင်းဆောင်များကိုလည်း မကြာမီကာလအတွင်း ဒီမိုကရေစီစနစ်ပြန်လည်ဖော်ဆောင်ရန် တိုက်တွန်းခဲ့သည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲကို တရုတ်နှင့်ဗီယက်နမ်၊ တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့အကြား တင်းမာမှုမြင့်တက်လာချိန်နှင့် အရှေ့တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်မှုအငြင်းပွားသော ကျွန်းများအရေးကြောင့် တရုတ်နှင့်ဂျပန်ဆက်ဆံရေး ချောမွေ့ခြင်းမရှိချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲကာလအတွင်း၌ ဒေသတွင်း ထိပ်တန်းခေါင်းဆောင်များသည် တင်းမာမှုများကို ဖြေရှင်းရန်အတွက် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်တွေ့ဆုံရန် အခွင့်အရေးများ ရရှိကြသည်။

မကြာသေးမီလများ၌ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း ၎င်းပိုင်ဆိုင်ကြောင်းကြေညာချက်ကို အခိုင်အမာ တောင်းဆိုသည့် တစ်ဖက်သတ် အပြုအမူများဖြင့် မတည်မငြိမ်ဖြစ်စေရန် စတင်လုပ်ဆောင်လျက်ရှိသည်ဟု မစ္စတာဟာဂဲလ်က ဆွေးနွေးပွဲမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ **ဘီဘီစီ။**

တိန်အန်မင် အကြမ်းဖက် တိုက်ခိုက်မှု လူရှစ်ဦးကို စွဲချက်တင်ပြီ

ပေကျင်း မေ ၃၁

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ အထွတ်အမြတ်ပြုရာ တိန်အန်မင်ရင်ပြင်ဂိတ်တွင် လွန်ခဲ့သည့်နှစ်က အကြမ်းဖက်တိုက်ခိုက်မှုဖြင့် ဆက်နွှယ်သူလူရှစ်ဦးကို မေ ၃၁ ရက်က စွဲချက်တင်လိုက်ကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူများက ပြောကြားကြသည်။

ဖမ်းဆီးခဲ့

လွန်ခဲ့သည့်နှစ် အောက်တိုဘာ ၂၈ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် အဆိုပါလူရှစ်ဦးကို ဖမ်းဆီးခဲ့သည်။ တိန်အန်မင်ရင်ပြင်သို့ အလည်အပတ်ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်များ စုဝေးနေသည့်နေရာကို အက်စ်ယူဗွီကားဖြင့် အတင်းမောင်းနှင်ဖြတ်သန်းခဲ့ပြီး ဂိတ်ပေါက်ရှေ့တွင် ရပ်တန့်လိုက်ကာ ယင်းကားကို မီးရှို့ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တရုတ်လူမျိုးတစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်တစ်ဦးသေဆုံးခဲ့ရပြီး ယာဉ်မောင်း၊ ၎င်း၏ဇနီးနှင့် ယောက္ခမတော်စပ်သူတို့မှာလည်း သေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

နိုင်ငံအနောက်မြောက်ပိုင်း ဆင်ကျန်းဒေသ၌ နေထိုင်သော တာ့ခ်ဝေဂါမွတ်စလင်အသိုက်အဝန်းမှ အစွန်းရောက်များက တရုတ်အစိုးရ၏အုပ်စိုးမှုကို ဆန့်ကျင်ပုန်ကန်မှုနှင့် ဆက်နွှယ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြင့် စွဲချက်တင်ခံရသူများကို ဆင်ကျန်းပြည်နယ် မြို့တော်အူရောင်ကီရှိ တရားရုံး၌ ကြားနာစစ်ဆေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ အစိုးရရှေ့နေက ပြောကြားသည်။ ရိုက်တာ။

တခ်ဆင်ရင်ပြင် ဆန့်ကျင်ဆန္ဒပြမှု နှစ်ပတ်လည်နေ့ လူငယ်များမသိကျိုးကျွန်ပြုရန် တူရကီဝန်ကြီးချုပ် တိုက်တွန်း

အစ္စတန်ဘူလ် မေ ၃၁

တူရကီနိုင်ငံတွင် ယမန်နှစ်ကဖြစ်ပွားခဲ့သော တခ်ဆင်ရင်ပြင်ဆန့်ကျင်ဆန္ဒပြမှု နှစ်ပတ်လည်အထိမ်းအမှတ်လှုပ်ရှားမှုများ ပြုလုပ်ရန် လှုံ့ဆော်မှုများကို လူငယ်များကမသိကျိုးကျွန်ပြုကြရန် ဝန်ကြီးချုပ် အာဒိုဂန်ကတိုက်တွန်းပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မေ ၃၁ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆန္ဒပြလှုပ်ရှားကြရန် စီစဉ်ထားခြင်းနှင့် ပတ်သက်၍ တူရကီဝန်ကြီးချုပ်က ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။

ဖြိုခွင်းခဲ့

ထောင်နှင့်ချီသော ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများကို ယင်းရင်ပြင်တွင်ဖြန့်ချထားသည်။ ယမန်နှစ်က အစ္စတန်ဘူလ်မြို့ရှိ ဂီဇီပန်းခြံအား အစားထိုးဆောက်လုပ်ရန်စီစဉ်ခြင်းကို ဆန့်ကျင်ဆန္ဒပြရာမှ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲအသွင်သို့ ပြောင်းလဲသွားခဲ့သည်။ ယင်းဆန္ဒပြပွဲကို ရဲတပ်ဖွဲ့က ပြင်းပြင်းထန်ထန် ဖြိုခွင်းခဲ့သည်။

ယင်းဆူပူအုံကြွမှုတွင် လူအများအပြားသေဆုံးပြီး လူထောင်ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။

ယမန်နှစ်ဒီဇင်ဘာလက မြို့တော်အစ္စတန်ဘူလ်တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲကို ဖြိုခွင်းရာတွင် အသက် ၆၄ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးမှာ မျက်ရည်ယိုဗုံးမီးခိုးများကို ရှူရှိုက်ခဲ့မိရာမှ(ကိုမာ) ခေါ် သတိလစ်မေ့မြောဝေဒနာခံစားခဲ့ရပြီး မေ ၃၀ ရက်တွင် သေဆုံးခဲ့သည်။

ဘီဘီစီ။

မေ ၃၁ ရက် နံနက်က အေးငြိမ်းငြိမ်သက်လျက်ရှိသော တခ်ဆင်ရင်ပြင်ကို တွေ့ရစဉ်။

စီးပွားရေးပြန်လည်တိုးတက်ရေး ထိုင်းအုပ်စိုးသူများကြိုးပမ်း

ဗန်ကောက် မေ ၃၁

နိုင်ငံရေး မငြိမ်မသက်ဖြစ်မှုများကြောင့် တုံ့ဆိုင်းသွားခဲ့ရသော စီးပွားရေးကို ပြန်လည်တိုးတက်လာစေရန် စစ်အုပ်ချုပ်ရေးကောင်စီက ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၁ ရက်တွင်သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှဒေသ၏ ဒုတိယအင်အားအကြီးဆုံး စီးပွားရေးတည်ရှိရာ ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့်နှစ် နှောင်းပိုင်းမှစ၍ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်ခဲ့ရပြီး ပြည်သူတို့၏ သုံးစွဲမှုနှုန်းကျဆင်းခဲ့သည်။ ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာ၏ အစိုးရအဖွဲ့ကို ဖြုတ်ချနိုင်ရန် ရည်ရွယ်လျက် ဘုရင်စနစ်ကိုထောက်ခံသူ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများက ဆန္ဒပြမှုများကို ဆက်တိုက်ပြုလုပ်ခဲ့ရာမှ နိုင်ငံရေး ပဋိပက္ခကြီးထွားလာခဲ့သည်။

အာဏာအလွဲသုံးမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ယင်လပ်ကိုရာထူးမှဖယ်ရှားခဲ့သည့်တိုင် ၎င်း၏အစိုးရအဖွဲ့မှာ ဆက်လက်ရပ်တည်နေဆဲဖြစ်သဖြင့် မေ ၂၂ ရက်တွင် စစ်ဘက်မှအာဏာသိမ်းကာ အစိုးရအဖွဲ့ကို ဖြုတ်ချခဲ့သည်။

ရိုက်တာ။

လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အလက်ပိုမြို့တွင် သေဆုံးခဲ့သမျှ

အလက်ပို မေ ၃၁

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အလက်ပိုမြို့ကို အစိုးရကလေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း သေဆုံးသူဦးရေ ၂၀၀၀ နီးပါးမျှရှိကြောင်း ဆီးရီးယားအရေး လှုပ်ရှားတက်ကြွသည့် အုပ်စုတစ်စုက ပြောကြားသည်။

ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ရာတွင် သေဆုံးသူများအနက် အမျိုးသမီး ၂၈၃ ဦးနှင့် ကလေး ၅၆၇ ဦးပါဝင်သည်ဟု ဖော်ပြသည်။ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်အား ဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်များကိုချေမှုန်းနိုင်ရေး ကြိုးပမ်းမှုအဖြစ် ဆီးရီးယားလေတပ် လေယာဉ်များက စည်ပိုင်းဗုံးဟုခေါ်သည့် ဗုံးအမျိုးအစားတစ်မျိုးကို ကြဲချခဲ့သည်။

အလက်ပိုမြို့သည် သူပုန်များထိုးစစ်ဆင်သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပြင်းထန်သောတိုက်ပွဲများဖြစ်ပွားနေသည့် ဒေသလည်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှ လက်ရှိကာလအထိ ဆီးရီးယား၏ အကြီးဆုံးမြို့ဖြစ်သော အလက်ပိုတွင် ပြည်သူဦးရေ ၁၉၆၃ ဦးသေဆုံးခဲ့သည်ဟု ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။ ဆီးရီးယားအစိုးရက မြေပြင်တပ်ဖွဲ့များနှင့် လေကြောင်းတိုက်ခိုက်မှုများပါပြုလုပ်ပြီး အလက်ပိုမြို့မှ သူပုန်တပ်ဖွဲ့များကို မောင်းနှင်နိုင်ရန် လုပ်ဆောင်နေသည်။ သို့သော် အလက်ပိုမြို့အရှေ့ပိုင်းဒေသအချို့ကို သူပုန်များက ထိန်းချုပ်ထားဆဲဖြစ်သည်။ **ဘီဘီစီ။**

အင်ဒိုနီးရှားနိုင်ငံရှိ ဆန်ဂျန်းအက်ပီမီးတောင် ပေါက်ကွဲမှုကြောင့် ပြာမှုန်တိမ်တိုက်ပေါ် ထွက်လာစဉ်။

မီးတောင်ပြာမှုန် တိမ်တိုက်ကြောင့် ဩစတြေးလျတွင် လေကြောင်းခရီးစဉ်များ ဖျက်သိမ်း

ဒါဝင် မေ ၃၁

အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်တစ်လုံးမှ မှုတ်ထုတ်လိုက်သည့် မီးတောင်ပြာတိမ်တိုက်ကြောင့် ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်မြို့သို့ပျံသန်းမည့် လေကြောင်းခရီးစဉ်များနှင့် ယင်းမြို့မှ ထွက်ခွာမည့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းလိုက်ရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံမှ ဆန်ဂျန်းအက်ပီအမည်ရှိ မီးတောင်သည် မေ ၃၀ ရက်တွင် စတင်ပေါက်ကွဲခဲ့ပြီး မီးတောင်ပြာမှုန်များကို မှုတ်ထုတ်ခဲ့ရာ ယင်းပြာမှုန်များသည် တောင်ဘက်သို့ လွင့်မျောကာ ဩစတြေးလျနိုင်ငံဘက်သို့ ရောက်ရှိသွားခဲ့သည်။

ကွမ်တပ်စ်၊ ဂျက်စတားနှင့် ဗာဂျင်းဩစတြေးလျလေကြောင်းလိုင်းများသည် လေကြောင်းခရီးစဉ်ပျံသန်းမှုအားလုံးကို ရပ်ဆိုင်းလိုက်ရသည်။ ဩစတြေးလျနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီပြည်နယ်အကြား လေကြောင်းပျံသန်းမှုထိခိုက်ခဲ့ရသည်။

လာမည့်နေ့များတွင် အခြားသောလေဆိပ်များတွင်လည်း မီးတောင်ပြာမှုန်များကြောင့် လေကြောင်းခရီးစဉ်များ ထိခိုက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ဘီဘီစီ။**

tm&yfurQu ppfbkdif tDZpf\u,fwif&Sdavm

uEdkif

မဆွတ်ခင်ကပင် ညွတ်ချင်သည့် ပန်းပမာ သူတင်ကိုယ်တင် အနိုင်ကြုရမည့် ရွေးကောက်ပွဲမစတင်မီမှာပင် သေချာပေါက်အနိုင်ရမည့်သူအဖြစ် သတင်းကြီးခဲ့သူမှာ ဗိုလ်ချုပ်ကြီးဟောင်း အဗ္ဗဒူလ်ဖာတား အယ်လ်စီစီဖြစ်သည်။ စီစီသည် အီဂျစ်နိုင်ငံ၌ နှစ်နှစ်တာကာလအတွင်း ဒုတိယအကြိမ်ကျင်းပသည့် ရွေးကောက်ပွဲတွင် ပြည်သူ့အသည်းကြားမှ မဲပြားများကို ဒလဟောရရှိလိုက်ရာ ဒေသဆိုင်ရာနိုင်ငံရေး အခင်းအကျင်းတွင် ဝဇီရာစိန်ကျောက်ပမာ ထိန်တောက်လာတော့မည့် ပုဂ္ဂိုလ်အဖြစ် ရှုမြင်လျက်ရှိကြသည်။

အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များ၏ ဦးစီးချုပ်အဖြစ် တာဝန်ယူခဲ့သည်သာမက ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်အထိ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့သူ စီစီသည် ယခုအခါ အသက် ၆၀ ရှိပြီဖြစ်သည်။

ရွေးချယ်တင်မြှောက်ခံ သမ္မတတစ်ဦးဖြစ်ခဲ့သူ မိုဟာမက်မော်စီနှင့် ၎င်း၏ အစိုးရအဖွဲ့တို့ကို လူထုအုံကြွမှုနှင့်အတူ ဆန္ဒပြမှုများ ပွင့်ထွက်ခဲ့ပြီးနောက် နိုင်ငံရေးလမ်းကြောင်း တစ်ဆစ်ချိုး ပြောင်းလဲခဲ့သည်။

မော်စီအား ဖြုတ်ချခဲ့ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သူမှာ စီစီဖြစ်သည်။

နိုင်းမြစ်အပေါ် အခြေပြုပြီး ဖာရိုဘုရင်အုပ်စိုးခဲ့သည့် ရှေးဟောင်းအင်ပါယာနယ်မြေပေါ်တွင် ၁၉၇၁ ခုနှစ်က အီဂျစ်အာရပ်သမ္မတနိုင်ငံကို ထူထောင်ခဲ့သည်။ အီဂျစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အာရပ်လူဦးရေ အများဆုံးနေထိုင်ရာ နိုင်ငံဖြစ်ပြီး နိုင်ငံသား ၉၀ ရာခိုင်နှုန်းခန့်မှာ အခြေခံအားဖြင့် ဆွန်နီမွတ်စလင်များဖြစ်ကြသည်။

အီဂျစ်နိုင်ငံရှိ အကြီးဆုံးသော အင်အားစုတစ်ရပ်မှာ မွတ်စလင်ညီနောင်များအဖွဲ့ဖြစ်ပြီး ဘာသာရေး၊ နိုင်ငံရေးနှင့် လူမှုရေးလှုပ်ရှားမှုအဖွဲ့အဖြစ် ၁၉၂၈ ခုနှစ်တွင် ထူထောင်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် "အာရပ်နွေဦး"ဟု အမည်ပေးထားသည့် တော်လှန်ရေးအသွင်ဆောင်သော လူထုအုံကြွမှုများ အာရပ်ကမ္ဘာတွင် ပေါ်ပေါက်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံတွင် သမ္မတမူဘာရက်နုတ်ထွက်ပေးခဲ့ရသည်။ ယင်းနောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကောင်စီချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုဟာမက်ဟူစိန်တန်တာဝီက ခေတ္တနိုင်ငံ့အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း စစ်ဘက်က ပါလီမန်ကို ဖျက်သိမ်းလိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ဝင်မှုကို ဆိုင်းငံ့ခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲကို ကျင်းပခဲ့ပြီး ယင်းနှစ် နိုဝင်ဘာလတွင် ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

ယင်းရွေးကောက်ပွဲတွင် မဲပေးသူ အထူးများပြားခဲ့ပြီး ၂၀၁၂ ခုနှစ် ဇွန်လတွင် မိုဟာမက်မော်စီ သမ္မတအဖြစ် စတင်တာဝန်ယူခဲ့သည်။

မော်စီအာဏာရရှိမှုနှင့်အတူ အစ္စလာမ့်စစ်ကျင့်စဉ်များအား ပိုမိုကျင့်သုံးလာမည်ဟု ယုံကြည်ယူဆကြသော လစ်ဘရယ်များနှင့် လောကီဝါဒီအမတ်များက တိုင်းပြုပြည်ပြု လွှတ်တော်မှ ထွက်ခွာသွားခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲပေးမည့် ကော်မတီဖြစ်သော တိုင်းပြုပြည်ပြုလွှတ်တော်၌ အစ္စလာမ့်များ လွှမ်းမိုးထားရာ လစ်ဘရယ်များ၊ လက်ဝဲဝါဒီများနှင့် ဆိုရှယ် ဒီမိုကရက်တစ်ပါတီများက သပိတ်မှောက်ခဲ့ကြပြီးနောက် အီဂျစ်နိုင်ငံတစ်ဝန်း အလုံးအရင်းဖြင့် ဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။

အကျိုးရလဒ်အနေဖြင့် မော်စီအား ထောက်ခံသူများနှင့် ကန့်ကွက်သူများအကြား အကြမ်းဖက်သည့် ပဋိပက္ခပေါ်ပေါက်ခဲ့သည်။ မော်စီ၏ အုပ်စိုးမှုကို ဆန့်ကျင်သည့် အင်အားပြမှုများ ကြီးထွားလာခဲ့ရာ ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် စစ်ဘက်က မော်စီအား ဖြုတ်ချခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် တရားသူကြီး အက်ဒလီမန်ဆောက ခေတ္တသမ္မတအဖြစ် တာဝန်ယူခဲ့ကာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းမှုနှင့်အတူ သုံးနှစ်နီးပါးကြာမျှ မငြိမ်မသက်မှုများ အဆုံးသတ်ခဲ့ကာ နိုင်ငံ တည်ငြိမ်မှု ပြန်လည်ရရှိလာခဲ့သည်။

မေလ နောက်ဆုံး ရက်သတ္တပတ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ ထောက်ခံမဲ တစ်ပုံတစ်ပင်ရရှိကာ စီစီအောင်ပွဲခံသည်။ သို့ရာတွင် မဲပေးသူဦးရေနည်းပါးခဲ့ခြင်းကြောင့် ပြည်သူ့ထောက်ခံမှုအပြည့်အဝမရရှိဟု ဆိုနိုင်သည်။

သုံးရက်ကြာ မဲပေးပွဲတွင် စီစီက ထောက်ခံမဲ ၉၃ ရာခိုင်နှုန်းကျော်ရရှိပြီး ၎င်း၏ပြိုင်ဘက် လက်ဝဲယိမ်းနိုင်ငံရေးသမား ဟမ်ဒင်းဆာဘာဟီက ၃ ရာခိုင်နှုန်းသာရှိသည်။

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်ကသာ လာရောက်မဲပေးခဲ့ကြသဖြင့် ပြည်သူထောက်ခံမှု လျော့ရိလျော့ရဲရှိခဲ့သည်။

စီစီအောင်ပွဲခံမှုကို ဖြစ်ပေါ်စေသော အကြောင်းတရားများအနက် ပထမအကြောင်းတရားမှာ နိုင်ငံတည်ငြိမ် အေးချမ်းမှုကို ဖော်ဆောင်ပေးသည့် ပုဂ္ဂိုလ်အဖြစ် ရှုမြင်ခြင်းဖြစ်သည်။ စစ်ရေးနှင့် ထောက်လှမ်းရေးအတွေ့အကြုံရှိသူဖြစ်သဖြင့် လုံခြုံရေးအတွက် ရတက်အေးလိုသူများက သူ့ကို ကြိုက်နှစ်သက်သည်။

စီစီသည် လက်တွေ့ကျပြီး အပြောနှင့်အလုပ်ကိုက်ညီအောင် ကတိတည်မည့်ပုဂ္ဂိုလ်အဖြစ် ယုံမှတ်ကြခြင်းမှာ လည်း ဒုတိယအကြောင်းတရားဖြစ်သည်။ ယခင်သမ္မတမော်စီမှာမူ ရွေးကောက်ပွဲအကြို ကတိကဝတ်များပေးခဲ့သော်လည်း နိုင်ငံတိုးတက်မှုအတွက် အထင်အရှားပြသနိုင်ခြင်းမရှိဟု ယူဆကြသူများ ရှိနေသည်။

စီစီ၏ပြိုင်ဘက် ဆာဘာဟီက ကိုးရိုးကားရားနိုင်လှသည့် ကတိတစ်ခုဖြင့် လူငယ်များအား မဲဆွယ်ခဲ့ခြင်းမှာ သွက်ချာလည်အမှားဖြစ်ခဲ့သည်။ မိမိရွေးကောက်ခံရလျှင် လူငယ်တစ်ဦးလျှင် အီဂျစ်ပေါင်ငွေ ၁၀၀၀၀ (ဒေါ်လာ ၁၄၀၀) ရပါစေ့မည်ဟု ၎င်းက ဟစ်ကြွေးခဲ့သည်။ အကယ်၍သာ ၎င်း၏ကတိအတိုင်း လူငယ်များအား ဆုငွေပေးရမည်ဆိုလျှင် နိုင်ငံတော်၏ဘဏ္ဍာမှ အီဂျစ်ပေါင်ငွေ ၃၀၀ ဘီလီယံအထိ ကျခံသုံးစွဲရမည်ဖြစ်ရာ ဆန်မရှိဘဲ အစားကြီးသူဖြစ်ပေမည်။

တတိယအကြောင်းတရားအနေဖြင့် စီစီသည် နိုင်ငံအပေါ် သစ္စာစောင့်သိသူအဖြစ် အမျိုးသားရေး စိတ်ဓာတ် ပြန်လည်နိုးထလာသော ပြည်သူအချို့က အထင်ကြီးကြသည်။ ဘာသာရေး အစွန်းသမားများနှင့် သာမန်ပြည်သူများအကြား ကတ္တားခြားပေးနိုင်သော ပုဂ္ဂိုလ် အဖြစ်လည်း ယုံမှတ်ပုံအပ်ကြသည်။

စတုတ္ထအကြောင်းတရားအနေဖြင့်စီစီသည် သွေးအေးအေးဖြင့် စဉ်းစားတတ်ပြီး ဆင်ခြင်တုံတရားရှိသူအဖြစ် ပြည်သူအများအပြားက ရှုမြင်ကြသည်။ စိတ်လှုပ်ရှားမှုဖြင့် ဆုံးဖြတ်တတ်သူ မဟုတ်ပေရာ ၎င်းသည် နိုင်ငံတော်ချောက်ထဲကျမည့် ဆုံးဖြတ်ချက်များကို စမ်းတဝါးဝါးဖြင့် မချတန်ရာဟု စိတ်တိုးတိုး ချကြသည်။

ပဉ္စမမြောက်အကြောင်းတရားမှာမူ စီစီ၏ အောင်မြင်သော ခေါင်းဆောင်မှုဖြစ်သည်။ စစ်ဘက်အကြီးအကဲအဖြစ် ဦးဆောင်မှု အတွေ့အကြုံ အထူးကောင်းမွန်ခဲ့ရာ ပြည်စွန်ရွာနား ပြည်သူများပင်မကျန် ၎င်းကို သိရှိကြသည်။

သန်းပေါင်းများစွာသော ပြည်သူများ၏ ဆန္ဒနှင့်အညီ မော်စီအား နိုင်ငံရေးပလ္လင်ထက်မှ ဆွဲချနိုင်ရန် အချိန်အခါသင့် ကြားဝင်ဖြေရှင်းပေးခဲ့သူအဖြစ် စီစီအား လက်ခုပ်ဩဘာပေးသံများ သောင်းသောင်းညံခဲ့ခြင်းမှာလည်း ရွေးကောက်ပွဲအောင်မြင်မှု၏ ဆဋ္ဌမမြောက်အကြောင်းတရားပင်။

အစွန်းရောက်သူများလက်အောက်မရောက်အောင် ကယ်တင်ပေးခဲ့သူအဖြစ် နာမည်ကောင်းရခဲ့သူ စီစီအား သဘောထားအလယ်အလတ်ရှိသူ မစ္စလင်မွတ်စလင်များက ထောက်ခံကြခြင်းမှာ သတ္တမမြောက် အကြောင်းတရားဖြစ်ခဲ့ပြန်သည်။

အဋ္ဌမမြောက် အကြောင်းတရားကို တူးဆွလေ့လာသော် ကတိအလီလီပေးပြီး မဲဆွယ်ရန် ကြိုးပမ်းမှု မရှိသော စီစီအား တွေ့ရှိရသည်။

"ဇွန် ၃၀ တော်လှန်ရေး" (၂၀၁၃) ဟု သမိုင်းဆရာများ ခေါ်ဝေါ်သော လူထုဆန္ဒပြမှုများနှင့်အညီ မော်စီကို ဖြုတ်ချခဲ့သည့် စစ်အာဏာသိမ်းပွဲအပြီး အမေရိကန်အစိုးရနှင့် ဖြစ်ပွားသော ပဋိပက္ခအား စီစီကိုင်တွယ်ဖြေရှင်းပုံကို ထောမနာပြုကြရပြီး ပြည်သူများ နှစ်သက်စေသော နဝမမြောက်အကြောင်းတရားဖြစ်သည်။

စူးအက်တူးမြောင်းကို ထိန်းချုပ်သော အီဂျစ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုအတွက် အမေရိကန်နှင့် ပလဲနံပသင့်ရမည်ပင်။

ခေတ်သစ်အီဂျစ်နိုင်ငံထူထောင်သူ မိုဟာမက်အလီပါရှားကို စီစီနှင့် ခိုင်းနှိုင်းရှုမြင်ကြသူများ ရှိနေခြင်းမှာ ဒသမမြောက် အကြောင်းတရားဖြစ်သည်။ မိုဟာမက်အလီ(၁၇၆၉-၁၈၄၉)သည် အော်တိုမန်တာ့ခ် စစ်ဘုရင်တစ်ပါးအဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

နိုင်ငံရေးပသာဒရုပ်ပုံလွှာ လှပပြေပြစ်နေသည့် စီစီသည် သုံးနှစ်အတွင်း သမ္မတနှစ်ဦးကို ဖြုတ်ချစေနိုင်ခဲ့သော ဆန္ဒပြမှုများနှင့်အတူ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးလှိုင်းတံပိုးများကို ငြိမ်သက်စေကာ အီဂျစ်နိုင်ငံကို ဦးဆောင်ရန် ဟန်ပြင်နေလေပြီ။ စီစီသည် အာရပ်ကမ္ဘာကို ကယ်တင်နိုင်မည်လောဟု ကမ္ဘာက စောင့်ကြည့်နေပေလိမ့်မည်။ ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လူသားတို့၏ ရန်သူ

ခင်မောင်အေး(မန္တလေး)

စနေနေ့ ည ၉ နာရီ။

မြို့တော်ရန်ကုန်၏ အလယ်တစ်နေရာ၊ ပေငါးဆယ်တစ်ဝိုက်ဖြစ်သည်။ နောက်ဖေးလမ်းကြားများတွင် အလင်းရောင်ကင်းမဲ့နေသဖြင့် မှောင်မိုက်လျက်ရှိ၏။ လသာလမ်း၊ (၁၉)လမ်းနှင့် လမ်း(၂၀) ဘက်မှာဆိုလျှင် မီးရောင်တွေ ထိန်ထိန်လင်းလျက်ရှိနေသည်။ စားသောက်ဆိုင်တွေ၊ ပျံကျဈေးသည်တွေနှင့်စည်ကားနေသည်။ လေသင့်သည့်အခါ လူသံသူသံတွေကို သဲ့သဲ့မျှတစ်ချက်တစ်ချက်ကြားရသည်။ ဗိုလ်ရွဲအထက်လမ်းသည် နေ့ပိုင်းတွင် မော်တော်ယာဉ်၏ လျှပ်စစ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းအမျိုးမျိုးကို ပြုပြင်သည်ဖြစ်၍ ခြေချစရာနေရာပင်မရှိလောက်အောင်ပင် မော်တော်ယာဉ်တွေကလည်း ပိတ်နေပြီး ရံဖန်ရံခါ ယာဉ်ကြောက သုံးထပ်မျှဖြစ်သွားတတ်သည်။ လမ်းထိပ်မှာ အဖြူခံတွင် အနီရောင်စာလုံးများဖြင့် "ပြင်ပကားများ ရပ်တန့်ပြင်ဆင်ခြင်း ခွင့်မပြု"၊ "ဟွန်းပြင်၊ ကားပြင်ခွင့်မပြု၊ ဆူညံသံများမလုပ်ရ"၊ "ကားကြီးများ ကုန်တင်ကုန်ချပြီးမှ ထွက်ပါ"ဟူသည့် ဆိုင်းဘုတ်တွေ တစ်သီကြီး ထောင်ထားကြသည်။

ဗိုလ်ရွဲလမ်း အောက်လမ်းကမူ ပွဲရုံလုပ်ငန်းလုပ်ကိုင်သော လမ်းဖြစ်သည်။ တိရစ္ဆာန်အစားအစာများ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ငရုတ်သီး၊ ကြက်သွန်၊ ပဲအမျိုးမျိုး လက်ကားရောင်းဝယ်သော ပွဲရုံတွေက လမ်းတစ်ဖက်မှာ နေရာယူထားကြသည်။ လူနေတိုက်ခန်းက နည်းနည်း၊ ပွဲရုံတွေကသာ များသည်။ ကုန်တင်ယာဉ်ကြီးများ တစ်နေကုန် အဆက်မပြတ်ဝင်ထွက်ကာ ကုန်တင်ကုန်ချပြုလုပ်ကြသည်။ နံနက်အရုဏ်မတက်မီကပင် ယင်းကုန်တင်ယာဉ်ကြီးများ ထွက်ဝင်လှုပ်ရှား ဆူညံနေကြသည်မှာ ညနေနေဝင်တော့မှပင် တိတ်ဆိတ်သွားတော့သည်။ ညပိုင်း ၈ နာရီဆိုလျှင် တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်သက်အိပ်စက်သွားကြပြီ။

ကျွန်တော်တို့ဇနီးမောင်နှံ အိပ်စက်နေသော အခန်းတံခါးကို ခပ်တိုးတိုးပုတ်၍ နှိုးလိုက်သည့်အသံကို ရုတ်တရက် ကြားလိုက်ရသည်။ တစ်နေ့တာလုံး လုပ်ငန်းခွင်မှာ စိတ်မောကိုယ်မောဖြစ်လျက် ညအိပ်ရာဝင်ချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူနေခိုက်မှာ။

"ဘဘ. . ဘဘ. . . ထ. ထပါဦး"

တံခါးကို ကျွန်တော်ထဖွင့်လိုက်သည့်အခိုက် နိုင်ထွန်းကို တံခါးဝတွင် မြင်လိုက်ရ၏။

"နောက်ဖေးလမ်းကြားဘက်က တရှပ်ရှပ်နဲ့ ခြေသံတွေကြားနေရလို့ပါ ဘဘ၊ ကျွန်တော်အပေါ့သွားမလို့ နောက်ဖေးခန်းလည်းရောက်ရော ကြားလိုက်ရတာ။

နိုင်ထွန်းသည် ကျွန်တော့် တူကလေးဖြစ်သည်။ တိုက်ကြီးမှာ နေသည်။ ကျောင်းပိတ်ရက်မှာ ကျွန်တော့်ထံလာရောက်လည်ခြင်းဖြစ်ပါသည်။ ဒီကလေးက အိမ်ရှေ့ခန်းတွင် အိပ်သည်။ ကျွန်တော့အိမ်ခန်းက မြေညီထပ် ဖြစ်သောကြောင့် နောက်ဖေးခန်းသို့ ထအသွားတွင် ခြေသံကြားရသဖြင့် ကျွန်တော့်ကိုလာရောက်နှိုးခြင်းဖြစ်ပါသည်။ ကျွန်တော်က တုတ်မီးကိုယူလျက် နိုင်ထွန်းနှင့်အတူ နောက်ဖေးခန်းသို့လိုက်ပါသွား၏။

"လာ သား။ မင်းနဲ့ငါသွားကြည့်ရအောင်"။ ထိုအချိန်တွင် အိပ်ရာမှ နိုးလာသော အိမ်ရှင်မကလည်း အိပ်ရာခေါင်းရင်းတွင် ထောင်ထားသော ဝီလ်ဆင်ဂေါက်ရိုက်တုတ် နံပါတ် (၅) ကိုယူလာသည်။ ဒီတုတ်ကို အသုံးမပြုနိုင်တော့သည်မှာ အတော်ပင်ကြာနေပါပြီ။ အရေးဟဲ့ အကြောင်းဟဲ့ဆိုလျှင် သုံးရအောင် ခေါင်းရင်းမှာ ထောင်ထားခြင်းဖြစ်၏။ နောက်ဖေးတံခါးကိုအသံမမြည်အောင် ခပ်ဖြည်းဖြည်းကြိတ်၍ ဖွင့်လျက်ထွက်လာကြ၏။ ကျွန်တော်၏ကလေးတွေ အိမ်အပေါ်ထပ်ခိုးတွင် အိပ်ပျော်လျက်ရှိကြသည်။ တစ်အိမ်လုံးတိတ်ဆိတ်လျက်ရှိသဖြင့် ဇနီးသည်နှင့်နိုင်ထွန်းတို့၏ အသက်ရှူသံကိုပင် ကြားနေရသည်။ တချီးချီးတချောက်ချောက်နှင့် လှုပ်ရှားပြေးလွှားသံတွေကို နားတွင်းမှာကြားလိုက်ရ၏။ တိတ်ဆိတ်နေသော အချိန်မျိုးမို့ ခြေသံများကချောက်ချားဖွယ်ရာဖြစ်သည်။ လူနှစ်ဦးထက်မနည်း လှုပ်ရှားနေသလိုနှယ်ဖြစ်၏။ ဇနီးသည်က ကျွန်တော့်အား ဂေါက်ရိုက်တုတ်ကို လှမ်းပေးသည်။ တံခါးကို ဖြည်းဖြည်းတွန်း၍ ဖွင့်ကြည့်လိုက်ပြီး တုတ်မီးနှင့် ထိုးကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် နောက်ဖေးလမ်းကြားအတွင်း ဝင်းထိန်တောက်ပသွားသည်။

ထိုအခိုက် မြောက်မြားလှစွာသော မျက်လုံးစိမ်းများ ရှတ်ရှတ်သဲသဲ လှုပ်ရှား သွားကြသည်။ ဇနီးသည်၏နှုတ်မှ "ဟင်" ခနဲအသံပေါ်ထွက်လာသည်။ နိုင်ထွန်းက "ဟိုက်"ခနဲအော်လိုက်သည်။ ကျွန်တော်ပင်လျှင် "ဟာ"ခနဲ ယောင်အော်လိုက်မိတော့မတတ်ဖြစ်သွားရ၏။ ဖြာဝေနေသည့် တုတ်မီးအလင်းရောင်အောက်မှာတွေ့လိုက်ရသော မြင်ကွင်းက မယုံနိုင်ဖွယ်ကောင်းလောက်အောင် ဖြစ်ပါသည်။ မြင်ကွင်းကား နောက်ဖေးလမ်းကြားအတွင်း ဟိုန်းထနေသော အမှိုက်ပုံတွေ နံဘေးမှာ ရာဂဏန်းထက်ပင်များပြားလှသည့် လှုပ်ရှားပြေးလွှား နေသော မြေကြွက်ကြီးများဖြစ်သည်။

အဖျက်သတ္တဝါများအနက် လူသားတွေအား အန္တရာယ်အပေးနိုင်ဆုံးသော ရန်သူ။ ကြွက်နှင့်လူ ရန်သူအလားဖြစ်ပွားခဲ့ရသည်မှာ လွန်လေပြီးသောနှစ်ပေါင်း ၅၀၀၀ ခန့်မှစတင်ခဲ့ပါသည်။ လူတို့စိုက်ပျိုးထားသော သီးနှံများကို စတင်စိုက်ပျိုးသိုလှောင်ခဲ့စဉ်အခါကပင်ဖြစ်သည်။ ၎င်းကြွက်သတ္တဝါအမျိုးပေါင်း တစ်ဒါဇင်ထက်မက ရှိသည်။ ယင်းတို့အနက်လူသိများသော ကြွက်မျိုးသည် ကြွက်နက်ဟုခေါ်သော သဘော်ကြွက်ဖြစ်၏။ ခန္ဓာကိုယ်အလျား ခြောက်လက်မခွဲခန့်၊ အမြီးအရှည် ခုနစ်လက်မခွဲခန့်ရှိသည်။ သင်္ဘောဆိပ်၊ ကုန်လှောင်ရုံများနှင့် သင်္ဘောများပေါ်တွင် နေထိုင်ကျက်စားသည်။ နောက်တစ်မျိုးကား ကြွက်ညိုခေါ် မြေကြွက်ကြီးများဖြစ်သည်။ ခန္ဓာကိုယ်အလျား ကိုးလက်မခွဲခန့်၊ အမြီး ရှစ်လက်မခန့်ရှိပါသည်။ သာမန်ကြွက်ထက်ပို၍ကြီးသည်။ ကြမ်းတမ်းရိုင်းစိုင်းပြီး လျင်သည်။ နို့တိုက်သတ္တဝါများအနက် လူတို့အား အန္တရာယ်အပေးဆုံးပင်။

ကြွက်ပေါက်စလေးများ၊ ဘဲပေါက်စလေးများကို သတ်ဖြတ်စားသောက်သည်။ ခွေး၊ ကြောင်နှင့်လူများကိုပင်လျှင် ရံဖန်ရံခါ ပြန်လှန်တိုက်ခိုက်ရန်မူတတ်သည်။ နောက်အခြားတစ်မျိုးကား အိမ်ကြွက်ဖြစ်၏။ အိမ်တွင်း ရန်သူဟု သမုတ်ရချိမ့်မည်။ အလျား လေးလက်မခန့်၊ အမြီးအရှည်လေးလက်မခွဲခန့်ရှိသည်။ စပါးကျီနှင့် ကောက်ရိုးပုံများ၊ နွားတင်းကုပ်များတွင် နေထိုင်ကျက်စားသည်။ နွေလိုပူပြင်းသောကာလများတွင် လယ်ကွင်း၊ ယာတောများဆီထိ ခြေဆန့်ကျက်စားတတ်သည်။ အိမ်ကြွက်များနှင့် သဏ္ဌာန်တူသော ကြွက်ဖြူများကို လူအများက အလှမွေးမြူတတ်ကြပါသည်။ ကြွက်သည်နို့တိုက်သတ္တဝါများဖြစ်သည်။ ၎င်းတို့ အသက်ရှင်နေထိုင်ရေးအတွက် လူတို့၏ စားနပ်ရိက္ခာအပေါ်တွင် မှီခိုနေထိုင်ရပါသည်။ ကြွက်များပေါက်ပွားတိုးပွားလာနေခြင်းကား ကြောက်ခမန်းလိလိဖြစ်သည်။

လွန်လေပြီးသော နှစ်ပေါင်းသုံးထောင်ခန့်က အီဂျစ်ပြည်တွင် ဂျုံစပါး အမြောက်အမြားကို လုံခြုံအောင် ကျကျနနသိုမှီးထားခဲ့သည်။ ရာသီဥတု ဖောက်ပြန်၍ အစာရေစာရှားပါးချိန်တွင် ပြည်သူများစားသုံးရန်ဖြစ်သည်။ ပိုလျှံပါကလည်း ရောင်းဝယ်ဖောက်ကားရန်ဖြစ်၏။ ယင်းသို့သိုမှီးထားရာတွင် ကြွက်အန္တရာယ်မှ ကာကွယ်ရန်အလို့ငှာ ကြောင်များကိုစပါးကျီများတွင် မွေးမြူထားခဲ့ကြသည်။ ထိုအချိန်အခါက အီဂျစ်တို့သည် ကြောင်များကို အိမ်မွေးတိရစ္ဆာန်အဖြစ်သာမက အမြတ်တနိုးထားလျက် ကိုးကွယ်ခဲ့ကြသည်။ ကြောင်များသေဆုံးလျှင် လူသေဆုံးသကဲ့သို့ပင် အလေးအနက်ထားကာ လုပ်ဆောင်ပေးကြသည်။ အီဂျစ်တို့၏ ပိရမစ်များအတွင်းရှိ အီဂျစ်ဘုရင်တို့၏ သင်္ချိုင်းဂူများတွင်ပင်လျှင် ကြောင်ရုပ်များကို တူးဖော်တွေ့ရှိရသည်။

ယခုထက်တိုင်အောင် ကမ္ဘာပေါ်တွင် လယ်တောများ၊ စပါးကျီများ၊ ယာတဲများနှင့်လူနေအိမ်များတွင် ကြောင်များကို အိမ်မွေးသတ္တဝါအပြင် ကြွက်ရန်မှ ကာကွယ်ရန် မွေးမြူထားကြပါသည်။ ကြောင်များကလည်း သူတို့၏ အစာဖြစ်သည့်ကြွက်များကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ နှိမ်နင်းကာကွယ်ပေးလျက်ရှိပေသည်။ ကြွက်ကိုသိပ္ပံပညာရပ်ထွန်းကားလာသည်နှင့်အမျှ သုတ်သင်ချေမှုန်းရေးနည်းလမ်းအသွယ်သွယ်ဖြင့် သုတ်သင်နေလေသည်။ အဆိပ်ဆေးအမျိုးမျိုးသုံး၍လည်းကောင်း၊ အဆိပ်ငွေ့များကို ကြွက်တွင်းအတွင်းမှုတ်သွင်း၍လည်းကောင်း သုတ်သင်နှိမ်နင်းလျက် ရှိပါသည်။ ကြွက်နှင့်လူအကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲကမည်သည့်အခါတိုင်မျှ ပြီးဆုံးနိုင်ဖွယ်မမြင်။ လူသားတို့ဘက်ကလည်း အနိုင်ရနိုင်မည်မထင်ပေ။ ဘာကြောင့်ဆို ကြွက်များအတွက် ထွက်ပေါက်ကအစဉ်သဖြင့်ရှိနေ၍ဖြစ်၏။ ကြွက်ပေါက်ပွားသည့်နှုန်းတွင် ကြွက်တစ်ကောင်သည် ရက်သတ္တတစ်ပတ်မှ ၁၂ ပတ်အတွင်း အရွယ်ရောက်ကာ ကြွက်မတစ်ကောင်မှ တစ်နှစ်အတွင်း ကြွက်ကောင်ရေသုံးဆယ်မှ လေးဆယ်အထိ တိုးပွားလာ၍ အသေအပျောက်မရှိခဲ့ပါမူ အဆင့်ဆင့်ပေါက်ပွားလာခဲ့ပြီး နှစ်နှစ်အတွင်း ကြွက်တစ်စုံမှ ကြွက်ကောင်ရေ တစ်သန်းတိုးပွားလာနိုင်သည်ဟု သုတေသီများက တွက်ချက်ထားကြသည်။

ကြွက်က လူတို့၏စားနပ်ရိက္ခာကို ဖျက်ဆီးရုံသာမဟုတ်မူဘဲ ကြောက်မက်ဖွယ်ရာ ရောဂါများကိုလည်း ဖြစ်ပွားပေါ်ပေါက်လာစေသည်။ ပုလိပ်ရောဂါသည် ကြွက်ကြောင့်ဖြစ်သော ရောဂါဆိုးဖြစ်သည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်သည်။ နောက်တစ်မျိုးကား ဝိုင်းရောဂါခေါ် လက်တိုစပိုင်ရိုးဆစ်ရောဂါဖြစ်သည်။ ကျောက်ကပ်ရောင်ရမ်းနာကျင်သောရောဂါဖြစ်ပေသည်။ သည်မျှအန္တရာယ်ကြီးသော သတ္တဝါ၏စွမ်းဆောင်မှုကား အံ့မခန်းပင်။ အစာမစားရေမသောက်ဘဲ ခုနစ်ရက်နေနိုင်သည်။ ရေကူးကျွမ်းကျင်ပြီး ကြီးတန်းလျှောက်နိုင်သည်။ မည်မျှမာသောပျဉ်ချပ်ကိုမဆို ကိုက်ဖြတ်ပစ်နိုင်သည်။ လျင်လိုက်သမှ လှစ်ခနဲလှစ်ခနဲနေအောင်မြန်ဆန်သည်။ ထောင်ချောက်ဖြင့်ထောင်၍ တစ်ကြိမ် အမိခံထားပြီးက နောက်ထပ်မလာတော့။ သံညှပ်ဖြင့်ထောင်ထားပြီး တစ်ကောင်မိထားခဲ့ပြီးလည်း ထပ်မံလာရောက်ခြင်းမရှိတော့။

ကြွက်၏သွားများသည် အစာကိုကြိတ်ဝါးရန်အံသွားများအပြင် ကိုက်ဖောက်ထွင်းဖြတ်၍ ရသည့်အစွယ်နှင့်တူသော အံသွားများလည်းပါရှိသဖြင့် တော်တော်တန်တန်ကာကွယ်ထားရုံနှင့် မလုံလောက်ပေ။ ယခုလိုအန္တရာယ်ပေးသော သတ္တဝါကို လူတို့၏ပြိုင်ဘက်ရန်သူအလား သဘောထားပြီး ချေမှုန်းသုတ်သင်ပစ်ရန် အရေးကြီးလှပေသည်။ သို့ဖြစ်သောကြောင့် ကြွက်သုတ်သင်ရေးကို အစိုးရနှင့်ပြည်သူအတူတကွ အလေးအနက်ထားလျက် စိတ်ပါဝင်စားစွာ တညွတ်တည်းတစ်ချိန်တည်းဆောင်ရွက်သွားကြမည်ဆိုပါမူ ကြွက်မျိုးပြုန်းမသွားနိုင်သည့်တိုင် ကြွက်တိုးပွားနှုန်း လျော့ပါးလျက် ပျံ့နှံ့မှုကို တစ်စုံတစ်ရာသော အရေအတွက်အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ကန့်သတ်သွားနိုင်သည်မှာ အသေအချာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၃၁

ပြည်သူလူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများ အဆင်ပြေစွာအသုံးပြုကုသနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး အလှူရှင်များက ရုံးသုံးပစ္စည်းများလှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က လက်ခံရယူသည်။**(အပေါ်ပုံ)**

အဆိုပါ လှူဒါန်းပွဲတွင် ဆေးရုံသုံးပစ္စည်းများဖြစ်သည့် လော်ကာ၊ စတီးအမှိုက်ပုံး၊ လေးခုံတွဲခုံတန်းရှည်၊ ဆားဗစ်လှည်း၊ စတီးဆေးသွင်းတိုင်၊ ပစ္စည်းတင်လှည်း၊ အောက်ဆီဂျင်စလင်ဒါများဖြစ်ကြပြီး လှူဒါန်းငွေစုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၀၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၁

သုတေသနတွေ့ရှိချက်များအရ ဆေးလိပ်ဆေးရွက်ကြီး အခွန်တိုးမြှင့်ခြင်းသည် ပြည်သူများအကြား ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှု လျော့ကျစေရန်နှင့် လူငယ်များ ဆေးလိပ်ဆေးရွက်ကြီးကို စတင်စမ်းသပ်သောက်သုံးခြင်း မပြုမိအောင် ကာကွယ်သည့်နေရာတွင် အထူးထိရောက်ကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ပြည်သူအများခံစားရသည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာပြဿနာများကို လျှော့ချနိုင်မည်ဖြစ်ပြီး တစ်ဖက်မှလည်း နိုင်ငံဝင်ငွေတိုးလာသဖြင့် နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာအသုံးစရိတ်များကို တိုးမြှင့်အသုံးပြုလာနိုင်မည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများနည်းတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချမှတ်ပေးထားသော နည်းဗျူဟာများအတိုင်း ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော “ပြည်သူအများ ကျန်းမာဖို့ ဆေးလိပ်ဆေးရွက်ကြီး အခွန်မြှင့်တင်လို့ သုံးစွဲမှုကိုလျှော့ချစို့” ဆိုသည့်အတိုင်း ဆေးလိပ်ဆေးရွက်ကြီးအခွန်မြှင့်တင်ကောက်ခံခြင်းသည် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်ကို မီးမောင်းထိုးပြလိုပါကြောင်း။

ယခင်က အခွန်တိုးမြှင့်ကောက်ခံမှုသည် နိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးအမြင်အရသာ ကောက်ခံခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးအမြင်အရ မဟုတ်ခဲ့ကြောင်း၊ နောင်တွင် အခြားနိုင်ငံများနည်းတူ ဆေးလိပ်ဆေးရွက်ကြီး ထွက်ပစ္စည်းများအား အခွန်ကောက်ခံရရှိငွေများကို ကျန်းမာရေးအသုံးစရိတ်များအတွက် သုံးစွဲမှုများရှိလာအောင် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရေးယူဆောင်ရွက်မှုအပိုင်းတွင် ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်မှာ (၈)နှစ်ကျော်လာပြီဖြစ်သော်လည်း အပြစ်ပေးအရေးယူမှုအားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ အရေးယူမှုများကိုလည်း ပြည်တွင်းထုတ်ကုန်၊ ပြည်ပပို့ကုန် မခွဲခြားဘဲ တစ်ပြေးညီဆောင်ရွက်ရန်လိုကြောင်း၊ ပညာပေးလုပ်ငန်းများကို နှီးနွှယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလအတော်ကြာပြီဖြစ်ကြောင်း၊ ဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာများ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူများကပါ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Krongthong Thimasam က ဖတ်ကြားသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ခရီးသည်များ၏ ဘေးကင်းလုံခြုံရေးသည် ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်းတို့၏ ကျွမ်းကျင်မှုအပေါ်မူတည်

နေပြည်တော် မေ ၃၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၃၀ ရက် မွန်းလွဲပိုင်းက ဆတ်သွားဘူတာ၊ ပြည်ဘူတာများသို့ ရောက်ရှိပြီး ခရီးသည်များ ခရီးသွားလာနေမှုအခြေအနေ၊ လက်မှတ်များ ရောင်းချဝယ်ယူနေမှုအခြေအနေ၊ ဝန်ဆောင်မှုပေးနေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များ၊ အကြံပြုလိုသည်များ မေးမြန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့ရှိ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲများသို့ သွားရောက်၍ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား စစ်ဆေးကြည့်ရှုခဲ့ပြီး ငွေကောက်ခံရသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်နှုန်းထားများအတိုင်း တိကျစွာ ကောက်ခံရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဝန်ထမ်းများအား မှာကြားရာတွင် ယာဉ်များကို စစ်ဆေးကြပ်မတ်၊ ညွှန်ကြားရမည်မှာ မိမိဝန်ကြီးဌာန၏ အဓိကအလုပ်တာဝန်ဖြစ်ကြောင်း၊ ဂိတ်စထွက်မည့် ယာဉ်များတွင် ယာဉ်ကြံ့ခိုင်မှုအပြင် လုပ်ငန်းလိုင်စင်များ၊ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ ပြည့်စုံမှန်ကန်မှု ရှိမရှိ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး၊ အရေးပေါ်လက်သုံးကိရိယာများ ရှိ၊ မရှိ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ပြည့်စုံမှု ရှိမရှိ စစ်ဆေးခြင်းများ ပြုကြရမည်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရီးသည်များအန္တရာယ်ဘေးကင်းလုံခြုံရေးကို ရှေးရှု၍ သတ်မှတ်စံနှုန်းများအတိုင်း တိကျစွာစစ်ဆေးကြပ်မတ်ရန် မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၁

၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥပဒေကြမ်းနှစ်ရပ် ဆွေးနွေးအတည်ပြု

နေပြည်တော် မေ ၃၁

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွှန့်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်များ တက်ရောက်ကြပြီး ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးတို့က လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းပါ ကွဲလွဲချက်သုံးချက်နှင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ သဘောကွဲလွဲချက်ငါးချက်တို့ကို ညှိနှိုင်းဆုံးဖြတ်ရန် ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများက အကြံပြုဆုံးဖြတ်ကြ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုက္ကိုင်းရေကူးအသင်း ဒုတိယအကြိမ်သင်တန်းဆင်း

ရန်ကုန် မေ ၃၁

ကုက္ကိုင်းရေကူးအသင်း၏ ဒုတိယအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါရေကူးကန်၌ ကျင်းပသည်။

အခမ်းအနားတွင် ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာထွန်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးချိုမောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဒေါက်တာထွန်းလွင်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အတွင်းရေးမှူး ဦးချိုမောင်က သင်တန်းဆရာများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ကုက္ကိုင်းရေကူးအသင်း၏ ပထမအကြိမ် သင်တန်းသို့ ၃၉၈ ဦး၊ ဒုတိယအကြိမ် သင်တန်းသို့ ၃၀၇ ဦး စုစုပေါင်း ၇၀၅ ဦးတက်ရောက်ခဲ့သည်။

(ဖိုးသော်ဇင်)

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ မန္တလေးတိုင်းဒေသကြီး ဒေသခံပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် မေ ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဆပ်ကော်မတီဝင်များ၊ မြို့မိမြို့ဖ/မြို့နယ်အထောက်အကူပြုလုပ်ငန်း ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးရာ ဒုတိယဝန်ကြီးက နိုင်ငံတော်မှ Delivery Unit များ တာဝန်ပေးအပ်ပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထား၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပေးဆွေးနွေးမှုများ၊ ဝိုင်းဝန်းတင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ရန်ရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် အခြားဝန်ကြီးဌာနများနှင့် အပြန်အလှန်ဆွေးနွေးရန်ရှိပါက ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် မိမိတို့ဆန္ဒ/လိုအပ်ချက်/ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခြင်းဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဆပ်ကော်မတီအဖွဲ့ဝင်များမှ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သတ္တုတွင်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍ၊ စွမ်းအင်သယံဇာတထုတ်လုပ်ရေးဆိုင်ရာများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြဆွေးနွေးပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြသော မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) ရောင်းချဖြန့်ဖြူးရေးဆိုင်ရာကိစ္စများနှင့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးဖြေရှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်(မြောက်ပိုင်း)၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်(မြောက်ပိုင်း)ရပ်ကွက်၌ မေ ၂၆ ရက် နံနက် ၈ နာရီခန့်တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဦးဖိုးသင်းလမ်းအား ရေမြောင်းဖော်ခြင်း၊ ရေမြောင်းများအတွင်းမှ နုန်း၊ အမှိုက်၊ မြက်များရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်ထွေးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇင်ငြိမ်း(မင်္ဂလာဒုံ)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မုံရွာခရိုင် ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်မြှင့်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် နှစ်ဆောင် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် တွန်းလှည်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဘင်ရော၊ ပန်းဖွားနှင့် အကာအရံဝင်များ အတွက် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီး ချုပ်က ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူ ကြပြီး ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ကြ သူများအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ကျောင်း ဆောင်သစ်များ၏ ဆိုင်းဘုတ်ကို ဖွင့်လှစ် ပေးပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ကံကုန်းကျေးရွာ သောက်သုံးရေရရှိမှုဖွင့်ပွဲ အခမ်းအနားသို့ ဆက်လက်တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးလွင်က ကံကုန်းကျေးရွာ သောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့ မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ တာဝန်ရှိသူတစ်ဦးက ကျေးရွာရေရရှိရေး အတွက် လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် တို့က ရေဂိတ်ဘားများကို ဖွင့်လှစ်ပေးကြပြီး သောက်သုံး ရေ စတင်ဖြန့်ဝေပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် ပြောက်ပင်ကြီး လျှပ်စစ်မီးရရှိရေးဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်ကြရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေက ပြောက်ပင်ကြီး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ကံကုန်းကျေးရွာ သောက်သုံးရေရရှိမှုပွဲ အခမ်းအနားသို့ ဆက်လက်တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးလွင်က ကံကုန်းကျေးရွာ သောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့ မှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် တို့က ရေဂိတ်ဘားများကို ဖွင့်လှစ်ပေးကြပြီး သောက်သုံး ရေ စတင်ဖြန့်ဝေပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ

သည် ပြောက်ပင်ကြီး လျှပ်စစ်မီးရရှိရေးဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်ကြရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေက ပြောက်ပင်ကြီး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြ ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ကံကုန်းကျေးရွာ ဆေးပေးခန်းသို့ သွားရောက်ပြီး ဆေးရုံအတွက် လိုအပ်မည့် ဆရာဝန်/သူနာပြုများ၊ ဆေးရုံ ဝန်ထမ်းများခန့်ထားနိုင်ရေးနှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၆) ချည်ထည်စက်ရုံ ဒေသခံပြည်သူများ၊ CSD များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယနေ့တွင် ကံကုန်းကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ပြောက်ပင် ကြီးလျှပ်စစ်မီးရရှိရေးလုပ်ငန်း အဆင့်မြှင့်တင်မှုများကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ပညာရေးလုပ်ငန်း စိုက်ပျိုး ရေးဆိုင်ရာကိစ္စရပ်များအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ လက်ဝဲတောင်းတောင်းဒေသသည် တိုင်းပြည် အတွက် အချက်အချာကျသည့်နေရာတွင်ရှိနေပြီး တိုင်း ပြည့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်လုပ်ငန်းများ ရှိနေသည်ကို ယခုတက်ရောက်လာသည့် ကိုယ်စားလှယ် များပေးသည့် သိရှိကြပြီးဖြစ်ပါကြောင်း။

မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့သာမက တိုင်း ဒေသကြီးအစိုးရအဖွဲ့ကပါ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက် ရှိရာ ဒေသခံညီအစ်ကိုမောင်နှမများ၏ ဆင်းရဲမှုလျှော့ချ ရေးသည် အဓိကရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်ရန်အတွက် အစိုးရတစ်ဦးတည်းက လုပ်ဆောင် ၍ မရနိုင်ကြောင်း၊ ပြည်သူဗဟိုပြု ဆောင်ရွက်နေသည် ဖြစ်၍ ပြည်သူလူထုအားလုံး ပါဝင်လက်တွဲဆောင်ရွက်သွား ရန် လိုပါကြောင်း၊ ပိုမိုကောင်းမွန်တိုးတက်သည့် အုပ်ချုပ် မှုစနစ်ဖြစ်ပေါ်လာစေရန် မြို့နယ်/ရပ်ကွက်နှင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများကို ဒေသခံပြည်သူများ ပါဝင်လျက် ဖွဲ့စည်းပေးထားပြီး ဒေသခံ ပြည်သူများ၏ ဆန္ဒသဘောထားများနှင့်အညီ ပွင့်လင်းမြင် သာစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီမံကိန်းလုပ်ငန်းကြီးများ၏ လူမှုရေးတာဝန်ယူမှု (CSR) ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသတွင်း သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက် သွယ်မှုကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေး စသည့် ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက် ပေးလျက်ရှိကြောင်း။

ဒေသခံများက ရွေးချယ်ထားသည့် CSR ကိုယ်စား လှယ်များက စီမံကိန်းနယ်မြေရှိ ဆက်စပ်ဌာနများ၊ JMC (Joint Management Committee) များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းကို အမြန်အကောင်အထည်ဖော်နိုင်ပါက မြန်မာ့ဖွံ့ဖြိုးတိုး တက်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူဘက်မှ ဒေသအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် အခက်အခဲ များကို စိစစ်ဖြေရှင်းပေးရန် လိုအပ်ကြောင်းနှင့် ဆောင်ရွက် သွား ကြရန်လိုကြောင်း၊ ညီညွတ်မှုအားကောင်းမှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အပြန်အလှန် နားလည်မှုဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသအကျိုး စီးပွားအတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းဒေသကြီးအစိုးရ၏ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေကြေးအကုန်အကျခံသုံးစွဲ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် အကောင်အထည်ဖော်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက် နေသည့်လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် CSR ကိုယ်စားလှယ်များ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

✻ နှစ်နိုင်ငံအကြားမှ

ဖြစ်စဉ်အမှန်မှာ မေ ၂၈ ရက် ပစ်ခတ်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ လက်နက် ကိုင်ဆောင်ထားသော မသင်္ကာဖွယ်ရာ ဘင်္ဂါလီနှစ်ဦး မြန်မာပိုင်နက်တွင်းသို့ ပေ ၈၀ ခန့် ကျူးကျော်ဝင်ရောက်လာသဖြင့် မြန်မာတပ်ဖွဲ့မှလုံခြုံရေးအရ ပစ်ခတ်ဖမ်းဆီးခဲ့ခြင်းသာဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့အား ပစ်ခတ်ခဲ့ခြင်းမရှိသကဲ့သို့ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ကြပ်ကို လည်းဖမ်းဆီးခဲ့ခြင်းမရှိပါ။ အသေဖမ်းဆီးရမိသည့် ဘင်္ဂါလီလူမျိုးဝတ်ဆင် ထားသော ယူနီဖောင်းမှာ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့၏ ယူနီဖောင်း မဟုတ်ကြောင်း စိစစ်တွေ့ရှိရသည်။

မေ ၃၀ ရက် ပစ်ခတ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မေ ၂၈ ရက်က အသေ ဖမ်းဆီးရမိခဲ့သည့်အလောင်းကို အခင်းဖြစ်ပွားခဲ့သည့် နယ်နိမိတ်မှတ်တိုင် အမှတ်(၅၂)အနီးတွင်သာ လာရောက်ယူဆောင်ရန် ဘင်္ဂလားဒေ့ရှ်နယ်ခြား စောင့်တပ်ဖွဲ့အား အကြောင်းကြားထားခဲ့ခြင်းဖြစ်သည်။ အလောင်းသယ်ယူ ရန် နယ်နိမိတ်မှတ်တိုင်အမှတ်(၅၀)အနီး၌ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့် တပ်ဖွဲ့စောင့်ဆိုင်းနေသည်ဆိုခြင်းမှာ ဆီလျော်မှုမရှိသည့်အပြင် မြန်မာဘက်မှ စတင်ပစ်ခတ်သည်ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိပါ။

ယင်းသံတမန်စာများတွင် ဖော်ပြထားသည့်အချက်များသည် နှစ်နိုင်ငံ နယ်စပ်၌ ဖြစ်ပွားခဲ့သည့် အခြေအနေများနှင့် လုံးဝကွဲလွဲနေသည်။

သို့ဖြစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် ဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မော်မော်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး အငြိမ်းစားဗိုလ်မှူးချုပ် အာနု ကူးမာချက်ခ်မာအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ခေါ်ယူ၍ ဘင်္ဂလားဒေ့ရှ်ဘက်မှပြောကြားချက်များမမှန်ကန် ကြောင်းငြင်းဆိုဖော်ပြထားသည့် သတိထောက်လွှာကို ပေးအပ်ခဲ့သည်။ ယင်းသို့ပေးအပ်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့်ဘင်္ဂလားဒေ့ရှ်သံရုံးမှ ဒုတိယ အကြီးအကဲတို့လည်း ရှိနေခဲ့သည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မိမိ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကိုထိပါးလျှင် လုံးဝလက်ခံမည် မဟုတ်ဘဲ မြန်မာအစိုးရအနေဖြင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးတို့ကို အခြေခံလျက် သံတမန်နည်းလမ်းအရ ငြိမ်းချမ်းစွာနှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

❖ နှမ်းစပါးမှ

ကောင်းလာတာ တောင်သူတွေ အတွက် အခွင့်အလမ်းကောင်းတွေ ရလာတာ ဝမ်းသာစရာကောင်းပါ တယ်”ဟု အေးသာယာကျေးရွာနေ နှမ်းစပါးစိုက်ပျိုးသည့် တောင်သူ တစ်ဦးကပြောသည်။ နှစ်စဉ်စိုက်ပျိုးမှု အတွေ့အကြုံများ ရရှိ၍လည်း တစ်နှစ်ထက်တစ်နှစ် စပါးအထွက်နှုန်း ကောင်းမွန်လာသည်ကိုတွေ့ရသည်။ နှစ်စဉ်စပါးဝယ်ယူသူများ ခြေချင်း လိမ်နေပြီး တောင်သူများက အကြွေး ရောင်းချခြင်း မရှိတော့ကြောင်း စပါးဝယ်ယူသူတစ်ဦးကပြောပြသည်။ “အရင်က တောင်သူတွေဆီက စရန်ပေးပြီး ဝယ်လို့ရတယ်။ အခု မရောင်းတော့ဘူး။ စရန်ပေးပြီးရင် ချိန်းတဲ့ရက်မှာ စပါးကိုငွေချေပြီး ယူချင်ယူ၊ မယူဖြစ်ရင် နောက်လူကို ရောင်းလိုက်တာ ပေးထားတဲ့စရန် အဆုံးပဲ”ဟု ၎င်းကပင် ပြောပြသည်။ စပါးရောင်းဝယ်ရာတွင် ဝယ်ယူသူများဘက်မှ အကြွေးဝယ် ယူပြီး ငွေကြေးပေးချေရာတွင် ကြန့်ကြာမှုများကြောင့် ယခု နောက်ပိုင်း လက်ငင်းဝယ်ယူသူကို သာ ဦးစားပေးရောင်းချလျက်ရှိ ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

❒ ပညာတတ်သည့်မှ

မည်သူမျှငြင်းပယ်၍ မရနိုင်ကြောင်း ဖြင့် ပြောကြားပြီး ဆရာ ဆရာမများ သွားလာမှုအဆင်ပြေရေး၊ ကျောင်း သား ကျောင်းသူများ အဆောင်ထား ရှိရေး၊ ရန်ကုန်တက္ကသိုလ်ကို မူလ ပုံစံမပျက်ပြုပြင်ရေး၊ အားကစား၊ အနုပညာ၊ စာပေကဏ္ဍတို့ လှုပ်ရှား ဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေး မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင် သိန်းကလည်း ရန်ကုန်တက္ကသိုလ်ကို Center of Excellence-CoE နိုင်ငံတကာအဆင့်မီ တက္ကသိုလ်နှင့် အညီ အဆင့်မြှင့်တင် ဆောင်ရွက် ရေး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပညာရေးအရည် အသွေးမြှင့်တင်ရန် ဆောင်ရွက်ရေး၊ ဆရာဆရာမများ ပြောင်းရွှေ့ရေး အတွက် ၎င်းတို့စိတ်ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးရေး၊ Research များကိုလည်း အားပေးမြှင့်တင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ သည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် ရန်ကုန်တက္ကသိုလ် မှ တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

✪ မင်္ဂလာဆောင်မှ

ထို့နောက် အစားအသောက်စားသောက်သူအများစု အစာအဆိပ်သင့်မှု ဖြစ်ပွားလာကာ မွန်းလွဲ ၂ နာရီတွင် ၁၃၂ ဦးဖြစ်ပွားလျက်ရှိပြီး အသက် (၁၈) နှစ်အောက် ကလေးငယ် ၃၁ ဦးအထိ ပါဝင်ကြောင်း သိရသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားလျက်ရှိသော လူနာများကို မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် ကူမဲဆေးရုံတို့တွင် ကုသပေးလျက်ရှိသည့်အပြင် အဆိုပါ ငါးဆူကျေးရွာ ရွာဦးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြုစုကုသပေးမှုများရှိသည်။ မြို့နယ် လူမှုရေးအဖွဲ့များက လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အစာအဆိပ်သင့်မှုနှင့်ပတ်သက်ပြီး မြို့နယ်ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဒေါက်တာကိုကိုက “ဘယ်အစားအစာက ဖြစ်တယ်ဆိုတာ အတိအကျသိရ အောင် အစားအသောက်တွေကို ဓာတ်ခွဲခန်းသို့ပို့ဆောင်စစ်ဆေးနေပါ တယ်။ အခုအချိန်ထိတော့ အတိအကျပြောလို့မရသေးဘူး။ လူနာတွေကတော့ အစာအဆိပ်သင့်မှုလက္ခဏာတွေဖြစ်တဲ့ ခေါင်းမူး၊ အော့အန်၊ ဗိုက်အောင့်၊ ဝမ်းလျှောတာတို့ဖြစ်တာပါ” ဟု ပြောကြားသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

စိတ်နှလုံးဖြူ မေတ္တာတု လူကုန်ကူးခံရသူ လက်တွဲကူ

နည်းပညာတက္ကသိုလ်များ၏ စီမံခန့်ခွဲမှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၃၁

နည်းပညာတက္ကသိုလ်များ၏ စီမံခန့်ခွဲမှုနှင့် အရည်အသွေးအာမခံမှု ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုနှင့်သက်မွေး ပညာဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး များဖြစ်ကြသော ဒေါက်တာဝင်းမြင့် နှင့် ဒေါက်တာအောင်ကျော်မြတ်၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးညီလှငယ်နှင့် အငြိမ်းစားပါမောက္ခချုပ်များ၊ စက်မှု နှင့်သက်မွေးပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ် ကြီးများ၊ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း က ဆွေးနွေးပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည် အချင်းပြည့်ဝသော အင်ဂျင်နီယာ များ လေ့ကျင့်မွေးထုတ်ရန် အရေးကြီးသကဲ့သို့ နည်းပညာ ကျွမ်းကျင်သူများနှင့် ကျွမ်းကျင် လုပ်သားများ လေ့ကျင့်မွေးထုတ်ရေး သည် အရေးပါသဖြင့် အဆင့်မြင့် ပညာကဏ္ဍတွင်ရော သက်မွေးပညာ ကဏ္ဍတွင်ပါ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး အခြေစိုက် ဆွေးနွေး ညှိနှိုင်းရေးစင်တာများကို စိန်ရတု ခန်းမနှင့် နတ်မောက်လမ်းရှိ စက်မှု နှင့် သက်မွေးပညာဦးစီးဌာနတို့တွင် ဖွင့်လှစ်လျက် Stake-holder များနှင့် စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းလျက် ရှိပါကြောင်း၊ ပညာရေးကဏ္ဍ သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ရာတွင် နောင်ရေရှည်အတွက် မျှော်မှန်းပြီး နိုင်ငံတကာစံမီဖြစ်ရေး၊ မိမိနိုင်ငံ အခြေအနေနှင့် ဆီလျော်ပြီး လက်တွေ့ကျကျ ပညာရည်မြင့်မား တိုးတက်အောင် ဆောင်ရွက်ရေး၊ တိုင်းဒေသကြီး/ ပြည်နယ်များ အချိုး ကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆရာ၊ ကျောင်းသား၊ မိဘတို့ပူးပေါင်းဆောင် ရွက်မှုဖြင့် ကောင်းမွန်သော ပညာရေး ဝန်းကျင်ဖြစ်ရေး၊ အခြေခံမူများ ဖြင့် နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပြီး အစိုးရ၊ လွှတ်တော်နှင့် မိဘပြည်သူတစ်ရပ်လုံးပါဝင်ဆောင် ရွက်နေကြပါကြောင်း။

အမျိုးသား ပညာရေးဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးသည့်အခါတွင် အဆင့်မြင့်ပညာဥပဒေ၊ ကိုယ်ပိုင် ကျောင်း၊ ကိုယ်ပိုင်တက္ကသိုလ် မှတ်ပုံတင်ဥပဒေတို့ ဆက်လက် ဆွေးနွေးညှိနှိုင်းရေးဆွဲပြဋ္ဌာန်းသွား ရန်ရှိကြောင်း၊ ထိုအခါတွင် ဥပဒေနှင့် အညီ သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲရ မည့် တက္ကသိုလ်များအဖြစ်ပြောင်းလဲ ရပ်တည်ကြရတော့မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများက တိုက်ရိုက်ကွပ်ကဲ အုပ်ချုပ်ကြရတော့မည် မဟုတ်သည့် အတွက် တက္ကသိုလ် ဆရာ ဆရာမ များ အပြောင်းအရွှေ့ရာထူး တိုးမြှင့် ရေးနှင့် နိုင်ငံခြားပညာသင်စေလွှတ် ရေးကိစ္စများအပါအဝင် ဘဏ္ဍာငွေ ရသုံးစီမံခန့်ခွဲမှုကိစ္စများ၊ စာပေ သင်ကြားမှုဆိုင်ရာ စီမံခန့်ခွဲမှုများ အား တက္ကသိုလ်တစ်ခုချင်းအလိုက် စီမံမှု၊ တက္ကသိုလ်များအပြန်အလှန် ညှိနှိုင်းပေါင်းစပ်စီမံမှု၊ အမျိုးသား အဆင့်အရည်အသွေး အာမခံမှုစနစ် (Quality Assurance System)ကို အာဆီယံအရည်အသွေး မူဘောင်နှင့် လိုက်လျောညီထွေစွာ အမျိုးသား အဆင့် အရည်အသွေးမူဘောင် (National Qualification Framework) အား ပီပြင်စွာ ထူထောင်၍ လက်တွေ့အသုံးပြုနိုင် ရေး အစရှိသည်တို့ကို ယခုနှစ်မှ စတင်၍ ကြိုတင်ညှိနှိုင်း ပြင်ဆင်ရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းပေါင်းစပ် ညှိနှိုင်းမှု လုပ်ငန်းများစွာရှိနေသကဲ့သို့ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်ရမည့် လုပ်ငန်းများစွာ ရှိနေပါကြောင်း၊ ထို့ကြောင့် ပညာ ရှင်အကြံပေးအဖွဲ့များ ဖွဲ့စည်းညှိနှိုင်း ပူးပေါင်းဆောင်ရွက်နေခြင်းသည် ဥပဒေအရ သီးခြားလွတ်လပ်စွာ ဖွဲ့စည်းပေါ်ထွန်းလာမည့် အဆင့်မြင့် ပညာကဏ္ဍရှိ ပညာရပ်ဆိုင်ရာ ကော်မရှင်ကောင်စီ အသီးသီး၌ စဉ်ဆက်မပြတ် ဆက်လက်ဆောင် ရွက်နိုင်ရန် ရည်မှန်းလျက် ပုဂ္ဂလိက အဖွဲ့အစည်း အသင်းအဖွဲ့များ သာမက ဆရာရေးရာ၊ ကျောင်းသား ရေးရာ ကိစ္စရပ်များအတွက်ပါ ဘက်စုံပါဝင်အောင် ဖြည့်ဆည်းရေး ညှိနှိုင်းစီမံလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများ၊ မိသားစုနေထိုင်သွား လာရေး၊ သင်ကြားရေး အဆင်ပြေ အောင် စီမံပေးရန်လိုသကဲ့သို့ ကျောင်းသားကျောင်းသူများ စာပေ ပညာသင်ကြားရာတွင် စိတ်ချမ်းသာမှု၊ အဆင်ပြေမှုရှိအောင် ဖြည့်ဆည်း စီမံရန်လိုအပ်ပါကြောင်း၊ အရည် အသွေးပြည့်ဝသော အင်ဂျင်နီယာ များ လေ့ကျင့်မွေးထုတ်နိုင်ရေး အတွက် စာတွေ့သာမက လက်တွေ့ နှင့် သုတေသနအပိုင်းကို ပိုမို မြှင့်တင်ခြင်း၊ သင်ထောက်ကူပစ္စည်း များ ခေတ်မီပြည့်စုံအောင် ဖြည့်ဆည်း ပေးခြင်း၊ ဆရာ ဆရာမများ အရည် အသွေးမြှင့်တင်ခြင်းအတွက် ပြည်တွင်း ပြည်ပသင်တန်းစေလွှတ်ရေးစီမံခြင်း၊ စဉ်းစားတီထွင်ကြံဆလုပ်ကိုင်တတ်မှု ကို အလေးပေးသည့်သင်ရိုးနှင့် စာမေးပွဲစနစ် ကောင်းမွန်တိုးတက် အောင်ပြင်ဆင်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူ့စွမ်းအား အရင်းအမြစ် လိုအပ်ချက်နှင့် လုပ်သားဈေးကွက် အခြေအနေပေါ် သုံးသပ်ပြီး နယ်ပယ်အလိုက် ဘာသာ ရပ် ရွေးချယ်သင်ကြားမှုအပါအဝင် အာဆီယံဒေသအတွင်း အရည် အသွေးမူဘောင်စံချိန်မီရန် ကြိုးပမ်း ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လေ့ကျင့်မွေးထုတ်သည့် အင်ဂျင်နီယာ များ၊ နည်းပညာကျွမ်းကျင်သူများ သည် သတ်မှတ်အရည်အချင်း ပြည့်မီပါက ပြည်တွင်းသာမက ပြည်ပတွင်ပါ အလုပ်အကိုင်နှင့် ထိုက်တန်သော လုပ်ခရရှိနိုင်မည့် အခွင့်အလမ်းများစွာ ရှိမည်ဖြစ်ပါ ကြောင်း၊ တစ်ဖက်တွင် (Free Flow of Skill Labour) ကတိကဝတ်နှင့် အညီ မိမိပြည်တွင်းအင်ဂျင်နီယာ၊ နည်းပညာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ အရည် အချင်းပြည့်ဝသူများ လုံလောက်စွာ မရရှိနိုင်ပါက မိမိတို့ထက် အရည် အချင်းသာသူများကို ငှားရမ်းအသုံးပြု မှုအပေါ် ကာကွယ်တားဆီးရန် အခက်အခဲရှိလာမှာဖြစ်သည့်အတွက် မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်ကို အရေအတွက်မှ အရည်အချင်းအဖြစ် မြှင့်တင်ကူးပြောင်းရေး ကြိုးပမ်းရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန် ခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများသည် မိမိတို့၏ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လက်ရှိပကတိ အခြေအနေကို နီးနီးကပ်ကပ် ညှိနှိုင်း ဆွေးနွေးပြီး စေတနာအရလည်း ကောင်း၊ အမျိုးသားရေး တာဝန်အရ လည်းကောင်း အပြုသဘောဆောင် ၍ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင် ရွက်သင့်သည်များကို ဆွေးနွေး ညှိနှိုင်း ကြိုးပမ်းဆောင်ရွက်သွား ကြပါရန် ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကိုကိုဦးက အဆောက်အအုံ လိုအပ်ချက်များ၊ ဆရာ၊ ဆရာမလိုအပ်ချက်များနှင့် လက်တွေ့ပစ္စည်းများ လုံလောက်မှု ရှိစေရေးတို့အား ဝန်ကြီးဌာန၏ လျာထားချက်များအဖြစ် ဆောင်ရွက် လျက်ရှိပါကြောင်း၊ ပြည်သူဗဟိုပြုပြီး ဒေသလိုအပ်ချက်များ၊ နိုင်ငံတော် လိုအပ်ချက်များအတိုင်း လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျောင်းသားများ လက်တွေ့ပိုမို လုပ်ဆောင်နိုင်ရေးအတွက် အင်ဂျင် နီယာဘွဲ့ (Bachelor of Engineering) တိုက်ရိုက် စာသင်နှစ် ငါးနှစ်မှ ခြောက်နှစ်တိုးမြှင့်သင်ကြား နိုင်ရေး ဆောင်ရွက်ထားရှိပါ ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အတွက် ပညာရေးကဏ္ဍအဆင့်မြှင့် တင်နိုင်ရန် ကျောင်းသား ကျောင်းသူ များ၏ အရည်အချင်းမြင့်မားရေး သာမက ဆရာ ဆရာမများအရည် အချင်း မြင့်မားစေရန် ဆရာအတတ် သင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း ပြော ကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လိုအပ်သည်များဖြည့် စွက်ဆွေးနွေးပြီး ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများကို ထိရောက်အဆင် ပြေချောမွေ့အောင် ညှိနှိုင်းဆောင် ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူ များက မိမိတို့နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်း၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ အစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

အုပ်စုတွင်း၌ ခြေစွမ်းပြနေသော ထိုင်းကလပ်ချောင်ဘူရီအသင်းမှာ အဝေးကွင်း၌ နိုင်ပွဲရယူပြီး သုံးပွဲ ဆက်နိုင်ပွဲ ရရှိခဲ့သည်။ ချောင်ဘူရီ အသင်းမှာ အဝေးကွင်းဖြစ်သော် လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး မြန်မာအသင်း၏ အားနည်းချက် များကို အခွင့်ကောင်းယူကာ အနိုင် ယူခဲ့ခြင်းဖြစ်သည်။ ချောင်ဘူရီ အသင်းမှာ ပွဲစကတည်းက ဖိကစား နိုင်ခဲ့ပြီး ၁၄ မိနစ်တွင် ဆွန်တီ ဆာဝပ်က ဦးဆောင်ဂိုးစတင်သွင်းယူ ခဲ့သည်။ မိနစ် ၃၀ တွင် မိုးမင်းဇော်က မြန်မာအသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သော်လည်း သရေကျပြီး နောက်ပိုင်းတွင် ချောင်ဘူရီအသင်း က ဆက်တိုက်ဖိကစားနိုင်ခဲ့သည်။ ချောင်ဘူရီအတွက် ဂိုးများကို ၃၆ မိနစ်နှင့် ၆၈ မိနစ်တွင် ပါဆို၊ ၃၇ မိနစ်နှင့် ၅၅ မိနစ်တွင် ပီရာပတ်တို့က သွင်းယူခဲ့သည်။

မြန်မာ့အသံမှ ပအိုဝ်းနှင့်ဓနုတိုင်းရင်းသားဘာသာအစီအစဉ်သစ်များ ထုတ်လွှင့်မည်

နေပြည်တော် မေ ၃၁

မြန်မာ့အသံ(ရေဒီယို)အနေဖြင့် လတ်တလောတွင် ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း-လိုင်ဇို၊ ချင်း-ချိုး၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကယန်း၊ ဂေခို၊ ဂေဘား၊ ဝ၊ ကိုးကန့် စသော တိုင်းရင်းသား ဘာသာအစီအစဉ် ၁၅ မျိုးကို ထုတ်လွှင့်လျက်ရှိရာမှ ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှစပြီး ပအိုဝ်းနှင့် ဓနုဘာသာအစီအစဉ်တို့ကို တိုးချဲ့ထုတ်လွှင့်မည်ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားဘာသာအစီအစဉ်ကို နေ့စဉ် နံနက် ၁၁ နာရီမှ ၁၁ နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၆ နာရီ ၄၀ မိနစ်မှ ည ၇ နာရီ ၁၀ မိနစ်အထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဓနုတိုင်းရင်းသားဘာသာအစီအစဉ်ကို နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီ ၁၀ မိနစ်မှ ည ၇ နာရီ မိနစ် ၄၀ အထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်ထုတ်လွှင့်သွားမည်ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားဘာသာနှင့် ဓနုတိုင်းရင်းသားဘာသာ အသံလွှင့်အစီအစဉ်များကို လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ ၅၉၀၅ ကီလိုဟတ်ဇ်မှ ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေး သည် ယနေ့ နံနက် ၈ နာရီတွင် ကံမမြို့နယ် မြို့နယ်ခန်းမ ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက် အကူပြုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူ များနှင့်တွေ့ဆုံပြီး ဌာနဆိုင်ရာများ၊ မြို့နယ်အထောက် အကူပြု ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ စည်းလုံး ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြရေး၊ စိတ်ကောင်း စေတနာကောင်းထားဆောင်ရွက်ကြရေး၊ လုပ်ထုံးလုပ် နည်းစည်းကမ်းဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြ ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဇနီး ဒေါ်ခင်မျိုးဌေး မိသားစုက ကံမမြို့နယ် ပြည်သူလူထု အတွက် ဆေးနှင့် ဆေးပစ္စည်းများ၊ မြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့သည်။ ဆက်လက် ၍ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးလက် စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင် များ၊ အားကစားဖွံ့ဖြိုးရေးအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာ့ဗိမာန်တော်ကြီး တည် ဆောက်နေမှု၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံ ပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုပြီး ထောက်ရှာခုံ ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးလက် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အုပ်ဖို-ကင်း- ကိုင်းခုံ-ပုထိုးကျောက်ချောလမ်း ကိုးမိုင် ခုနစ်ဖာလုံ ဆောင်ရွက်မည့်အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေး မှာကြားသည်။

အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာ ၁၇ ရွာမှ ပြည်သူ ၂၃၀၀၀ ကျော် ရာသီမရွေးသွားလာနိုင် မည်ဖြစ်သည်။

ထို့နောက် သစ်မယ်ဇီကျေးရွာအုပ်စု ဒဂုံကွင်း ကျေးရွာ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ် ပွဲအခမ်းအနားကိုလည်းကောင်း၊ လိန်တုန်း-ညောင်ကိုင်း- ပယ်ကျ ဆက်သွယ်ရေး သံကူကွန်ကရစ်တံတား ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့သည်။ ယင်း သံကူကွန်ကရစ်တံတားကို နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၄၅ သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၁၀၆ သိန်း စုစုပေါင်း ၁၅၁ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ယင်းတံတားတည်ဆောက်ပြီးစီးပြီဖြစ်ရာ ဒေသခံ ပြည်သူများအနေဖြင့် ပြည်၊ ရန်ကုန် စသည့် မြို့ကြီးများသို့ အချိန်မရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရ သည်။

(သတင်းစဉ်)

❒ မြန်မာနိုင်ငံမှ

ကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မေမြတ်နိုးက ၂၀၁၇ ခုနှစ်၏ Miss Asia Pacific World အလှမယ်ဆုကို ဆွတ်ခူးရရှိနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် 1st Runner-Up အဖြစ် ကိုရီးယားအလှမယ် ကလည်းကောင်း၊ 2nd Runner-Up အဖြစ် မကာအို အလှမယ် Hio Man Cha ကလည်းကောင်း၊ 3rd Runner-Up အဖြစ် ဖိလစ်ပိုင်အလှမယ် Hillarie Danielle Parungao ကလည်းကောင်း၊ 4th Runner-Up အဖြစ် အိန္ဒိယအလှမယ် Anukriti Gusain က လည်းကောင်း၊ 5th Runner-Up အဖြစ် စင်ကာပူ အလှမယ် Pooja Gill ကလည်းကောင်း၊ 6th Runner-Up အဖြစ် ထိုင်းအလှမယ် Nisanat Mongsai က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

နိုင်ငံပေါင်း ၃၈ နိုင်ငံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင် ကြသည့် အဆိုပါအလှမယ်ရွေးချယ်ပွဲကြီး၏ အထူးဆုများ အဖြစ် Grand National Costume ဆုကို ဖိလစ်ပိုင် အလှမယ်ကလည်းကောင်း၊ Grand SuperModel ဆုကို ဂျော်ဂျီယာအလှမယ်ကလည်းကောင်း၊ Grand Talent ဆုကို ဆလိုဗက်ကီးယားအလှမယ်ကလည်းကောင်း၊ Grand Fashion ဆုကို ရိုမေးနီးယားအလှမယ်ကလည်း ကောင်း၊ Grand Multimedia ဆုကို ဩစတြေးလျ အလှမယ်ကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် မေမြတ်နိုးသည် ယခုရရှိသော ဆုအပြင် Talent Show ပြိုင်ပွဲတွင် Popularity Award ဆုကို လည်း ရရှိခဲ့သူဖြစ်သည်။

အလှမယ်မေမြတ်နိုးအား ကိုရီးယားနည်းပညာ ကုမ္ပဏီတစ်ခုမှ သံတမန်အဖြစ်ခန့်အပ်ထားပြီးဖြစ် ကြောင်း လည်း သိရသည်။ ။

ဂက်စ်ဖြည့်ရာမှ သံဆန်ခါစက်ရုံမီးလောင်မှုဖြစ်ပွား

မန္တလေး မေ ၃၁

မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် ညောင်ကွဲရပ်ကွက်ဥယျာဉ် တန်း(၇)လမ်းနှင့် (၈)လမ်းကြားတွင် တည်ရှိသော ဦးစိုင်းမောင် (၅၅)နှစ် ပိုင်ဆိုင်သည့် သံဆန်ခါစက်ရုံတွင် မေ ၃၁ ရက် ညနေ ၃ နာရီ ၁၀ မိနစ် ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ အမှတ် (၁) ပြည်နယ်နှင့် တိုင်းဒေသကြီး မီးသတ်

ဦးစီးဌာနရုံးများ ကွပ်ကဲရေးမှူး ဦးကြည်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊ ခရိုင် မီးသတ်ဦးစီးမှူး ဦးလှမင်း၊ သန္ဓေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၀၊ မီးငြိမ်းသတ်ရေယာဉ်၊ ရေသယ်ယာဉ် ၄၈ စီး၊ လူနာတင်ယာဉ်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှု ကြောင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဂက်စ်မီးခြစ်အတွင်း ဂက်စ်ဖြည့်တင်း ရာမှ မီးလောင်မှုဖြစ်ခဲ့ပြီး မီးလောင်မှု ကြောင့် သံဆန်ခါပြုလုပ်သည့် စက်ကိရိယာ များ၊ သံထည်ပစ္စည်းများ ဖြတ်တောက်ဆက်ရာတွင် အသုံးပြု သည့် ဂက်စ်အိုးများပါ ပေါက်ကွဲ၍ မီးလောင်ခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲဆုရစာရင်းများ ထုတ်ပြန်

နေပြည်တော်　　မေ　　၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (၂၀၁၄ ခုနှစ်) ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ရာ ပြိုင်ပွဲဝင်စာမူများအား ပညာရှင်အသီးသီးပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး ဆုရသူများစာရင်းကို ယနေ့ ထုတ်ပြန်ထားသည်။

အလွတ်တန်းဆောင်းပါးဆုရသူများစာရင်း

စဉ်	အမည်	နေရပ်လိပ်စာ	ရရှိသောဆု
၁။	မင်းမင်း(ပုံကျွန်း)	တိုက် (၉) အခန်း (၁၄) သုခရတနာလမ်း ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာ နေပြည်တော်။	ပထမဆု
၂။	ဒေါက်တာမြင့်	အမှတ် (၇၄) မြေညီ မလွှကုန်းလမ်း ကျောက်မြောင်း တာမွေ ရန်ကုန်မြို့။	ဒုတိယဆု
၃။	ကျော်ဆွေဦး	အရ-၄ ရေနံချောင်းဒီဂရီကောလိပ်ဝင်း ရေနံချောင်းမြို့ မကွေးတိုင်းဒေသကြီး။	တတိယဆု
၄။	ဦးမော်မော်ထွန်း	အိမ်ရာအမှတ် (၁) အစိုးရနည်းပညာအထက်တန်းကျောင်းဝင်း ကြားအင်းကျေးရွာ မော်လမြိုင်မြို့ မွန်ပြည်နယ်။	အထူးဆု(၁)
၅။	မမေသူဆွေ	ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး တောင်ကြီးမြို့	အထူးဆု(၂)
၆။	ဇော်လွင်ဦး (ဟသ်ာတ)	အမှတ် (၂၈၄/၂၈၆) အခန်း(၄) ပထမထပ် ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။	အထူးဆု(၃)

အလွတ်တန်းစာစီစာကုံးဆုရရှိသူများစာရင်း

စဉ်	အမည်	နေရပ်လိပ်စာ	ရရှိသောဆု
၁။	မောင်ဗညားအောင်	၃၄/၂၁၈ တပင်ရွှေထီးလမ်း ဒဂုံမြို့သစ်မြောက်ပိုင်း ရန်ကုန်မြို့။	ပထမဆု
၂။	မယု(စက်မှု)	ဒေါ်ယုယုနိုင် ဦးစီးအရာရှိ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးအမှတ် (၃၂) နေပြည်တော်။	ဒုတိယဆု
၃။	ဒေါ်ဝေဝေလှိုင်	စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်။	တတိယဆု
၄။	ဒေါ်ဟေမာန်မေနှင်းဆီ	အမှတ် (၂၃၃) ပင်းယ(၁၀) လမ်း (၅) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။	အထူးဆု(၁)
၅။	မခန့်ဆွေထက်	အမှတ် (၂/၁၂/၁၅၂) ရွှေတံခါးအပိုင်း(၂) ပြည်မြို့ ပဲခူးတိုင်းဒေသကြီး။	အထူးဆု(၂)
၆။	မဆွေကမ္ဘာအောင်	၁၀ လမ်း ၈၁ လမ်းထောင့် အမက(၁၄) အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး။	အထူးဆု(၃)

ဆုရရှိသူများသည် ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) MICC (II) နေပြည်တော်၌ ကျင်းပမည့် အခမ်းအနားသို့ တက်ရောက်၍ ဆုယူရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဒေါ်ကြည်ကြည်မြင့် ဒုတိယညွှန်ကြားရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖုန်း-၀၆၇-၄၃၁၃၂၁ နှင့် ဒေါ်ဥမ္မာမြင့် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၀၅၆၆၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပ

မြန်အောင်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် မြန်အောင်မြို့နယ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက မူလတန်းလွန် (ဘက) ရွှေကျောင်း၌ ကျင်းပရာ နိုင်ငံတော်အစိုးရအဖွဲ့မှ လှူဒါန်းသော ကျောင်းသုံးပစ္စည်းများနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၁၁၆၆၀ ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းတို့က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

ထို့နောက် ဘုန်းတော်ကြီးသင် ရွှေကျောင်း၊ သင်္ဂဇာကျောင်းနှင့် တာခွကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအတွက် ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ လှူဒါန်းသော ကျောပိုးအိတ်၊ ဦးထုပ်၊ မိုးကာအင်္ကျီနှင့် ဗလာစာအုပ်များ၊ ခဲတံများကို ပေးအပ်ရာ သက်ဆိုင်ရာကျောင်းတာဝန်ခံတို့က လက်ခံရယူကြသည်။

မြန်အောင်မြို့နယ်တွင် ကျောင်းအပ်နှံရေးသတင်းပတ်ဖြစ်သည့် မေ ၂၅ ရက်မှ ၃၁ ရက်အထိ အထက ခုနစ်ကျောင်း၊ အလက ကိုးကျောင်းနှင့် အမက ၂၄၁ ကျောင်းတို့တွင် ကျောင်းအပ်လက်ခံလျက်ရှိပြီး အခြေခံပညာမူလတန်းအဆင့်မှ အလယ်တန်းအဆင့်အထိ အခမဲ့ကျောင်းအပ်လက်ခံပေးပြီး ကျောင်းသုံးပုံနှိပ်ဖတ်စာနှင့် ဗလာစာအုပ်များ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)

ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ရက်သတ္တပတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ကလေးတက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးကျောင်း စာသင်တိုက်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် ကလေးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကလေးတက္ကသိုလ် သိပ္ပံနှင့် ဝိဇ္ဇာပါမောက္ခချုပ်၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအဖွဲ့၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ၊ ခရိုင်/မြို့နယ်ပညာရေးဌာန၊ မြို့ပေါ်အဆင့်မြင့်ဘော်ဒါဆောင်များမှ ငွေကျပ်စုစုပေါင်း ၈၄၈၀၀၀ နှင့် ဗလာစာအုပ် ၇၄ဒါဇင်၊ ခဲတံငါးဘူးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(IPRD)**

မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မင်းဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ စုစုပေါင်းတန်ဖိုး ၁၄ ဒသမ ၈၆၆ သန်းကျော်နှင့် နိုင်ငံတော်မှ ထောက်ပံ့သည့် မူလတန်းအဆင့် (ဘက ကျောင်းများအပါအဝင်) ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်း ၁၈ ဒသမ ၁၃၇ သန်းတို့ကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးက လက်ခံရယူခဲ့သည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ကြေးငွေများ လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့ အောင်ချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းဌေး(မင်းဘူး)

မော်လိုက်

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက မော်လိုက်မြို့ အထကကျောင်းရှိ စုံညီခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူ ဦးကိုကိုဦးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ် ၃၂၈၀ ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူခဲ့သည်။ ယင်းနောက် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက လှူဒါန်းပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂. H)၊ မြေကွက်အမှတ်(V. ၁၈)၊ ဧရိယာ(၀. ၀၂၉)ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ်(၁)လမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဘလှ[၁၂/တမန(နိုင်)၀၇၁၅၁၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း မြေငှားဂရန်မူရင်းနှင့်တကွ ခိုင်လုံသောဆက်စပ်စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်) **B.A,R.L**(စဉ်-၄၉၀၃)　　ဒေါ်ခင်နှင်းရည် **B.A,R.L**(စဉ်-၄၆၆၂)
တရားလွှတ်တော်ရှေ့နေနှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ　　တရားလွှတ်တော်ရှေ့နေ

အိမ် - တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၂၉၂၇၀၄၊ **H.P**-၀၉-၅၁၀၆၄၀၆၊ ၀၉-၄၅၀၀၁၅၁၇၂

စာအုပ်စာပေ လူ့မိတ်ဆွေ

CNG TAXI ရောင်းမည်
(လျှောက်ထားဆဲ)
COROLLA VAN, 1999(GL)
DD/3--- CNG, 70L
Ph:09-31825580 သိန်း(၁၉၀)



မီးစက်ရောင်းရန်
KW 30 ၄လုံးထိုးအင်ဂျင်
3 Phase Open Type
Air-Con ၁၂ကောင်နိုင်သည်
Ph:09-5090485



ပြည်တွင်းရေးရာ

မြန်မာ့ပင်မအစီအစဉ်များ FM စနစ်ဖြင့် ထုတ်လွှင့်စဉ် ဒေသအလိုက် တိုင်းရင်းသားဘာသာအစီအစဉ်များကို အချိန်ပိုင်းဖြင့်စမ်းသပ်ထုတ်လွှင့်

မြန်မာ့အသံမှ လက်ရှိထုတ်လွှင့်လျက်ရှိသည့်အစီအစဉ်များကို လှိုင်းတို၊ လှိုင်းလတ်တို့ဖြင့် ထုတ်လွှင့်လျက်ရှိပြီး FM စနစ်ဖြင့်လည်း ထုတ်လွှင့်လျက်ရှိပါသည်။

ယင်းသို့ ထုတ်လွှင့်ရာတွင် မြန်မာ့အသံပင်မ အစီအစဉ်များထုတ်လွှင့်နေချိန်အတွင်း လှိုင်းတို၊ လှိုင်းလတ်နှင့် FM စနစ်သုံးမျိုးစလုံး ဖမ်းယူရရှိသည့် မြို့အချို့၌ ဒေသအလိုက်တိုင်းရင်းသားဘာသာအစီအစဉ်များကို ၂၀၁၄ ခုနှစ် မေ ၁၆ရက်မှစတင်ကာ FM လိုင်းမှ အချိန်ပိုင်းအလိုက် စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ FM အသံလွှင့်စက်များဖြင့် ထုတ်လွှင့်ခြင်းအားဖြင့် တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်သည့်အစီအစဉ်များကို ယခင်ကထက်ပိုမိုကြည်လင်ပြတ်သားစွာ နားဆင်နိုင်မည်ဖြစ်ပါသည်။

စမ်းသပ်ထုတ်လွှင့်လျက်ရှိသည့်မြို့များနှင့် ထုတ်လွှင့်ချိန်များမှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့တွင် ကချင်ဘာသာအစီအစဉ်ကို နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၂ နာရီမှ ညနေ ၃ နာရီအထိ တစ်ကြိမ် စုစုပေါင်း တစ်နေ့နှစ်ကြိမ်။

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကယားဘာသာအစီအစဉ်ကို နံနက် ၉ နာရီခွဲမှ နံနက် ၁၀ နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၃ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ တစ်ကြိမ် စုစုပေါင်း တစ်နေ့နှစ်ကြိမ်။

ကရင်ပြည်နယ် မြဝတီမြို့တွင် အရှေ့ပိုးကရင်ဘာသာအစီအစဉ်ကို နံနက် ၈ နာရီ ၅မိနစ်မှ နံနက် ၈ နာရီ ၃၅ မိနစ်အထိတစ်ကြိမ်၊ ညနေ ၅ နာရီ မိနစ် ၅၀ မှ ညနေ ၆နာရီ မိနစ် ၂၀ အထိ တစ်ကြိမ် စုစုပေါင်း တစ်နေ့နှစ်ကြိမ်။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မွန်ဘာသာအစီအစဉ်ကို နံနက် ၆ နာရီမှ နံနက် ၇ နာရီ ၁၀ မိနစ်အထိ တစ်ကြိမ်၊ ည ၇ နာရီခွဲမှ ည ၉ နာရီအထိ တစ်ကြိမ် စုစုပေါင်း တစ်နေ့နှစ်ကြိမ်။

ရှမ်းပြည်နယ် တောင်ကြီး၊ မူဆယ်၊ တာချီလိတ်နှင့် လားရှိုးမြို့တို့တွင် ရှမ်းဘာသာအစီအစဉ်ကို နံနက် ၆ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ်နှင့် ည ၇ နာရီ မိနစ် ၅၀ မှ ည ၉ နာရီအထိ တစ်ကြိမ် စုစုပေါင်း တစ်နေ့နှစ်ကြိမ် အသီးသီးထုတ်လွှင့်လျက်ရှိပါသည်။

ယင်းသို့ စမ်းသပ်ထုတ်လွှင့်ပေးလျက်ရှိသည့် တိုင်းရင်းသားဘာသာအစီအစဉ်များကို ဖော်ပြပါမြို့များ၌ မြန်မာ့အသံ၏ ပင်မအစီအစဉ်များထုတ်လွှင့်နေသည့် FM လိုင်းတွင် ဖမ်းယူနားဆင်နိုင်ပြီး တိုင်းရင်းသားဘာသာအစီအစဉ်များ ထုတ်လွှင့်ချိန်ပြီးဆုံးသွားပါက မြန်မာ့အသံ၏ ပင်မအစီအစဉ်များကို FM လိုင်းပေါ်တွင် ပြန်လည်နားဆင်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(သတင်းစဉ်)

အမျိုးသားစာပေဆု ရွေးချယ်ချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများသို့ မေတ္တာရပ်ခံ

နေပြည်တော် မေ ၃၁

နိုင်ငံတော်အစိုးရသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကိုဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အဆင့် စာပေဆုဖြစ်သည့် အမျိုးသားစာပေဆုကို နှစ်စဉ်ချီးမြှင့်နိုင်ရေးအတွက် ယခင်က ထုတ်ဝေသူများမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခ အလွတ်ပေးပို့လာသည့် စာအုပ်များဖြင့် ဖတ်ရှုစိစစ်ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးရမည့် စာအုပ်အရေအတွက်တွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ကြောင်း သိရှိရပါသည်။

သို့ပါ၍ သက်ဆိုင်ရာ စာရေးဆရာများအနေဖြင့် မိမိတို့ ထုတ်ဝေသော စာအုပ်များကို အမျိုးသားစာပေဆုရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် လေးအုပ်စီကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉ တို့သို့ လာရောက်ပေးပို့နိုင်ပါရန် အသိပေးပန်ကြားအပ်ပါသည်။ စာတိုက်မှ ပေးပို့သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရန်ဖြစ်ပါသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် လက်ခံရရှိသော စာအုပ်များကို စာအုပ်အမျိုးအစားအလိုက် စာရင်းသွင်းခြင်း၊ လက်ခံရရှိကြောင်းကို သက်ဆိုင်ရာ စာရေးဆရာသို့ အကြောင်းကြားစာပေးပို့ခြင်း၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ Web Site ဖြစ်သော www.moi.gov.mm/ppe တွင် ပေးပို့လာသော စာအုပ်များ စာရင်းတွင်ထည့်သွင်းခြင်း၊ ပြက္ခဒိန်နှစ်တစ်နှစ်အတွက် ထုတ်ဝေသည့် စာအုပ်များကို ယင်းနှစ်၏ နောက်တစ်နှစ်ဖြစ်သော ဖေဖော်ဝါရီလကုန်အထိလက်ခံသွားခြင်းတို့ဖြင့် စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆုကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက် အထိကာလအတွင်း ထုတ်ဝေခဲ့သော စာအုပ်များထဲမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ရာ စာအုပ်လက်ခံမှုနောက်ဆုံးရက်မှာ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးနှင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ဖြစ်ပါသည်။

သို့ပါ၍ စာရေးဆရာများအနေဖြင့် မိမိတို့ထုတ်ဝေသော စာအုပ်များကို ပြက္ခဒိန်နှစ်အလိုက်ချီးမြှင့်မည့် အမျိုးသားစာပေဆုရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် တစ်မျိုးလျှင် လေးစုံကျစီ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီထံ ပေးပို့နိုင်ရေး နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်တင်မော်တော်ယာဉ်များအား စစ်ဆေး

ပဲခူး မေ ၃၁

ပဲခူးမှ ရန်ကုန်၊ ရန်ကုန်မှ ပဲခူးမြို့သို့ ဖြတ်သန်းမောင်းနှင်ကြသော ခရီးသည်တင် မော်တော်ယာဉ်များအား ပဲခူးမြို့အထွက် လာကမို့ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီးတွင် မေ ၂၈ ရက် နံနက် ၆ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပို့/ဆက်ဦးစီးမှူး ဦးကျော်လှ ဦးဆောင်၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးပို့/ဆက် ဦးစီးမှူး နှင့်အတူ ကညနမှ တာဝန်ရှိသူများ၊ ပဲခူးခရိုင်နှင့် မြို့နယ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပူးပေါင်း၍ ခရီးသည်တင် မော်တော်ယာဉ်များအား ယာဉ်လိုင်စင် လေးမျိုး၊ မီးသတ်ဆေးဘူးနှင့် မှန်များရိုက်ခွဲနိုင်သည့် တူများ ပါ၊ မပါ၊ တာယာကောင်း၊ မကောင်း၊ ရောင်ပြန်များတပ်ဆင်ထားခြင်းနှင့် ယာဉ်တွင် အရေးပေါ် ထွက်ပေါက်ရှိ၊ မရှိ၊ ယာဉ်များ လမ်းခရီးသွားလာ မောင်းနှင်နိုင်မှု ရှိ၊ မရှိတို့ကိုစစ်ဆေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒွေးနိုင်(ပဲခူး)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး သုံးခွမြို့မရဲစခန်း အချုပ်ခန်းများစစ်ဆေး

သုံးခွ မေ ၃၀။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီး ဒေါ်စုငယ်တို့လိုက်ပါလျက် မေ ၃၀ ရက် နံနက်ပိုင်းက သုံးခွမြို့နယ်တရားရုံးပုံမှန်စစ်ဆေးခြင်းနှင့် သုံးခွမြို့မရဲစခန်း အချုပ်ခန်းအား သွားရောက်စစ်ဆေးခဲ့ရာ သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သင်းဦး၊ သုံးခွမြို့မစခန်းမှူး ဒုရဲမှူး စောဝင်းတို့က ကြိုဆိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးက အချုပ်ခန်း၌ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေပါ အခွင့်အရေးများရရှိမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၄၅)၊ ခမ္မပါလလမ်း၊ (၅)ရပ်ကွက် မြေအကျယ် ပေ(၄၀×၄၃) ဒေါ်စီစီမြင့် [၁၂/မရက(နိုင်)၀၉၃၆၆၂] ဘိုးဘွားပိုင် အမှတ်(၁၄၅)အားဝယ်ယူသူ ဒေါ်ဥမ္မာဝင်း[၁/ပတအ(နိုင်)၀၃၀၅၄၃]မှ စရန်ငွေအား တစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာဝင်း
[၁/ပတအ(နိုင်)၀၃၀၅၄၃]
ဖုန်း-၀၉-၅၁၉၅၀၃၆

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင်ပါရှိသည့် "ကဗျာလွှတ်အက ဆင့်ပွားနည်းပြ" ဆောင်းပါးရေးသားသူ ကလောင်ရှင်အမည်နှင့်ပတ်သက်၍ ကလောင်အမည် "ချစ်ဆွေမြင့်" အစား "ချစ်ဆွေမြင့်နှင့် ဘငြိမ်းဝေ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အသံတိတ်ခေတ်က ဘကလေးရွှေရိုး

မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလ အသံတိတ်ရုပ်ရှင်ဇာတ်ကားများကို ယနေ့ခေတ် ရုပ်ရှင်ကြည့်ပရိသတ်များ မိသူရှားလှသည်။ စာရေးသူလည်း မမီပါ။ စာပေအထောက်အထားများ၏ ကျေးဇူးကြောင့် ယခုကဲ့သို့ ပြန်လည်တင်ပြနိုင်ခြင်းဖြစ်သည်။ ၁၉၂၀ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်စတင်ခဲ့ရာ ကိုယ့်နိုင်ငံနှင့်ကိုယ့်ရုပ်ရှင် ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် မျိုးချစ်စိတ်ရှိသော မြန်မာရုပ်ရှင်ကုမ္ပဏီများနှင့် မြန်မာရုပ်ရှင်အနုပညာရှင်များ အားတက်သရော ပေါ်ထွက်လာကြတော့သည်။ ထိုစဉ်က ယနေ့ခေတ်ကဲ့သို့ ရုပ်ရှင်စက်မှုနည်းပညာများ မဖွံ့ဖြိုး မတိုးတက်သေးသည့်အတွက် ရုပ်ပေါ်အောင်ပင် မနည်းကြိုးစားကြရသည်။ အသံမထွက်သေး၊ အသံတိတ်ကာလမှာ တော်သူ၊ ကျော်သူတွေလည်း များစွာပေါ်ထွက်ခဲ့ကြသည်။ ထိုအထဲ ဦးဘကလေးလည်း အပါအဝင်။ ဦးဘကလေးသည် ရေးချက်၊ စုတ်ချက်၊ သရော်ချက်များ ထိမိလှသည့် လက်ရာမြောက် ကာတွန်းဆရာကြီးတစ်ဦး၊ ကာတွန်း ရွှေတလေးဘကလေးအဖြစ် ရုပ်ရှင်နယ်မရောက်မီကပင် ထင်ပေါ်ကျော်ကြားသူဖြစ်ပြီး ဦးရွှေရိုးနှင့်ဒေါ်မိုးအကကို တီထွင်တင်ဆက်ကပြခဲ့သူမှာ ဦးဘကလေးဖြစ်သည်။ မြန်မာအဆွေဖလင်မှ ရိုက်ကူးသည့် တောမြိုင်စွန်းကလွမ်းအောင်ဖန်ဇာတ်ကားတွင် ဦးဘကလေးသည် ဇာတ်ပို့အဖြစ် စတင်ပါဝင်သရုပ်ဆောင်ခဲ့ပြီး ထိုဇာတ်ကားတွင် ဦးရွှေရိုးနှင့် ဒေါ်မိုးအကကို ကပြခဲ့ရာမှ ဘကလေး ရွှေရိုးအဖြစ် နာမည်ကျော်ခဲ့ပြန်သည်။ ဦးဘကလေးသည် မိတ်ကပ်လိမ်းခြယ်မှုအတတ်ပညာကျွမ်းကျင်ပြီး ရုပ်ပြောင်းရုပ်လွှဲဖန်တီးရာတွင် ပရိသတ်များပင် ကိုယ့်ရုပ်ကိုမှန်းမရလောက်အောင် လက်ရာမြောက်သူ၊ ရုပ်ရှင်လောကတွင် ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ခေါင်းဆောင်မင်းသား၊ ဇာတ်ပို့ဇာတ်ရန် စသည်ဖြင့် အသွင်မျိုးစုံပါဝင်စွမ်းဆောင်ခဲ့သည်။

> ❖ ရေးချက်၊ စုတ်ချက်၊ သရော်ချက်များ ထိမိလှသည့် လက်ရာမြောက် ကာတွန်းဆရာကြီးတစ်ဦး၊ ကာတွန်း ရွှေတလေးဘကလေးအဖြစ် ရုပ်ရှင်နယ်မရောက်မီကပင် ထင်ပေါ်ကျော်ကြားသူဖြစ်ပြီး ဦးရွှေရိုးနှင့် ဒေါ်မိုးအကကို တီထွင်တင်ဆက်ကပြခဲ့သူမှာ ဦးဘကလေးဖြစ်သည်။
>
> ❖ မိတ်ကပ်လိမ်းခြယ်မှုအတတ်ပညာကျွမ်းကျင်ပြီး ရုပ်ပြောင်းရုပ်လွှဲဖန်တီးရာတွင် ပရိသတ်များပင် ကိုယ့်ရုပ်ကိုမှန်းမရလောက်အောင် လက်ရာမြောက်။

ဦးဘကလေးသည် မြန်မာအဆွေကုန်တိုက်မှ ကြော်ငြာမန်နေဂျာ၊ မြန်မာအဆွေဖလင်မှ သရုပ်ဆောင်ဒါရိုက်တာ ဦးညီပု၏ ယောက်ဖ၊ သို့ဖြစ်၍ ရုပ်ရှင်လောကနှင့်မကင်း၊ တောမြိုင်စွန်းက လွမ်းအောင်ဖန် အသံတိတ်ဇာတ်ကားမှ စတင်၍ ရုပ်ရှင်နယ်တွင် အခြေချပြီး အဘရေ၊ တစ်ခိုင်လုံးရွှေ၊ တစ်ခိုင်လုံးစိန်၊ မှိုင်းဝေဝေ၊ ပလုပ်တုတ်တုတ်စကြာရှင်၊ တောသားလေးရွှေရိုး၊ ရွှေမင်းဝံ၊ ရွှေတလေး၊ ကြင်စဦး၊ ဝေလွင်လွင်၊ ကိုလူပျိုနှင့် သားနဲ့ပါဆို ကိုလူပျိုဇာတ်ကားများ ရိုက်ကူးခဲ့သည်။ ဦးဘကလေးပါဝင်ခဲ့သည့် ဇာတ်ကားအချို့ကို ဖော်ပြရသော် စာရေးဆရာကြီး ပီမိုးနင်း၏ နာမည်ကျော်ဝတ္ထုဖြစ်သော ပွဲစားကြီးသားအဖနှင့် မြမြဝတ္ထုကို အဘရေ အမည်သို့ပြောင်းပြီး ဦးဘကလေးက ကိုယ်တိုင်ဒါရိုက်တာအနေဖြင့် ရုပ်ရှင်အသွင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ရုံတင်ပြသခဲ့သည်။ အဆိုပါဇာတ်ကားတွင် မင်းသား မောင်မောင်လေး၊ မင်းသမီး မခင်သစ်တို့နှင့်တွဲဖက်၍ ဦးဘကလေးက ဇာတ်ပို့အဖြစ်ပါဝင်ပြီး ဘုရားဈေးပန်းသည်မလေး အလှပဂေးကို ဇရာအိုပွဲစားကြီးက သားဖြစ်သူနှင့် အပြိုင်ပိုးသည့်အခန်းမှာ ပရိသတ်များ တဝါးဝါး၊ တဟားဟား သဘာဝကျပြီး ဝင်ငွေကောင်းလှသည့်စံချိန်တင်ဇာတ်ကားတစ်ကားဖြစ်သည်။

ရုပ်ပြောင်းရုပ်လွှဲဖန်တီးရာတွင် ကျွမ်းကျင်လှသည့်အတွက် တစ်ခိုင်လုံးစိန် ဇာတ်ကားတွင် ဘဏ်တိုက်သူဌေးကြီး ဦးကက်စိန်အသွင်နှင့် ဝရမ်းပြေးတရုတ်အမျိုးသားကြီးတစ်ဦးအသွင်သရုပ်ဆောင်သွားပုံများမှာ အမြဲကြည့်နေကျပရိသတ်များပင် ဦးဘကလေးမှန်းမသိ၊ မမှတ်မိကြ။ မှိုင်းဝေဝေဇာတ်ကားတွင် အသွင်မတူသူ လေးဦး၏ အမူအရာများကို ခွဲခြား၍ ပီပြင်စွာသရုပ်ဆောင်ပြသွားခဲ့သည်။ ကောလိပ်ကျောင်းသား မောင်သက်ဖေ ဘဝ၊ ဖခင်အရွယ်လူကြီး ဦးသက်ဖေဘဝ၊ သူဖုန်းစား၊ ငဆွံ့နှင့် ဘုန်းကြီးကျောင်းသားသာဂိဘဝ၊ မိတ်ကပ်နှင့် သရုပ်ဆောင်အနုပညာပေါင်းစပ်ဖန်တီးသွားပုံမှာ အံ့ချီးမကုန်။ မှိုင်းဝေဝေဇာတ်ကားကို မြန်မာအဆွေဖလင်မှ ကြီးကြပ်သည့် ဘားမားဖလင်မှရိုက်ကူးထုတ်လုပ်ခဲ့သည်။ မှိုင်းဝေဝေဝတ္ထုကို လယ်တီပဏ္ဍိတဦးမောင်ကြီးက ရေးသားပြီး ဦးဘကလေးကိုယ်တိုင် သရုပ်ဆောင်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။

ဝေလွင်လွင်ဇာတ်ကားသည် တစ်မူထူးခြားပြန်၏။ ထိုခေတ်ထိုကာလ အချစ်ဇာတ်လမ်းများ ရိုက်ကူးပြီး ဇာတ်သိမ်းရာတွင် မင်းသား၊မင်းသမီးချစ်သူတို့ သေကွဲကွဲကြသည့် ဇာတ်လမ်းမျိုး ပရိသတ်လက်မခံ။ သို့သော်ဦးဘကလေးသည် သတ္တိရှိ၏။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိသည်။ ဇာတ်သွားဇာတ်လာအရ ကျိုးကြောင်းဆီလျော်အောင် ပုံဖော်တတ်ပါက ပရိသတ်လက်မခံနိုင်စရာအကြောင်းမရှိ။ ယုံကြည်သည့်အတိုင်း ရိုက်ကူးခဲ့ရာ ပရိသတ်လက်ခံပြီး ဝင်ငွေစံချိန်တင်နိုင်ခဲ့သည်အထိ အောင်မြင်ခဲ့ပြန်သည်။ ဝေလွင်လွင်ဇာတ်ကားသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် အကောင်းဆုံးအလွမ်းဇာတ်ကား၊ ပင်လယ်ကမ်းခြေရွာကလေးတစ်ရွာတွင် လှဝေ၊ လွမ်းပြေနှင့် မမြလွင်ဆိုသော သူငယ်ချင်း သုံးယောက်ရှိခဲ့ရာ သူငယ်ချင်းနှစ်ယောက် အပြိုင်ပိုးရာမှ လှဝေက မမြလွင်၏အချစ်ကို အောင်ပန်းဆင်ခဲ့ပြီး အိမ်ထောင်သည်ဘဝ ရောက်ခဲ့ကြသည်။ ကံကြမ္မာဆိုး၏ ထိုးနှက်ချက်ကြောင့် မမြလွင်၏ယောကျ်ား လှဝေမှာ ပင်လယ်ပြင်သို့ ငါးရှာထွက်ရင်း ပျောက်ဆုံးသွားခဲ့ပြီး မမြလွင်က သားသမီးနှစ်ဦးဖြင့် ဒုက္ခပင်လယ်ဝေတော့သည်။ မုဆိုးမဘဝ ယောကျ်ားကိုမျှော်သော်လည်း ပေါ်မလာ။ နောက်ဆုံးဆွေမျိုးအသိုင်းအဝိုင်းက တိုက်တွန်းသည့်အတွက် လွမ်းပြေနှင့် အိမ်ထောင်ပြုခဲ့ရပြန်သည်။ အရင်ယောကျ်ားလှဝေသည် အသက်မသေဘဲ ရုပ်ပျက်ဆင်းပျက်ဒဏ်ရာများရပြီး ပြန်ပေါ်လာသည်။ သို့သော် သူငယ်ချင်းလွမ်းပြေနှင့် အိမ်ထောင်ရေးသာယာနေသည့် မမြလွင်နှင့် ကလေးနှစ်ယောက်ဘဝကို မပြိုကွဲစေလိုသည့်အတွက် အဖြစ်မှန်ကို အသိမပေးဘဲ အထီးကျန်ဘဝနှင့် အသက်အသေခံသွားခဲ့သည်။ ကြေကွဲဆို့နင့်ဖွယ်ဇာတ်ကား။ ထိုဇာတ်ကားတွင် ဦးဘကလေးသည် ဟာသမဖက်။ အလွမ်းသမားကြီးသက်သက်ဖြင့် ပရိသတ်မျက်ရည်ကို ခြွေချနိုင်ခဲ့သည်။

ဘားမားဖိုတိုပလေးရုပ်ရှင်မှထုတ်လုပ်သည့် ရွှေမင်းဝံဇာတ်ကားတွင် သူ့ကျွန်ဘဝ ကုပ်သွေးစုပ် လယ်ပိုင်ရှင်တို့လက်မှ တောင်သူလယ်သမားကျောမွဲလူတန်းစားများအား ကယ်တင်ပုံကို ဇာတ်လမ်းဖွဲ့ တင်ပြထားသည်။ ကင်တင်ရှင်အဖြစ် ဦးဘကလေး ယောင်တစ်စောင်းနှင့် ခေါင်းပေါင်းပေါင်းထားပြီး မျက်နှာဖုံးစွပ်ကာ လေးမြားကိုင်ဆွဲ၍ အာဏာပိုင်နှင့် ကုပ်သွေးစုပ်များ လက်မှ ကျောမွဲ လူတန်းစားများကို ကယ်ထုတ်ပုံ၊ ရုပ်ပြောင်းရုပ်လွှဲကောင်းကောင်းဖြင့် အကျဉ်းအကျပ်များကြားမှ စွန့်စားရုန်းထွက်ပုံများမှာ ထူးခြားသည့်ပြကွက်များဖြစ်သည့်အတွက် ပရိသတ်ရင်ထဲ စွဲထင်ကျန်ရစ်ခဲ့သည်။ ထို့နောက် ဦးဘကလေးသည် "ဘားမားပိုတိုပလေး" ရုပ်ရှင်မှခွဲထွက်ပြီး "ရွှေရိုး" ရုပ်ရှင်ကို ထူထောင်သည်။ ဝတ္ထုဇာတ်လမ်းရွေးချယ်မှု ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဆက်တင်အခမ်းအနား၊ ကားကူး၊ ကားဆေး၊ ကားဆက်၊ အဆင့်တိုင်း ကိုယ်တိုင်ကြီးကြပ်စီစဉ်ဆောင်ရွက်သည်။

ဇာတ်လမ်း၊ သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ဦးဘကလေး ရိုက်ကူးခဲ့သည့် "ကြင်စဦး" ဇာတ်ကားတွင် ဦးဘကလေး၏ ဝါ၊ ပညာနှင့် သမ္မာပေါင်းစပ်လက်စွမ်းပြထားသည်။ ငယ်ကျွမ်းဆွေ၊ ချစ်သူနှစ်ဦး၊ ပြည်ပန်းညိုချိုပါလျက်ဆားကဖျက်၊ ကြားလေသွေး၍ ဝေးခဲ့ကြရာမှ ကံဆရာအလိုကျပြန်လည်ပေါင်းဆုံရသည့် ဇာတ်လမ်း။ ဇာတ်လမ်းမှာ ရိုးရိုးလေး။ သို့သော် ပရိသတ်က ချစ်သူနှစ်ဦးဝေးသွားမလားဆိုသော စိုးရိမ်စိတ် အတွေးများဖြင့် ရင်တမမကြည့်ခဲ့ကြရပြီး ဇာတ်ကားပြီးမှ သက်ပြင်းချနိုင်ကြလေသည်။ လူတိုင်းပြောစမှတ်ပြုကြရသည့်အပြင် နန်းတော်ရှေ့ဆရာတင်၏ ရုပ်ရှင်နောက်ခံ "ကြင်စဦး" တေးကလည်း ပရိသတ်အရှိုက် ထိစေခဲ့သည်။ ထို့ပြင် ပိတ်ကားပေါ်ရှိ ဘောလုံးဖြူလေးတစ်လုံးက သီချင်းစာသားပေါ်တွင် တော့ကာတော့ကာ ပရိသတ်လိုက်ဆိုနိုင်အောင် ညွှန်ပြထားသည့်အတွက် ရုံအတွင်းရှိ ပရိသတ်များ တီးဝိုင်းနှင့်အတူ လိုက်ဆိုကြရာ ရုပ်ရှင်တစ်ရုံလုံး သီချင်းသံများဖြင့် ဖုံးလွှမ်းနေတော့သည်။ ယခုခေတ် ကာရာအိုကေတို့၏ဘိုးအေဟု တင်စားပြောရမလို။ "ရွှေရိုး" ကုမ္ပဏီမှ တတိယမြောက်ဇာတ်ကားအဖြစ် "ကိုလူပျို" ဇာတ်ကားရိုက်ကူးခဲ့ပြီး နောက်ဆုံးဇာတ်ကားအဖြစ် ကမ္ဘာကျော်ချာလီချက်ပလင်၏ The Kid ဇာတ်ကားကို မြန်မာမှုပြု၍ ဦးဘကလေးကိုယ်တိုင် သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည့် သားနဲ့ပါဆိုကိုလူပျို ဇာတ်ကားတွင် သောက်သောက်စားစား လူမင်းသား၊ ဖြစ်ကတတ်ဆန်းနေတတ်သော လူပျိုကြီးတစ်ယောက်၊ ကလေးငယ်တစ်ယောက်ကောက်ရပြီး မွေးစားရာမှ ကြုံတွေ့ရသည့်ဒုက္ခများကို ရယ်စရာ၊ ကရုဏာသက်စရာအဖြစ်ရိုက်ကူးခဲ့ရာ ပရိသတ်အကြိုက်တွေ့ခဲ့ပြန်သည်။

ဦးဘကလေးသည် ရုပ်ရှင်အနုပညာသာမက စာပေကိုလည်း အထူးလေ့လာလိုက်စားပြီး ဘကြီးမေတ္တတိုး၊ ဘကလေး၊ ရွှေတလေး ကလောင်အမည်များဖြင့် နိုင်ငံရေး၊လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်မြင့်မားရေးအတွက် စာပေများရေးသားခဲ့သည်။ သို့ဖြစ်၍ ဦးဘကလေး၏အစွမ်းအစနှင့် လုပ်ဆောင်ချက်များအရ ဦးဘကလေးသည် စွယ်စုံရပညာရှင်တစ်ဦးဖြစ်သည်ဟု ဆိုရပေမည်။

(မြန်မာရုပ်ရှင်အတွက် များစွာအထောက်အကူဖြစ်စေခဲ့သည့် စွယ်စုံအနုပညာရှင် ဦးဘကလေးသို့ ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်။)

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ကျမ်းကိုး- မြန်မာရုပ်ရှင်သမိုင်း(ငွေရတုကာလ) ၁၉၂၀-၁၉၄၅

ရမည်းသင်း မြို့မတေးဂီတ နှစ်(၄၀)ပြည့် အထိမ်းအမှတ်ကျင်းပ

ရမည်းသင်း မေ ၃၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မတေးဂီတအသင်း၏ နှစ်(၄၀)ပြည့် အထိမ်းအမှတ်ညှော်ခံပွဲကို မေ ၂၈ ရက် ညနေ ၄ နာရီတွင် ထရမ်ပက် ဦးမောင်မောင်၏ နေအိမ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါညှော်ခံပွဲတွင်အသင်းဥက္ကဋ္ဌ ဦးစန်ငွေက "ကျွန်တော်တို့ရဲ့ ရမည်းသင်းမြို့ မြို့မတေးဂီတအသင်းကို (၂၈-၅-၁၉၇၄) နေ့ကစပြီး အသင်းသား ၂၅ ဦးနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့တာဟာ ဒီနေ့မှာ နှစ် (၄၀)ပြည့်ခဲ့ပါပြီ။ ကျွန်တော်တို့အသင်းဟာ စန္ဒားယား၊ ကီးဘုတ်၊ လေမှုတ်တူရိယာ ပစ္စည်းတွေနဲ့ မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့အသံ စစ်စစ်တွေကိုသာ အဓိကထားပြီး တီးမှုတ်သီဆိုဖျော်ဖြေခဲ့တဲ့အပြင် ဂီတပညာ တိုးတက်ပြန့်ပွားရေးအတွက် ကမ္ဘာသုံးဂီတသင်္ကေတတွေနဲ့ တူရိယာပညာများကို ပံ့ပိုးကူညီသင်ကြားပေးခဲ့တဲ့ (မန္တလေးမြို့မတူရိယာအသင်း)က ပညာရှင်တွေကို ကျေးဇူးအထူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့ပါသည်။

အဆိုပါညှော်ခံပွဲတွင် အသင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းကြပြီး သီဆိုဖျော်ဖြေကြသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆရာသောင်း(ရမည်းသင်း)

မန္တလေးတွင်ဝါဆိုခြင်းအလှူခတ်ပွဲတော် ကျင်းပ

မန္တလေး မေ ၃၁

မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် (၈၆)ကြိမ်မြောက် ဝါဆိုခြင်း အလှူခတ်ပွဲတော်ကို ခြင်းဝါသနာရှင်များ စုပေါင်း၍ မေ ၁၇ ရက်မှ ဇူလိုင် ၁၂ ရက်အထိ အသင်းပေါင်း ၁၇၁၀ ဖြင့် ယှဉ်ပြိုင်ခတ်ကစားလျက်ရှိကြောင်း သိရသည်။

ဝါဆိုခြင်းအလှူခတ်ပွဲတော်ကို ရန်ကုန်၊ စစ်ကိုင်း၊ ပခုက္ကူ၊ မော်လမြိုင်၊ နမ္မတီးစသည့် မြန်မာနိုင်ငံအရပ်ရပ်မှ ခြင်းဝါသနာရှင်များသာမက ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ မှ ခြင်းဝါသနာရှင်များလည်း လာရောက်ခတ်ကစားလျက်ရှိပြီး နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ ခြင်းအသင်းတစ်သင်းလျှင် မိနစ် ၃၀ ကြာ ဧည့်ခံဖျော်ဖြေလျက်ရှိသည်။

ခြင်းလုံးအားကစားနည်းသည် မြန်မာ့ရိုးရာ အားကစားနည်းတစ်ခုဖြစ်ပြီး မြို့ပြနှင့် ကျေးလက်များပါ အလေးထား ဆော့ကစားလျက်ရှိသည်။ ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင်လည်း ရွှေတံဆိပ်ဆုအမြောက်အမြားဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ပြည်ပနိုင်ငံများအနေဖြင့်လည်း မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ယခင်ကထက်ပိုမိုစိတ်ဝင်စားလာခဲ့ကြသည်။ **(ကျော်ဇင်မိုး)**

ဆောက်သမ်တန်အသင်းနည်းပြဖြစ်လာရန် ဒေးဗစ်မိုယက်စ် ရေပန်းစား

အင်္ဂလန် မေ ၃၁

အင်္ဂလန်ပရီမီယာလိဂ် ကလပ် ဆောက်သမ်တန်အသင်းသည်၎င်းတို့၏ လစ်လပ်လျက်ရှိနေသော နည်းပြရာထူးအတွက် ဒေးဗစ်မိုယက်စ်အား ခန့်အပ်ရန်ကြိုးပမ်းနေကြောင်းသိရသည်။ ဆောက်သမ်တန်အသင်း၏ နည်းပြ ဖြစ်သူ ပိုချက်တီနိုသည် စပါးအသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် အသင်း၏ နည်းပြရာထူးမှာ လစ်လပ်နေပြီး ဒေးဗစ်မိုယက်စ်အပါအဝင် ရော်လ်နယ်ကိုးမန်း၊ မိုက်ကယ်လောဒရပ်တို့အား ခန့်အပ်ရန် လျာထားခဲ့သော်လည်း ဒေးဗစ်မိုယက်စ်အား ခေါ်ယူသွားရန် မျက်စိကျနေခြင်းလည်းဖြစ်သည်။ ဒေးဗစ်မိုယက်စ်မှာလည်း ဆောက်သမ်တန်အသင်းသို့ပြောင်းရွှေ့မည်ဆိုသော သတင်းများကို ငြင်းဆန်ခြင်းမပြုခဲ့ဘဲ အသင်းဥက္ကဋ္ဌနှင့်ဆွေးနွေးသွားမည်ဖြစ်ပြီး အဓိကကစားသမားများကို ရောင်းချခြင်းမပြုမှသာ ၎င်းနည်းပြရာထူးအတွက် လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော် ဆောက်သမ်တန်အသင်း၏ အဓိကကစားသမားများဖြစ်ကြသည့် လုခ်ရှော၊ လယ်နာလာ၊

ရစ်ကီလမ်းဘတ်တို့မှာဥရောပအသင်းကြီးများ၏ ပစ်မှတ်ထားခြင်းကိုခံနေရပြီး အသင်းမှထွက်ခွာရန်ပြင်ဆင်နေကြသည်။ မိုယက်စ်သည် လွန်ခဲ့သည့်ဘောလုံးရာသီက အဲဗာတန်မှ မန်ယူအသင်းသို့ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းကိုအောင်မြင်မှုရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ခြင်း မရှိသလို စံချိန်တင်ရလဒ်ဆိုးများဖြင့်ကြုံတွေ့ခဲ့ရပြီး နှစ်တိုင်းနီးပါးဝင်ခွင့်ရရှိနေသည့် ဥရောပဝင်ခွင့်ကိုလည်း လွဲချော်ခဲ့ရသည်။ **(ကိုရဲ)**

သံတွဲခရိုင် အုပ်ချုပ်ရေးမှူးဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

သံတွဲ မေ ၃၁

၂၀၁၄ ခုနှစ် သံတွဲခရိုင်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် သံတွဲမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အဖွင့်အမှာစကားပြောကြားသည်။

အဖွင့်ပွဲစဉ်အဖြစ် သံတွဲမြို့နယ်အသင်းနှင့် ဂွမြို့နယ် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်ရွှေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကံဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်ဇော်၊ မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးတင်စိန်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ခရိုင်ပြန်/ဆက်**

မြစ်ငယ်ဈေးအတွင်း တစ်သောင်းတန်ငွေစက္ကူအတု သိမ်းဆည်းရမိ

မြစ်ငယ် မေ ၃၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့မရပ်ကွက်ဈေးအတွင်း မေ ၂၈ ရက် ညနေ ၆ နာရီက တစ်သောင်းတန် ငွေစက္ကူအတု သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ငယ်ဈေးထဲတွင် ငွေကျပ် တစ်သောင်းတန်ငွေစက္ကူအတုဖြင့် ဈေးလိုက်ဝယ်နေသော အမျိုးသမီးကိုတွေ့ရကြောင်း အမရပူရ မြို့နယ် ဥယျာဉ်တော် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရဲမြင့်ထံသို့ မြစ်ငယ်မြို့မရပ်ကွက် ဈေးအတွင်း ပန်းသီးရောင်းသော မမြင့်မြင့်ခိုင်က ဖုန်းဆက် အကြောင်းကြားခဲ့ရာ ထိုအမျိုးသမီးသည် ဖျောက်ဆိပ်ကုန်းရပ်ကွက် ဓမ္မာရုံဘက်သို့ ထွက်သွားကြောင်းပြောသဖြင့် ဥယျာဉ်တော် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့်အဖွဲ့သည် ဖျော်ဆိပ်ကုန်းဓမ္မာရုံဘက်သို့ သွားရောက် ရှာဖွေခဲ့ရာ မြစ်ငယ်-စစ်ကိုင်း ဖြတ်လမ်း ဥယျာဉ်တော် ကျေးရွာအုပ်စုအပိုင် ရေလဲကျောင်း ဘုန်းကြီးကျောင်းအနီးလမ်းမပေါ်တွင် အမျိုးသမီး နှစ်ဦးကို တွေ့ရှိခဲ့သည်။

ထိုအမျိုးသမီးနှစ်ဦးမှာ စစ်ကိုင်းမြို့နယ် ပဒူကျေးရွာအုပ်စု ကျောက်ပန်နန်ကျေးရွာနေ ဒေါ်တင်တင်ဝင်းနှင့် စစ်ကိုင်းမြို့ နန်းဦးမြို့သစ် ရပ်ကွက်နေ ဖြိုးဝေလင်း(ခ)မဖြိုးတို့ဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးသည် မထွေးထွေးရီဖိနပ်ဆိုင်၊ ပန်းသီးဆိုင်နှင့် မနှင်းဝတ်ရည်အထည်ဆိုင်တို့တွင် ငွေကျပ်တစ်သောင်းတန် ကဏ ၇၉၇၆၇၄၈ A0 7976748 ဖြင့် ဈေးဝယ်ခဲ့ရာ အဆိုပါ ငွေစက္ကူမှာ အတုဖြစ်နေသဖြင့် အမှုမှန်ပေါ်ပေါက်ရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

■

နိုင်ငံတကာ သတင်းဂျာနယ်

တရားမဝင် သစ်ခွဲသားများ ဖမ်းဆီးရမိ

ကျိုင်းတုံ မေ ၃၁

ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာ အုပ်စု မိုင်းခုတ်လမ်းဟောင်းရှိ မိုင်တိုင် အမှတ်(၁၇/၀) အနီးတွင် ၁၀ ဘီးကား နှစ်စီးဖြင့် တင်ဆောင်ထားသော တရားမဝင် ပိတောက်ခွဲသား ဆိုဒ်စုံ ၂၅ ဒသမ ၈၃၅ တန်အား မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဖမ်းဆီးရမိခဲ့သည်။

ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းဆတ်မြို့နယ်တို့မှ သစ်တောဦးစီး ဌာနဝန်ထမ်းများ ပူးပေါင်း၍ ကြိုတင်သတင်းပေးချက်အရ ရှာဖွေခဲ့ရာ ယာဉ်မောင်း စိုင်းလုံသန်း နောင်ငင်းရွာ ကျိုင်းတုံမြို့နယ်နေသူ မောင်းနှင်သော Nissan UD Diesel အစိမ်းရောင် ယာဉ် ၃ခ/-- ၁၀ ဘီး ယာဉ်ပေါ်မှ ပိတောက်ခွဲသား ဆိုဒ်စုံ ၁၃ ဒသမ ၉၄၉ တန်နှင့် ယာဉ်မောင်း အောင်ဇော်(ခ) ဖိုးထောင် ပျွေခါးရွာ ကျိုင်းတုံမြို့နယ်နေသူ မောင်းနှင်သည့် Nissan UD Diesel စိမ်းပြာကျားရောင် ယာဉ်အမှတ် ၃ခ/--- ၁၀ ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ဆိုဒ် စုံ (၁၁ ဒသမ ၈၈၆) တန်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ကျိုင်းတုံမြို့မရဲစခန်းက ၎င်းတို့နှစ်ဦးအား (ပ) ၆၀/၂၀၁၄၊ (ပ) ၆၁/၂၀၁၄၊ ပြည်သူပိုင် ၆(၁) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထက်တိုင်းကျော်

စံပြရုပ်ရှင်ရုံရှေ့တွင် နံနက်လင်းပိုင်း ယာဉ်တိုက်မှုဖြစ် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး ဒဏ်ရာရ

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် စံပြရုပ်ရှင်ရုံအနီး အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းဆုံတွင် မေ ၃၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က တိုယိုတာ တောင်းအေ့ယာဉ်နှင့် အိမ်စီးယာဉ်ငယ်တစ်စီးတို့ တိုက်မိကြရာ တိုယိုတာ တောင်းအေ့ယာဉ်မှာ လမ်းဆုံတွင် နောက်ကြောင်းလှည့်၍ လမ်းပေါ်သို့ တစောင်းအနေအထား လဲကျနေပြီး ခရီးသည်အချို့ကို ဆေးရုံသို့ ပို့လိုက်ရသည်ဟု အဆိုပါနေရာတွင်ရှိနေသူများက ဆိုသည်။

ရန်ကုန်တစ်ဖက်ကမ်းမှ ကူးတို့လှေများဖြင့်လာရောက်ပြီး အင်းစိန်လမ်းမပေါ်ရှိ ဘာတာမှတ်တိုင်အနီး ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ အလုပ်ဝင်ရန် စဉ့်အိုးတန်းကမ်းနားတွင် အဆိုပါ တိုယိုတာတောင်းအေ့ယာဉ်ဖြင့် လိုက်ပါလာခြင်းဖြစ်ကြောင်း၊ တစ်ဦးလျှင်ကားခ ကျပ် ၂၀၀ နှုန်းဖြင့် ခရီးသည် ၂၀ လိုက်ပါလာကြောင်း၊ ဘုန်းကြီးလမ်းအတိုင်း တောင်မှ မြောက်သို့ အရှိန်ဖြင့် မောင်းနှင်လာစဉ် မီးပွိုင့်အဖြတ်တွင် အနော်ရထာလမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်းကျော်မျိုးထွန်း မောင်းနှင်လာသည့် GTI ဘောက်ဝက်စ်ဂွန် အမျိုးအစား အနက်ရောင် ၃ဃ/..... ဖြင့်တိုက်မိခြင်းဖြစ်ကြောင်း၊ အိမ်စီးယာဉ်ငယ်၏ ဝဲဘက်ရှေ့ခန်းတံခါး ဘေးဝန်းကျင်ကြေမွသွားပြီး ဝင်းညွန့်မောင်းနှင်သည့် တိုယိုတာတောင်းအေ့ အဖြူရောင် ၃င/.... ယာဉ်မှာ ခေါင်းပိုင်းကြေမွသွားကြောင်း၊ တိုယိုတာ တောင်းအေ့ပေါ်ပါ ခရီးသည်များ အနက် အမျိုးသားနှစ်ဦး၊ ကိုယ်ဝန်ဆောင်တစ်ဦး အပါအဝင် အမျိုးသမီးနှစ်ဦး စုစုပေါင်း လေးဦးနှင့် ယာဉ်မောင်းပါဆေးရုံသို့ ပို့လိုက်ရကြောင်း၊ ယာဉ်ပေါ်ပါခရီးသည်တစ်ဦးက ဆိုသည်။

အမှုကို သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူထားသည်ဟု သိရသည်။

အဆိုပါ လမ်းဆုံနေရာတွင် မကြာခဏယာဉ်တိုက်မှုဖြစ်ပွားတတ်ပြီး ထိခိုက်သေဆုံးမှုများရှိကြောင်း၊ ညပိုင်းနှင့် နံနက်လင်းပိုင်းတို့တွင် အထူးသတိထား သွားလာနေရကြောင်း ယင်းနေရာတွင် ဈေးရောင်းသူတစ်ဦးက ဆိုသည်။ **မောင်စေအောင်**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) ၏ ဦးဆောင်မှုဖြင့် ALPHA Resources & Training Co., Ltd. မှ တာဝန်ယူကျင်းပပေးသော

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ လှပျိုဖြူများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်
ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ်လအတွင်း ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်သွားမည်

Miss MYANMAR INTERNATIONAL 2014

ပြိုင်ပွဲဝင်များရွေးချယ်ရာတွင် အောက်ပါအရည်အချင်းရှိသူများနှင့် အချက်အလက်ပြည့်စုံသူများကိုသာ ရွေးချယ်သွားမည် ဖြစ်ပါသည်။

- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိသူဖြစ်ရပါမည်။
- မြန်မာအမျိုးသမီးဖြစ်ရပါမည်။
- အိမ်ထောင်မရှိသူ ၊ မကွာရှင်းသူ ၊ အပျို ဖြစ်ရပါမည်။
- အရပ်(၅)ပေ (၅)လက်မနှင့်အထက်ရှိသူဖြစ်ရပါမည်။
- အင်္ဂလိပ်စကား အသင့်အတင့်ပြောနိုင်သူဖြစ်ရပါမည်။
- Tourism နှင့်ပတ်သက်၍အခြေခံဗဟုသုတရှိသူဖြစ်ရပါမည်။
- အုပ်ထိန်းသူထံမှ ခွင့်ပြုချက်စာ တစ်စောင်ပါရပါမည်။
- စိတ်ကျန်းမာရေး ကိုယ်ကျန်းမာရေး ကောင်းမွန်သူဖြစ်ရပါမည်။
- မျက်နှာအနီးကပ်ပုံ(၁)ပုံ ကိုယ်တပိုင်းပုံ(၁)ပုံ ကိုယ်လုံးပြည့်ပုံ(၁)ပုံ စုစုပေါင်း(၃)ပုံ အတူပူးတွဲပေးပို့ရန်။
- မြန်မာနိုင်ငံသား မှတ်ပုံတင်မိတ္တူ(၁)စုံ အိမ်ထောင်စုစာရင်းမိတ္တူ (၁)စုံ ပူးတွဲတင်ပြရန်။
- တက္ကသိုလ်ဝင်ခွင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။(အထောက်အထားများအားမူရင်းနှင့်တကွပူးတွဲတင်ပြရန်)
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရပါမည်။
- ရွေးချယ်ခံရပါက Miss Myanmar International ရွေးချယ်ရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများကို နားလည် သဘောပေါက်ကြောင်း သဘောတူစာချုပ် ချုပ်ဆိုနိုင်ရပါမည်။

☐ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများကအကြောင်းကြား စိစစ်မည်။
☐ လျှောက်လွှာနောက်ဆုံးထားပေးပို့ရမည့်ရက်မှာ (25 June 2014) ဖြစ်ပါသည်။
☐ လူတွေ့စစ်ဆေးမည့်ရက်ကို ပြန်လည်အကြောင်းကြားမည်ဖြစ်ပါသည်။

Miss Myanmar International 2014 Award ရရှိသောသူသည် -

* ဆုငွေကျပ်သိန်းပေါင်းများစွာ အပြင် Japan တွင်ကျင်းပမည့် Miss International Beauty Pageant 2014 ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် နှင့် နှစ်စဉ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်ကျင်းပသော International Tourism Boerse (ITB 2015) ကမ္ဘာ့အကြီးဆုံးခရီးသွားပြပွဲသို့ တက်ရောက်ခွင့်ရရှိပါမည်။
* 1st Runner Up နှင့် 2nd Runner Up ဆုရရှိသူများသည်လည်း ဆုကြေးငွေအပြင် နိုင်ငံတကာပြပွဲများသို့သွားရောက်ခွင့် ရှိပါမည်ဖြစ်ပါသည်။

• Miss Myanmar International 2014 လျှောက်လွှာပုံစံရယူလိုသူများ၊ SPONSOR အဖြစ် ပါဝင်ကြော်ငြာလိုသည့် လုပ်ငန်းရှင်များ နှင့် ပွဲအကြောင်းသိရှိလိုသူများသည် အောက်ပါ လိပ်စာများသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်း နိုင်ပါသည်။

• လျှောက်လွှာပုံစံများကို Miss Myanmar International 2014 နှင့် Miss Myanmar International စသော Official Facebook Page များတွင် Download လုပ်နိုင်ပါသည်။

MTF Office - No. 3(A) Corner of Waizayandar Rd & Thanthumar Rd, Thuwanna, Thingangyun Township.
Phyo Phyo - 09425277760, 01 8551012~3

ALPHA Office - No. 182(B), Dhammazedi Road, Bahan. Vicky - 09 5070952, Me Me - 09 420287941

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လဆန်း/လဆုတ် ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ (က) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ဖြစ်စေ၊ နိုင်ငံတော်သမ္မတက သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်းအရဖြစ်စေ ရွေးချယ်နိုင်သည်။"

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ) ပါ အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပုဒ်မခွဲ (က)အရ တင်သွင်းသည့်တင်သွင်းလွှာတွင် အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် သဘောထားရယူရန် ဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၇ ၏ နောက်တွင် ပုဒ်မ ၁၇-က နှင့် ပုဒ်မ ၁၇-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၇-က (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းလိုက်သော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသော အချက်ကိုဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) တင်သွင်းလွှာတွင် ကိုးကားသည့် အထောက်အထား၊ စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲပါရှိစေရမည်။

(၃) ခုံရုံးသည် ပုဒ်မခွဲ(၁) အရ တင်သွင်းလာသောကိစ္စရပ်ကို စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ် ဆွေးနွေးချက်များကို တောင်းခေါ်ကြည့်ရှုနိုင်သည်။

၁၇-ခ (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသော အချက်ကို ဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) ခုံရုံးသည် ပုဒ်မခွဲ(၁) အရ တင်သွင်းလွှာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ အာဏာပိုင်အား ယင်း၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ စာဖြင့် ရှင်းလင်းတင်ပြခွင့်ပေးရမည်။"

၅။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ အခန်း(၅)၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"တင်သွင်းလွှာကို စစ်ဆေးခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း ဆုံးဖြတ်ခြင်း"

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈။ ဥက္ကဋ္ဌသည် ပုဒ်မ ၁၆ သို့မဟုတ် ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၇-က သို့မဟုတ် ပုဒ်မ ၁၇-ခ အရ တင်သွင်းသောတင်သွင်းလွှာ ပြည့်စုံမှုရှိ မရှိ စစ်ဆေးတင်ပြရန် နိုင်ငံတော်သမ္မတက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးတို့ ပါဝင်သော တင်သွင်းလွှာ စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။"

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၉ ၌ ပါရှိသော "စိစစ်ရေးအဖွဲ့သည် တင်ပြချက်များနှင့်စပ်လျဉ်း၍" ဆိုသည့်စကားရပ်အစား **"တင်သွင်းလွှာစစ်ဆေးရေးအဖွဲ့သည် တင်သွင်းလွှာနှင့်စပ်လျဉ်း၍"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များအနက် မည်သည့်အချက်ကို တင်သွင်းကြောင်း ခွဲခြားစစ်ဆေးရမည်။ စပ်ဆိုင်သော အချက်အလက်များနှင့် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာ ပူးတွဲပါရှိခြင်းရှိ မရှိ စစ်ဆေးရမည်။ ယင်းသို့ စစ်ဆေးရာတွင် ပြည့်စုံမှုမရှိကြောင်း တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်းတင်ပြစေရမည်။ ရှင်းလင်းပြည့်စုံအောင် တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။"

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(ခ) တွင်ပါရှိသော **"ပြန်လည်ရှင်းလင်းရမည့်"** ဆိုသည့် စကားရပ်နောက်၌ **"သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော"** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၁ ၏ ပုဒ်မခွဲ(စ) ကို ပယ်ဖျက်ရမည်။

၁၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၁ ၏နောက်တွင် ပုဒ်မ ၂၁-က ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၁-က ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။"

၁၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၂ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ခုံရုံးသည်-

(က) ကြားနာပြီးနောက် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ကို ဆောလျင်စွာချမှတ်နိုင်ရန် စီစဉ် ဆောင်ရွက်ရမည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

(ဂ) ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားကို ခုံရုံး၏ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) ခုံရုံး၏ ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(င) ပုဒ်မ ၁၂ ပုဒ်မခွဲ(က) အရ တင်သွင်းလွှာများအတွက် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၇-က၊ ၁၇-ခအရ တင်သွင်းလွှာများအတွက် သဘောထားအဖြစ် လည်းကောင်း၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)နှင့်(ဆ)တို့အရ တင်သွင်းလွှာများအတွက် ဆုံးဖြတ်ချက်အဖြစ်လည်းကောင်း ချမှတ်ရာတွင် ခုံရုံးကိုယ်စား ဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ အများပြည်သူရှေ့မှောက်တွင် ဖတ်ကြားရမည်။"

၁၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၅၊ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ တို့တွင် ပါရှိသော **"တင်ပြချက်"**ဆိုသည့် စကားရပ်ကို **"တင်သွင်းလွှာ"**ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် အပြီးအပြတ်အတည်ဖြစ်သည်။"

၁၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်းပြဋ္ဌာန်းရမည်-

"၂၅။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့သည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့ လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသ အသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်"

၁၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၃၅ တွင်ပါရှိသော "ဆုံးဖြတ်ချက်များ"ဆိုသည့် စကားရပ်၏နောက်တွင် **"အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သဘောထားများ"**ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

သထုံမြို့နယ်၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

သထုံ မေ ၃၁

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်အမီ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောက်လုပ်ပြီးစီးပြီဖြစ်သော သထုံမြို့နယ်အတွင်းရှိ သုဓမ္မဝတီမြို့သစ် မူလတန်းကျောင်းဆောင်သစ်၊ ဘင်လှိုင်ရပ်ကွက် အောက်လမ်း မူလတန်းကျောင်းဆောင်သစ်၊ အောက်ကျင်းရပ်ကွက် ကန်ညီနောင် မူလတန်းလွန်ကျောင်းဆောင်သစ်နှင့် ကတိုက်ကလေးကျေးရွာ အလယ်တန်းကျောင်းဆောင်သစ်တို့အား မေ ၂၈ ရက်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ပေးအပ်ပွဲများကို အဆိုပါကျောင်းများတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး Good Day& Zaw Group ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်များနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာကျောင်းများတွင် ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူသည်။ အဆိုပါကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး သုဓမ္မဝတီကျောင်းမှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ ကုန်ကျငွေကျပ်သိန်း ၃၂၀၊ ဘင်လှိုင် အောက်လမ်း မူလတန်းကျောင်းမှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ကုန်ကျငွေကျပ်သိန်း ၃၂၀ နှင့် ကတိုက်ကလေးကျေးရွာ အလယ်တန်းကျောင်းမှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ ကုန်ကျငွေကျပ် ၂၁၆ သိန်းဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

ရမ်းဗြဲ၌ တရားရုံးအဆောက်အအုံသစ်ဖွင့်

ရမ်းဗြဲ မေ ၃၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် တရားရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်နယ်တရားသူကြီးချုပ် ဦးကျော်၊ ပြည်နယ်ဥပဒေချုပ်ဦးလှသိန်းနှင့် ပြည်နယ်တရားရုံးဦးစီးမှူး ဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဦးမြင့်စိုးက တရားရုံးသစ်ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး HT-9 ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက မြို့နယ်တရားရုံးဆောက်လုပ်ရခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(၅၂၂)

ရွှေတောင်မြို့နယ်တွင် လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

ရွှေတောင် မေ ၃၁

စာပေဖတ်ရှုခြင်းဖြင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြေနီဝကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် မယားမာန်အုပ်စု မြေနီဝကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာပေအကျိုးကျေးဇူးအကြောင်းကို ရှင်းလင်းပြောကြားခဲ့ရာ အုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်သို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်က မတည်ရန်ပုံငွေအဖြစ် ငွေကျပ် တစ်သောင်းပေးအပ်လှူဒါန်းခဲ့ပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာအုပ်စာစောင်အုပ် ၁၀၀ နှင့် အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မင်းက ဂျာနယ်စာစောင် အုပ် ၅၀ ကို လည်းကောင်း၊ ဒေါ်ကြည်ကြည်ငွေးမိသားစု (ကေဝိုင်းဆီစက်)မှ ငွေကျပ်ရှစ်သောင်းတန်ဗီရိုတစ်လုံးနှင့် ဦးချစ်စိန်မိသားစုက ငွေကျပ် လေးသောင်းတန် စာအုပ်စင်တစ်ခုပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်ကော်မတီမှ တာဝန်ရှိသူက လက်ခံရယူသည်။

အဆိုပါ လင်းရောင်ခြည်စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာထည့်ဝင်ငွေကျပ် ၅၃၉၈၀၀ စုစုပေါင်းငွေကျပ် ၁၅၃၉၈၀၀ အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံအမျိုးအစားမှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၅ ပေ တစ်ထပ်သွပ်မိုးအုတ်ကာ၊ အုတ်ခင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး မေ ၃၁

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက် နံနက် ၉ နာရီက အမှတ် (၁၃၁) တပင်ရွှေထီးလမ်းရှိ မိခင်နှင့်ကလေးအသင်းရုံး၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ချမှတ်ထားသော ဆုံးဖြတ်ချက် ခြောက်ရပ်နှင့် ရှေ့လုပ်ငန်းစဉ် ၁၇ ရပ်ကို ဖတ်ကြားတင်ပြခြင်း၊ အဖွဲ့ဝင်က ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုင်းဒေသကြီး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ ဘဏ္ဍာရေးမှူးက ငွေစာရင်းရှင်းတမ်းများ ရှင်းလင်းတင်ပြခြင်းနှင့် ခရိုင်နှင့် မြို့နယ်များက လိုအပ်သည်များကို ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဌာနများ၏ ဝန်ဆောင်မှုပေးသူများအတွက် အရည်အသွေးမြှင့်တင်ရေးဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ပဲခူးသား)

ဖြူးမြို့တွင် မီးသတ်ယာဉ်နှင့် မီးသတ်စခန်း အဆောက်အအုံလှူဒါန်း

ဖြူး၊ မေ ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ၂၀၁၄ ခုနှစ်၊ မေ ၁၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာတွင် ပြုလုပ်သည့် မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်စခန်း အဆောက်အအုံလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

မီးသတ်စခန်းအဆောက်အအုံနှင့် မီးသတ်ယာဉ်လှူဒါန်းပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်မှဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

မီးသတ်ယာဉ်တစ်စီးနှင့် အဆောက်အအုံ လှူဒါန်းကြသော ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်မှ အလှူငွေ ကျပ်သိန်း ၅၀၊ IBTC ကုမ္ပဏီလီမိတက်မှ အလှူငွေ ကျပ်သိန်း ၅၀၊ Fortune International ကုမ္ပဏီလီမိတက်မှ အလှူငွေ ကျပ်သိန်း ၅၀၊ CB Bank ကုမ္ပဏီလီမိတက်မှ အလှူငွေ ကျပ်သိန်း ၃၀ နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျပ် ၂၅ သိန်း၊ စုစုပေါင်းငွေကျပ် ၂၀၅ သိန်းဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်ကမ်းပြိုကျမှုကြောင့် နေအိမ်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချ

ရန်ကုန်၊ မေ ၃၁

ရန်ကုန် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်း ရပ်ကွက်၊ လှိုင်မြစ်ကမ်းဘေးတွင်တည်ရှိသော လူနေအိမ်များ မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမှုဘေးအန္တရာယ်မှ လွတ်ကင်းစေရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပထမအသုတ် အိမ်ထောင်စု ၄၀ ကို ဘေးလွတ်ရာကုန်းမြေတွင် စနစ်တကျနေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ပြောင်းရွှေ့ရာတွင် မေ ၁၀ ရက်မှ ၃၀ ရက်အတွင်း စနစ်တကျပြောင်းရွှေ့နိုင်ရန် ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလတ်ချောင်းရပ်ကွက် အုပ်ချုပ်ရေးအထောက်အကူပြုအဖွဲ့များမှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ပထမအသုတ် ပြောင်းရွှေ့သည့် အိမ်ထောင်စုများအားလုံး နေအိမ်များဆောက်လုပ် ပြီးစီးနေပြီဖြစ်ရာ ကြည့်မြင်တိုင်မြို့နယ်လှိုင်မြစ်ဘေးမှ ကျန်ရှိသည့် အိမ်ထောင်စုများကိုလည်း ဒုတိယအသုတ် အဖြစ် ဆက်လက်နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိန်ဝင်း(ကြည့်မြင်တိုင်)

ဘုရင့်နောင်လမ်း ရေမြောင်းများ ဖောက်ပေးစေလို

လှိုင်လင်၊ မေ ၃၁

လှိုင်လင်မြို့၊ အမှတ်(၄)ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းသည် နှစ်စဉ် မိုးရာသီရောက်တိုင်း ရေလွှမ်းမိုးမှုကို အများဆုံးခံစားရသောလမ်းဖြစ်ခြင်းကြောင့် အဆိုပါလမ်းအား ယခုလာမည့် ကျောင်းဖွင့်ရာသီ၌ ကျောင်းသား၊ ကျောင်းသူများ သွားလာရာတွင် အလွန်အခက်အခဲများ ဖြစ်ပေါ်နေကြောင်း ယင်းရပ်ကွက်အတွင်းရှိ ကျောင်းသားမိဘများက ပြောသည်။ ပြီးခဲ့သည့် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီမှ ၂နာရီခွဲအထိ ရွာသွန်းခဲ့သောမိုးကြောင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ခဲ့ရကြောင်း သိရသည်။ ယခုအခါတွင် ကျောင်းဖွင့်ရာသီရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသူ၊ ကျောင်းသားများ သွားရေးလာရေး အခက်အခဲမရှိအောင် ရေနုတ်မြောင်းကို အချိန်မီရှင်းလင်းပေးစေလိုပါကြောင်း အဆိုပါကျောင်းသားမိဘများက ပြောသည်။

အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကျင်းပ

ရမည်းသင်း၊ မေ ၃၁

ရမည်းသင်းမြို့နယ်၊ အခွန်ဦးစီးဌာနမှ နိုင်ငံတော်မှထုတ်ပြန်ထားသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု အခွန်အကောက် ဥပဒေဆိုင်ရာရှင်းလင်းပွဲကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက ရမည်းသင်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမတွင် ကျင်းပသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရမည်းသင်းမြို့နယ် အခွန်ထမ်းပြည်သူများနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်အခွန်ဦးစီးမှူး ဦးနေလင်းက ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်ပါ အခွန်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများမှ သိလိုသည့်အချက်များကို မြို့နယ်အခွန်ဦးစီးမှူးက ရှင်းလင်းဖြေကြားခဲ့သည်။

မိတ္ထီလာကန်အနီးမှ ဒေသခံပြည်သူများ ဇွန်လမှစတင်ပြီး သန့်ရှင်းသောသောက်သုံးရေ ရရှိမည်

မိတ္ထီလာ၊ မေ ၃၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့ မြို့ပေါ်ရပ်ကွက်(၁၂)ကွက်ရှိဒေသခံပြည်သူများ အနေဖြင့် ဇွန်လတတိယပတ်မှစတင်ပြီး မိတ္ထီလာကန်မှ သန့်ရှင်းသောသောက်သုံးရေသန့်ကို ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာန အင်ဂျင်နီယာမှူးက ပြောသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်ကူညီထောက်ပံ့မှုနဲ့ မိတ္ထီလာကန်ရေကို ဗက်တီးရီးယားပိုး တစ်ရာရာခိုင်နှုန်းကင်းစင်အောင် ခေတ်မီရေသန့်စနစ်နဲ့ သန့်စင်ပြီး မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်မှ ဒေသခံပြည်သူ သုံးသောင်းကျော်ကို သန့်ရှင်းသောသောက်သုံးရေသန့် ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ လာမယ့်ဇွန်လ တတိယပတ်လောက်ဆိုရင် သန့်ရှင်းတဲ့ သောက်သုံးရေသန့်ကို ဒေသခံပြည်သူတွေ ရရှိသုံးစွဲနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မိတ္ထီလာကန်မှ သောက်သုံးရေသန့်ထုတ်ယူပေးဝေနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးငွေကျပ် ၉၀၂၀ သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အနီးကပ်ကြီးကြပ်၍ Authe-ñtic ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။ မိတ္ထီလာကန်မှ သောက်သုံးရေသန့် ထုတ်ယူပေးဝေရာတွင် မြို့မရပ်ကွက် လွတ်လပ်ရေးပန်းခြံအနီးတွင် ရေသန့်စက်ရုံကြီးတစ်ခု၊ ပေါက်ချောင်းရပ်ကွက် ကန်ပတ်လမ်းအနီးတွင် ရေသန့်စက်ရုံကြီးတစ်ခု စုစုပေါင်းရေသန့်စက်ရုံကြီးနှစ်ခု တည်ဆောက်ကာ မြို့အရှေ့ဘက်ပိုင်းရပ်ကွက် ကိုးရပ်ကွက်၊ မြို့အနောက်ဘက်ပိုင်း ရပ်ကွက်နှစ်ရပ်ကွက်တို့ရှိ ဒေသခံပြည်သူများအား သောက်သုံးရေသန့်များ ပေးဝေသွားမည်ဖြစ်သည်။

"ပြည်သာယာတောင်ပိုင်း၊ ပြည်သာယာမြောက်ပိုင်းနဲ့ ချည်စက်ရပ်ကွက် သုံးခုကလွဲရင် ကျန်တဲ့ရပ်ကွက် ၁၁ ခုကို သောက်သုံးရေသန့် ပေးဝေသွားမှာဖြစ်ပါတယ်။ ရေတိုင်ပေါင်း ၄၈၀၀ ကျော်နဲ့ မူလပေးနေတဲ့ ရေပိုက်လိုင်းများအတိုင်း ပေးဝေသွားမှာဖြစ်ပြီး ရေမီတာတစ်မီတာကို ၅၀ ကျပ်နှုန်း (ရေတစ်စည် ၃၅ ကျပ် နှုန်း) နဲ့ မူလနှုန်းထားအတိုင်း သောက်သုံးရေသန့်ကို ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ မြို့အရှေ့ဘက်ပိုင်းရပ်ကွက်ကိုးရပ်ကွက်အတွက် တစ်နေ့ရေဂါလန် ၁၁ သိန်း၊ မြို့အနောက်ပိုင်းရပ်ကွက်နှစ်ခုအတွက် တစ်နေ့ရေဂါလန်ခြောက်သိန်း စုစုပေါင်း သောက်သုံးရေသန့်ရေဂါလန် ၁၇ သိန်းကို နေ့စဉ် ၂၄ နာရီ ပေးဝေသွားမှာဖြစ်ပါတယ်"ဟု အဆိုပါအင်ဂျင်နီယာမှူးက ပြောသည်။

မိတ္ထီလာကန်မှ သောက်သုံးရေသန့်ရရှိသုံးစွဲနိုင်မည့် ရပ်ကွက်ဒေသခံပြည်သူများမှာ မူလနှုန်းထားအတိုင်း ရေမီတာဖြင့် သောက်သုံးရေသန့် ရရှိနိုင်မည်ဖြစ်သောကြောင့် ကျေနပ်နှစ်သက်ကြောင်းလည်း သိရသည်။

"အခုပေးဝေမယ့် မိတ္ထီလာကန်ရေက အဆင့်မြင့်ခေတ်မီသောက်ရေသန့်စက်ကြီးတွေနဲ့ ဘက်တီးရီးယားပိုး လုံးဝကင်းစင်အောင် သန့်စင်ပြီးပေးမှာဖြစ်တယ်။ ရေမီတာကလည်း မူလနှုန်းထားအတိုင်းဆိုတော့ ကြိုဆိုရမှာပေါ့။ ၂၄ နာရီပေးဝေသွားမှာဆိုတော့ ရေပေးဝေတဲ့အချိန်မှန်ဖို့ နဲ့ ရေသုံးစွဲသူတွေအနေနဲ့လည်း ရေလေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲတတ်ဖို့ပဲလိုပါတယ်။ ဘာပဲဖြစ်ဖြစ် မိတ္ထီလာကန်ကနေ ပထမဆုံးသောက်သုံးရေသန့်ကို တန်ဖိုးနည်းနည်းနဲ့ ရယူသုံးစွဲနိုင်တော့မှာ ဖြစ်တဲ့အတွက် ဝမ်းသာကျေနပ်ပါတယ်"ဟု မြို့မရပ်ကွက်ဒေသခံတစ်ဦးက ပြောသည်။ **ချမ်းသာ(မိတ္ထီလာ)**



ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ နှင့် နည်းဥပဒေဆိုင်ရာ အသိပညာ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော်၊ မေ ၃၁

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတို့အား ထိရောက်စွာအရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင်ငွေကြေးခဝါချမှုသို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်မှလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ငွေကြေးတိုက်ဖျက်ရေးဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ဖြစ်သည်။

အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် အစိုးရဌာန အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်နှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် အသစ်ပြဋ္ဌာန်းခဲ့သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဆိုင်ရာ အသိပညာပေးခြင်းများကို ဆွေးနွေးခဲ့သည်။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေရေးဆွဲလျက်ရှိသည့်အခြေအနေ၊ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ခြင်း ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၏ အကြံပြုချက် ၄၀ ကိုလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး၊ ကာကွယ်တားဆီးရေးကိုနိုင်ငံအတွင်းရှိငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သည့် စီးပွားရေးလုပ်ငန်း၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများသည် အသစ်ပြဋ္ဌာန်းသည့်ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကို တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ အားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက် ပြောသည်။

ထို့ပြင်ဒုစရိုက်သမားများ၏ ရာဇဝတ်မှုကျူးလွန်ရာမှ ရရှိလာသည့် ငွေမည်းများသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအတွင်းရှိ ငွေကြေးများကိုပါ စွန်းထင်းညစ်နွမ်းစေသည့်အတွက်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းကို အတူတကွ ပူးပေါင်းအောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြန်ဆန် သွက်လက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေရေးဆွဲထားရှိမှု အခြေအနေ၊ Database System နှင့် Online Reporting System အကြောင်းအရာများ၊ စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အပြန်အလှန်ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

> ဒုစရိုက်သမားများ၏ ကျူးလွန်ရာမှ ရရှိလာသည့် ငွေမည်းများသည် နိုင်ငံတော်၏ စီးပွားရေး ကဏ္ဍအတွင်းရှိ ငွေကြေး များကိုပါ စွန်းထင်း. . .

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပရေး အကြိုညှိနှိုင်းမှု တာချီလိတ်၌ပြုလုပ်

တာချီလိတ်၊ မေ ၃၁

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးအား မေ ၂၉ ရက် မွန်းလွဲ ၂နာရီကတာချီလိတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးဆွေးနွေးပွဲနှင့်အတူ (၁၇) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ ပိုစတာ၊ စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်နိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးမှုတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်က ယခင်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ကြိုတင်ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ ဖွဲ့စည်းမှုအား ရှင်းလင်းကာ ဆပ်ကော်မတီတစ်ဦးချင်းအလိုက် အကြံပြုဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာများ ရပ်မိရပ်ဖများ၊ NGO အဖွဲ့အစည်းများမှ စုစုပေါင်းအင်အား ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

မြစ်ကြီးနားမြို့အတွင်း ဝဲကြီးရေချိုးဆိပ်တွင် ရေဆင်းချိုးရာမှ လေးဦးပျောက်ဆုံး

နေပြည်တော်၊ မေ ၃၁

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၊ နယ်မြေ(၃)ရှိ ဝဲကြီးရေချိုးဆိပ်တွင် မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက နမ့်ခမ်းမြို့နယ်၊ နန်းစိမ့်ကျေးရွာနေ မောင်စိန်ထွန်း (၁၆)နှစ်ပါ ငါးဦးသည် ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးရာမှ ရေနစ်ကြောင်းသတင်းအရ မြစ်ကြီးနား နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ၎င်းတို့ငါးဦးမှာ မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက်သို့ လွန်ခဲ့သော ခုနစ်ရက်ခန့်က ရောက်ရှိလာသည့် ကျောင်းသားများဖြစ်ပြီး အောင်နိုင်ဝင်း(၁၂)နှစ်အား အသက်ရှင်လျက် ဆယ်ယူရရှိခဲ့ကြောင်းနှင့် စိန်ထွန်းပါ လေးဦးတို့အား ဧရာဝတီမြစ်ရိုးတစ်လျှောက် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်းများ၏

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဆောင်းပါး

အအေးနှင့်အပူ၊ အစိမ်းနှင့်အကျက်

à lunf(Ciñk)

တစ်ခါက စာရေးသူသည် မန္တလေးရတနာပုံ သတင်းစာတွင် လေချုပ်၊ ဝမ်းချုပ်ခြင်းနှင့် ပတ်သက်၍ ပူသောရာသီမှာ ဝမ်းမနုတ်သင့်ဟူ၍ ဆောင်းပါးတစ်ပုဒ်ရေးခဲ့ရာ ဝမ်းချုပ်ခြင်းအတွက် ဝမ်းနုတ်ဆေးမစားဘဲ နွားနို့ ၂၅ ကျပ်သားကို ဆားစိမ်း အတန်အသင့် ခတ်ပြီး သောက်ရုံဖြင့် ဝမ်းသက်နိုင်ကြောင်း ရေးသားခဲ့ပါသည်။

ထို့နောက် နှစ်ပတ်ခန့်အကြာ ထိုရတနာပုံ သတင်းစာတွင်ပင် နွားနို့နှင့်ကျန်းမာရေးဟူ၍ နေဝင်း(စစ်ကိုင်း)မှ ဆောင်းပါးတစ်ပုဒ်ဖြင့် နွားနို့အကြောင်း ရေးသားဖော်ပြလာပါသည်။

သူ၏ရေးသားတင်ပြချက်မှာ ဆရာကြည်လွင်မြင့်ရေးသည့်ဆောင်းပါးတွင် ဝမ်းသွားစေရန် နွားနို့အစိမ်း ၂၅ ကျပ်သားကို ဆားခတ်သောက်ရမည်ဟု ရေးသားထားကြောင်း၊ နွားနို့အစိမ်းသောက်လျှင် ဝမ်းသွားရခြင်းမှာ နွားနို့များတွင် ဝမ်းကိုက်ပိုးပါ၍ဖြစ်ကြောင်း၊ ထို့အပြင်နွားနို့များတွင် တီဘီရောဂါပိုးနှင့် အသည်းရောင်ရောဂါပိုး၊ ဝမ်းကိုက်ရောဂါပိုးများပါဝင်နေကြောင်း အစိမ်းမသောက်သင့်ကြောင်း ရေးသားထားပါသည်။

ထိုဆောင်းပါးရေးသူ၏ ရည်ညွှန်းချက် အရဆိုလျှင် နွားနို့ကို တစ်ကြိမ်ကျိုချက်လျှင် တီဘီပိုးသည် မသေ။ လုံပြီး အခွံအကာဖြင့်နေသည်။ မည်မျှပင်ပူအောင် ကျိုစေကာမူ ပိုးမသေ။ တီဘီပိုးသေစေလိုလျှင် ကျိုပြီးနွားနို့ကို အအေးခံထားရမည်။ ထိုအခါ အေးပြီထင်ပြီး ပိုးက ထွက်လာမည်။ ထိုအခါမှ နွားနို့ကို နောက်တစ်ကြိမ် အပူပေးပြီး ကျိုလိုက်လျှင် ပိုးသေသွားမည်။ နွားနို့သောက်လျှင် နှစ်ကြိမ်၊ သုံးကြိမ် ပြန်ပြန်ကျိုပြီး သောက်မှသာ ပိုးသေမည်ဟု တင်ပြလာပါသည်။

လမ်း ၃၀ ဆေးခန်းမှ ဟောပြောပွဲတစ်ခုတွင် သမားတော်ဆရာဝန်ကြီး ဒေါက်တာချစ်စိုးက ဤအတိုင်းပြောသည်ဟု ဆိုသည်။

စာရေးသူသိသည်မှာ နွားနို့ကို ပုံမှန်သောက်သူ မိသားစုများစွာရှိပါသည်။ မည်သူမျှ အိမ်တွင် နှစ်ကြိမ်၊ သုံးကြိမ်မကျိုပါ။ ဆူဝေအောင် တစ်ကြိမ်ကျိုပြီး သောက်သုံးကြသည်သာဖြစ်သည်။

ထို့အတူ ရန်ကုန်၊ မန္တလေးမြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်ကြီးများတွင်လည်း နွားနို့မှာ အိုးကြီးနှင့် ကျိုထားပြီး ကုန်သည်အထိ ရောင်းချသွားကြသည်သာ တွေ့ရသည်။ မည်သည့်ဆိုင်မျှ အပူပေးလိုက်၊ အအေးခံလိုက်၊ ပြန်ကျိုလိုက် နှစ်ကြိမ်၊ သုံးကြိမ် မလုပ်ကြပါ။ အချို့ဆိုင်ဆိုလျှင် ဝယ်သူရောက်လာလျှင် နွားနို့မဆူမကျက်ခင်ကပင် ရောင်းချနေကြသည်ကို တွေ့ရပါသေးသည်။

ဤအတိုင်းဆိုလျှင် နွားနို့သောက်သုံးနေသော မိသားစု အတော်များများနှင့် လက်ဖက်ရည်ဆိုင်မှ ဝယ်ယူသောက်သုံးသူ အားလုံးလိုလို တီဘီရောဂါ၊ အသည်းရောင်ရောဂါများ ဖြစ်ကုန်ကြပြီဟု ယူဆရမလိုပင် ဖြစ်နေတော့သည်။

စာရေးတင်ပြသူသည် ကိုယ်တိုင်ဓာတ်ခွဲဖူး၍လား၊ ဖြစ်နိုင်ခြေရှိသည်ကို ဟောပြောသော ဆရာဝန်ကြီးများ၏စကားကို ပုံကြီးချဲ့တွေး၍ အကြောက်လွန်နေသည်လား မသိပါ။ နွားနို့တိုင်းတွင် ပိုးများပါနေသည်ဟု ဓာတ်ခွဲဆန်းစစ်ချက်တွေ့ရှိလျှင် သည်အတိုင်း ရောင်းချနေသော နွားနို့များကို ပိတ်ပင်ရမည်မှာ အစိုးရတွင်ပင် တာဝန်ရှိလာမည်ဖြစ်ပါသည်။

ရေကျက်အေးကို တစ်ဖန်ရေနွေးလုပ်၍ သောက်လျှင်မသင့်အဆိပ်နှင့်တူ . . .

အမှန်က ယခုခေတ်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းကြီးများနှင့် နို့ဆီချက်စက်ရုံ တည်ဆောက်ထားသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ ရှိလာပြီဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့် နို့စားနွားမများကို မွေးပြီး စားကျက်များဖြင့် လွတ်ကျောင်းကာ ရောဂါကင်းရှင်းစေရန် တိရစ္ဆာန်ဆရာဝန်များပါ ခန့်ထားသည်။ ကာကွယ်ဆေး၊ ကုသဆေးများ အဆက်မပြတ် စောင့်ကြည့်လျက်ရှိကြပြီး နွားနို့အရည်အသွေးကိုပါ ခေတ်မီ ကိုယ်ပိုင်ဓာတ်ခွဲခန်းများထား၍ နိုင်ငံတကာအဆင့်မီ နွားနို့ထုတ်လုပ်နေကြပါသည်။

မန္တလေးမြို့အနီး စဥ့်ကိုင်၊ ပုလိပ်၊ ကျောက်ဆည်နယ်များတွင်ပင် နာမည်ကြီး မြဘုရင်၊ ယူနီစံတို့ကဲ့သို့ စနစ်တကျ နို့စားနွားမွေးမြူသည့်ခြံကြီးများရှိပါသည်။ ထိုခြံထွက်နွားနို့များကို မန္တလေး တစ်မြို့လုံးရှိ လက်ဖက်ရည်ဆိုင်များကို နွားနို့စိမ်းအနေနှင့်ရော နို့ဆီအဖြစ်ပါ နေ့စဉ် တင်ပို့ပေးလျက်ရှိပါသည်။

ရှေးက နွားများတွင် တီဘီရောဂါရှိသည်။ မသန့်စင်သော နွားနို့များရှိသည်မှာ အိမ်မွေးခိုင်းနွား၊ နွားမများမှ သားပေါက်သောအခါ ပိုလျှံသည့်နို့ကို ရောင်းချသည့်သူများ၊ မသန့်ရှင်းသော အိမ်မွေးနွားများမှရသော နွားနို့များဖြစ်ပုံရပါသည်။ ဤနွားနို့မျိုးကို ဝယ်ယူသောက်သုံးလျှင် ဝယ်ယူသူ၏အမှားဖြစ်ပေသည်။

စာရေးသူ၏ဆောင်းပါးတွင်ပါသော ဝမ်းချုပ်သူအတွက် နွားနို့ ၂၅ ကျပ်သားကို ဆားခတ်သောက်ခြင်းဖြင့် ဝမ်းသက်စေသော သတ္တိမှာ ရှေးအာယုဗေဒဆေးကျမ်းများ၏ အလိုအတိုင်း ရေးခြင်းဖြစ်ပါသည်။

အာယုဗေဒဆေးကျမ်းများသည် အိန္ဒိယမှလာသည်။ အိန္ဒိယလူမျိုးများသည် နွားနို့ကို အလွန်နှစ်သက်စွာ သောက်သုံးသူများဖြစ်သည်။ နွားနို့ကို အစိမ်းရော အကျက်ပါ သေတစ်ပန်သက်တဆုံး သောက်သုံးကြသူများဖြစ်သည်။ အိန္ဒိယလူမျိုးများသည် လူကောင်လည်းထွား၊ အရပ်လည်းရှည်ပြီး ကျန်းမာသန်စွမ်းသူများဖြစ်ကြခြင်းမှာ နွားနို့မှရသော အသားဓာတ်နှင့် ဩဇာဓာတ်ကြောင့်ဖြစ်သည်ဟု ယူဆကြပါသည်။

ကျမ်းကိုးအနေနှင့်ဖော်ပြရလျှင် ရှေးဆရာများ အလေးထားရသည့် (၁၉၂၃ ထုတ်) ရှုတော်မူ ဆေးအဘိဓာန်ကျမ်းတွင် - ဝမ်းချုပ်ခြင်း အကြောင်းနှင့် ကုထုံးကိုပြခြင်း

လူတို့စားသော အစာအာဟာရတို့သည် အစာသစ်အိမ်မှ အစာဟောင်းအိမ်ထဲသို့ တဖြည်းဖြည်း ရွေ့လျားကူးပြောင်းပြီးလျှင် ကျင်ကြီးဖြစ်ရ၏။ ထိုကျင်ကြီးသည် အသစ်အဟောင်း အချိန်မှန်ပြောင်းလဲရမှသာ လူတို့၌ ကျန်းမာခြင်းဖြစ်နိုင်သည်။ ထိုကျင်ကြီးသည် အချိန်မှန်မစွန့်ရဘဲ ဝမ်းထဲ၌ ခိုအောင်းနေခဲ့လျှင် ဝမ်းချုပ်သည်ဟု ဆိုရ၏။ ထိုဝမ်းချုပ်ခြင်းသည် အညောင်းခံသောသူတို့၌ များသောအားဖြင့် ဖြစ်တတ်၏။

ကုထုံးကား

ဝမ်းကြောကို လျော့အောင်နှိပ်နယ်ခြင်း ပြုပြီးနောက် နံနက်စောစော အချိန်၌ နွားနို့အစိမ်း နှစ်ဆယ့်ငါးကျပ်သားတွင် ဆားတစ်ပဲသားခန့်ထည့်၍ အကုန်သောက်။ နှစ်နာရီခန့်ကြာလျှင် လေနှင့်တကွ စမြင်းတုံးများ သက်လျှောလိမ့်မည်။ အကယ်၍ ဝမ်းမလျှောသော် ရေတစ်ခွက်ထပ်၍သောက်၊ ဝမ်းမလျှောမချင်း အစာကို မစားလင့်။ ထိုနွားနို့သည် ဝမ်းနုတ်ဆေးတွင် အကောင်းဆုံးဆေးဟု ညီတော်အာနန္ဒာချီးမွမ်းတော်မူ၏။

ဆရာကြီးဦးဘသင် ရေးသားစီရင်အပ်သော လက်တွေ့ကုထုံးဆေးကျမ်းနှင့် ရှုတော်မူ ဆေးအဘိဓာန် စာမျက်နှာ ၁၂၉-၁၃၀ (ဣစာသယပိဋကတ်ပုံနှိပ်တိုက်) ၁၂၈၄ ခု နယုန်လထုတ်

ဆေးပညာသဘောအရ နွားနို့အစိမ်း သောက်လျှင် ဝမ်းကိုသက်စေသည်။

နွားနို့ကို မလိုင်တက်အောင်ကျိုချက်ပြီး သောက်လျှင် အားဖြစ်ပြီး ဝမ်းကိုနုတ်စေသည်။

အစိမ်းသောက်မှ ဝမ်းသက်မည့်နွားနို့ကို ကျိုချက်သောက်သောအခါ ဝမ်းသက်စေမည့် ဓာတ်စာ မဖြစ်နိုင်တော့ပေ။

ဆရာက လူနာ၏ အခြေအနေကို ကြည့်သောအခါ နေမကောင်းတာရက်ကြာ၊ အစားကလည်း သိမ်မဝင်၊ ဓာတ်ကလည်းချုပ်သဖြင့် အကြောအခြင်များ တောင့်တင်းနေသည်။ ထိုလူနာကို အကြောအခြင်များလျော့ပါးစေရန် ဝမ်းသွားအောင်လုပ်မှဖြစ်မည်။ ဝမ်းနုတ်ဆေးပေးရန်လည်း လူနာ၏အင်အားမှာ မဖြစ်နိုင်။ ဝမ်းသွားလွန်လျှင် မျော့သွားပြီး အသက်ပါပါသွားနိုင်သည်။

ဤသို့သော လူနာမျိုးကို ဆရာက ချင့်ချိန်ပြီး ဝမ်းလည်းသက်စေ၊ အားလည်းမပြတ်စေရန် နွားနို့အစိမ်းကို ဆားခတ်ပြီးတိုက်ခြင်းဖြင့် ဓာတ်သက်စေရန် ပညာသားပါပါကြံစည်ခြင်းဖြစ်သည်။

(အကယ်၍ ပိုးသေစေရန် နွားနို့ကို မီးဖြင့် ကျိုချက်လိုက်လျှင် တေဇောဓာတ်ဝင်သွားသဖြင့် နွားနို့ကျက်သွားပြီး ဝမ်းမသက်စေနိုင်တော့ပေ။ ပထဝီအားတိုးပြီး ပို၍ပင် ဝမ်းချုပ် ဝမ်းခိုင်သွားနိုင်သည်။)

တိုင်းရင်းမြန်မာဆေးပညာ အယူအဆများတွင်လည်း ဤအတိုင်းပင်။ ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် လေ့လာလျှင် -

ရေအေးကို သည်အတိုင်းသောက်လျှင် အပူငြိမ်း၏၊ ဝမ်းကိုသက်စေ၏။

ရေအေးကို ကျိုချက်ပြီးနောက် တဖန် အအေးခံပြီး ရေကျက်အေးသောက်လျှင် ဝမ်းကို ခိုင်စေ၏။

ရေကျက်အေးကို တစ်ဖန် ရေနွေးလုပ်၍ သောက်လျှင် မသင့်၊ အဆိပ်နှင့်အတူဖြစ်၏။

(ဥတုဘောဇနသင်္ဂဟကျမ်း) တေရသမ အကြိမ်ထုတ် စာမျက်နှာ-၁၁၅။

စာရေးသူစဉ်းစားမိသည်မှာ နွားနို့တွင်လည်း ရေက ၇၀ ရာခိုင်နှုန်းခန့်ပါသဖြင့် အကြိမ်ကြိမ် ကျိုချက်လိုက် အအေးခံလိုက်ပြုလုပ်လျှင် နွားနို့ထဲတွင်ပါသောရေသည် ရေကျက်အေးအဆိပ်ကဲ့သို့ဖြစ်သွားမည်ထင်ပါသည်။

နွားနို့ကို အကြိမ်ကြိမ်ကျိုချက်ပြီးမှ စိတ်ချရသည်အထင်နှင့် သောက်စရာမလိုအောင် နဂိုကပင် ပိုးမွှားကင်းစင်ကြောင်း အာမခံသည့် ခြံထွက်နွားနို့ကောင်းကောင်းကို ဝယ်ပြီး တစ်ကြိမ်သာ ကျိုချက်သောက်ခြင်းသည် အကောင်းဆုံးဖြစ်ပါလိမ့်မည်။

တစ်ခါတစ်ရံ တိုင်းရင်းဆေးပညာအယူအဆများကို အနောက်တိုင်းအမြင်ဖြင့် မရှင်းလင်းသည်များရှိနိုင်ပါသည်။ အနောက်တိုင်းအယူအဆသည် ပိုးကို အဓိကထားသည်က များပြီး တိုင်းရင်းဆေးပညာရှုထောင့်မှာ အပူအအေးကို အဓိကထားသည်။ 'တေဇော' တစ်လုံးကြောင့်ပင် အပူ၊ အအေး ဖြစ်ရသည်။ 'တေဇော' တစ်လုံးကြောင့်ပင် ရေသည်ပင် အဆိပ်ဖြစ်ရသည့်အခါများ ရှိပေသည်။ ပူမှုအေးမှု တေဇောပြု၏ဟု ရှေးကဆရာကြီးများက ကျမ်းဂန်တွင်ရေးသားခဲ့သည်ကို တိုင်းရင်းဆေးဆရာတိုင်း လက်မလွှတ်နိုင်ကြပါ။

ရောဂါတစ်ခုကိုကုသလျှင် အပူနာလား၊ အအေးနာလား၊ အတက်နာလား၊ အသက်နာလား၊ ကြည့်၍ ဆေးပေးသောအခါ ဓာတ်စာပေးသောအခါတွင်လည်း အပူဆေး၊ အအေးဆေး၊ အတက်ဆေး၊ အသက်ဆေးပေးရသည့် ပညာရပ်သည် နက်နဲပြီး တစ်ခါတစ်ရံ ပိုးကို အဓိကထားကုသည့် အနောက်တိုင်း ဆေးပညာအမြင်နှင့် မတူညီသော ရှုထောင့်များစွာရှိနိုင်ကြောင်း Traditional Medicine View မှ တင်ပြလိုက်ရပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ကန့်ကွက်နိုင်ပါသည်

အထူးရန်ပုံငွေကျပ် ၁၇ ဒသမ ၅၆၂ သန်းဖြင့် ကျေးရွာ ၁၉ ရွာရှိ ကျေးလက်ရေတွင်း ရေကန်များ ပြုပြင်

မန္တလေး၊ မေ ၃၁

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထူးရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် စက်ရေတွင်းစသည့်ရေတွင်းရေကန်များအသစ်တူးဖော်၍ ပြုပြင်သင့်သည်များကိုလည်း ပြုပြင်ဆောင်ရွက်နေကြောင်း မြို့နယ်၊ ကျေးလက်ဦးစီးမှူးရုံးမှ သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး မြို့နယ်၊ ကျေးလက်ဦးစီးဌာနက မလှိုင်မြို့နယ်ရှိ အုပ်စု ၅၆ အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာအနက် ၁၉ ရွာအား စက်ရေတွင်းအသစ်တူးဖော်ပေးခြင်း ရေခပ်ရုံများ အသစ်ပြုပြင်ပေးခြင်း သောက်ရေတွင်းရေကန်စသည်တို့အား ပြုပြင်ဆောင်ရွက်ပေးခြင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထူးရန်ပုံငွေကျပ် ၁၇ ဒသမ ၅၆၂ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါရွာများတွင် လုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ကျေးလက်ဦးစီးမှူးထံမှ သိရသည်။

ရေတွင်းရေကန်များ ပြီးစီးပါက ၎င်းကျေးရွာဒေသများတွင်နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေများကို ရာသီမရွေး သုံးစွဲနိုင်တော့ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအရ ခေတ်မီစက်ယန္တရားများဖြင့်ရေတွင်းရေကန်များတူးဖော်နေသည်ကို တွေ့ရစဉ်။

လင်မယားချင်း စကားများရာမှ ဓားဖြင့်ထိုး

နေပြည်တော်၊ မေ ၃၁

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဗိုလ်ကုန်းကျေးရွာတွင် မေ ၂၈ ရက်နံနက်ပိုင်းက ဓားထိုးမှုဖြစ်ပွားကြောင်းသတင်းအရ ငဖဲမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မေ၂၇ ရက် ည ၉ နာရီခွဲအချိန် ငဖဲမြို့နယ်၊ ပန်းထိမ်းအုပ်စု၊ ဗိုလ်ကုန်းကျေးရွာနေ ဒေါ်မြစပယ် ၅၄ နှစ်သည် နေအိမ်၌ရှိနေစဉ် ခင်ပွန်းဖြစ်သူ စိန်ကြည် ၆၁ နှစ် အရက်မူးပြီးရောက်ရှိလာကာ ဒေါ်မြစပယ်အား လင်ငယ်နေသည်ဟု စွပ်စွဲသဖြင့် စကားများကြစဉ် စိန်ကြည်မှ နေအိမ်ဘုရားစင်အောက်ရှိ အရိုးအသွား နှစ်ပေခြောက်လက်မခန့်၊ ဗျက်တစ်လက်မခွဲခန့် ဓားဦးချွန်အားယူ၍ ဒေါ်မြစပယ်အား ထိုးခဲ့ရာ ဝဲပေါင်အလယ် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး သွေးထွက်လွန်ကာ သေဆုံးသွားကြောင်းသိရှိရ၍ စိန်ကြည်အား ငဖဲမြို့မရဲစခန်း(ပ)၃၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

တူးမြောင်းအားဖြတ်ကူးစဉ် ရေနစ်သေဆုံး

တွံတေး၊ မေ ၃၁

တွံတေးမြို့နယ်အတွင်းမေ ၂၈ ရက်ညနေပိုင်းက ကလေးငယ်တစ်ဦး တူးမြောင်းအားဖြတ်ကူးစဉ် ရေနစ်သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တွံတေးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် တွံတေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးပြီး ရောက်ရှိလာကြောင်း သတင်းအရ မေ ၂၈ ရက်ညနေ ၅ နာရီ မိနစ် ၅၀ က သွားရောက်စစ်ဆေးရာ တွံတေးမြို့နယ်၊ ရှမ်းတလင်းကျေးရွာနေ မခင်လပြည့်ဝင်း ၈ နှစ်အား ပြင်ပဒဏ်ရာ မတွေ့ရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ထို့နောက် ဖြစ်စဉ်အားစုံစမ်းရာ သေဆုံးသူသည် အစ်မဖြစ်သူနှင့်အတူ တွံတေးတူးမြောင်းမှ လယ်ကွင်းများသို့ တူးဖော်ထားသည့် အကျယ် ၁၅ ပေ၊ အနက်ခြောက်ပေခန့်ရှိတူးမြောင်းအား ဖြတ်ကူးစဉ် ရေနစ်ခဲ့သဖြင့် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဆယ်ယူပြီး တွံတေးဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ တွံတေးမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၁/၂၀၁၄ ဖြင့် ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(MLA)**

ကျေးရွာအရောက် နယ်လှည့်ဆေးကုသ

လှိုင်လင်၊ မေ ၃၁

လှိုင်လင်အရှေ့ကျေးရွာအုပ်စု လှိုင်မုံ့မိုင်းကျေးရွာ၌ တပ်နယ်မှူး၏အစီအစဉ်ဖြင့် မေ ၂၉ ရက် နံနက် ၉ နာရီက ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ရှေးဦးစွာ တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ဌေးသည် လှိုင်လင်အရှေ့ကျေးရွာအုပ်စုလှိုင်မုံ့မိုင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံများနှင့်တွေ့ဆုံ၍ဆေးဝါးလာရောက်ကုသခြင်းနှင့် ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုပြောကြားသည်။

အဆိုပါဆေးဝါးကုသပေးရာသို့ လှိုင်မုံ့မိုင်းကျေးရွာ၊ ဟွေတွေကျေးရွာ၊ နောင်လိုင်-၂ ကျေးရွာနှင့် ဟိုခိုင်းကျေးရွာများမှ ပြည်သူများလာရောက်ဆေးဝါးကုသမှုခံယူကြကြောင်းသိရသည်။ **မိုးလွင်ဦး(လှိုင်လင်)**

လူစည်ကားရာနေရာများ၌ နံရံကပ်စာပေရေချမ်း စင်များထားပေးလျက်ရှိ

ကောလင်း၊ မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်ရန် အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ နံရံကပ်စာပေရေချမ်းစင်များကို မေ ၂၀ ရက်မှစတင်ကာ လူစည်ကားရာနေရာများ၌ ထားရှိပေးကြောင်း တွေ့မြင်ရသည်။

အဆိုပါ နံရံကပ်စာပေရေချမ်းစင်များကို ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့်ကျောက်တန်းကျေးရွာကားဂိတ်၊ ဥက္ကံကျေးရွာ ကားဂိတ်၊ မြင်းစားကုန်း(ယားတောင်)ကားဂိတ်၊ တောင်မော်ကျေးရွာ ကားဂိတ်၊ ခန်သာကျေးရွာ ကားဂိတ်၊ ကျောက်ပြင်သာကျေးရွာကားဂိတ်၊ ချောင်းနားကျေးရွာ၊ အိုင်ကြီးကျေးရွာ၊ ကုက္ကိုလ်ကုန်းကျေးရွာတို့ရှိ လူစည်ကားရာနေရာများတွင်ထားရှိပေးထားကြောင်း သိရသည်။ **စိုင်းလှမင်း**

ထန်းတပင်မြို့နယ်တွင် ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံ

ထန်းတပင်၊ မေ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ကေသီမောင်နှင့် ဝန်ထမ်းများသည် မေ ၂၈ ရက် ညနေ ၄ နာရီတွင် သံတဇာကျေးရွာရှိ ကျွဲ၊ နွားများကို လည်ချောင်းတွဲရောဂါ ကာကွယ်ဆေးအား အခမဲ့ထိုးနှံပေးခဲ့ပြီး ကျေးရွာအတွင်းရှိ ခွေး၊ ကြောင်များကိုလည်း ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို Focal Ministry အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

နို့စားနွား၊ အသားစားနွား၊ ဒေသနွားမျိုးကောင်းမျိုးသန့်ရရှိစေရန် မေထုန်မဲ့သားစပ်ခြင်းအား အခမဲ့ဆောင်ရွက်ပေးခြင်း၊ ဝက်၊ ကြက်၊ ဘဲများအား အတိုးမဲ့ အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးခြင်း၊ မွေးမြူရေးနည်းပညာများ ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

အမှတ်(၅)ရပ်ကွက်နှင့် ကျူတောကျေးရွာအတွင်းရှိကျွဲနွားများကိုလည်း ဆေးဝါး အခမဲ့ထိုးနှံပေးခဲ့ကြောင်းသိရသည်။ **အိသင်းထိုက်(ပြန်/ဆက်)**

အသိပေးနှိုးဆော်ချက်

[illegible]

ဖခင်အမည်မှန်

[illegible]

ဖခင်အမည်မှန်

[illegible]

ပျောက်ဆုံး (ပွဲစားမလို)

[illegible]

ခရီးသည်များဘေးအန္တရာယ်ကင်းရန်အတွက် ကူးတို့ရေယာဉ်ပေါ်သို့ အဆင်းခရီးသည်ရှင်းမှ တက်ခွင့်ပေး

ရန်ကုန်၊ မေ ၃၁

ရန်ကုန်မြို့၊ ပန်းဆိုးတန်း-ဒလကူးတို့ရေယာဉ်များတွင် မိုးရာသီအတွင်းခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းစေပြီး အတက် အဆင်း ရောထွေးမှုမရှိစေရန်အတွက် ကူးတို့ရေယာဉ်ဆိုက်ကပ်၍ အဆင်းခရီးသည်များ အားလုံးရှင်းမှသာ လက်မှတ်ရုံအတွင်းမှ ခရီးသည်များအား ကူးတို့ရေယာဉ်ပေါ် တက်ခွင့်ပြုထားကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန(ပန်းဆိုးတန်း)မှ သိရသည်။

"အခုလက်ရှိမှာ ကျွန်တော်တို့ ခရီးသည်တွေကို သင်္ဘောမကပ်ခင် ဆိပ်ခံဖောတံတားတွေပေါ် မချတော့ပါဘူး။ မိုးတွင်းဆိုတော့ ခရီးသည်တွေအတွက် အန္တရာယ်ဖြစ်နိုင်လို့ လက်မှတ်ရုံမှာ အရင်နားခိုင်းထားပြီး သင်္ဘောကပ်လို့ အဆင်းခရီးသည်တွေ အားလုံးရှင်းတော့မှ သင်္ဘောပေါ် တက်ခွင့်ပေးပါတယ်။ ဆိပ်ခံဖောတံတားမှာလည်း ဝန်ထမ်းနှစ်ဦးက အမြဲတမ်းစောင့်ကြည့်နေပါတယ်။ ဒလဘက်ခြမ်းလည်း ဒီလိုနည်းအတိုင်းပါပဲ"ဟု ပန်းဆိုးတန်းရုံး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှလည်း ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် အရှည်ပေ ၂၀၀ ကျော်ရှိ ရန်ကုန်မြို့ ပန်းဆိုးတန်း အဆင့်မီဆိပ်ခံဖောတံတားအသစ်အား ဂျပန်နိုင်ငံ JFE ကုမ္ပဏီနှင့် ဇွန် ၁ ရက်မှာ စတင်တည်ဆောက်နေပြီဖြစ်သဖြင့် အဆိုပါအဆင့်မီဆိပ်ခံဖောတံတား ပြီးစီးခဲ့ပါက ခရီးသွားပြည်သူများအနေဖြင့် ပိုမိုအဆင်ပြေလာကာ ဘေးအန္တရာယ် ကင်းရှင်းလာနိုင်မည်ဖြစ်သည်။

"နိုင်ငံခြားခရီးသည်တွေကတော့ လက်မှတ်ရုံထဲမှာပဲ စောင့်နေတာများပါတယ်။ခရီးသည်တွေအားလုံး ဆင်းသွားပြီဆိုတော့မှ ကျွန်တော်တို့က သူတို့ကို သီးသန့်လိုက်ပို့ပေးပါတယ်။ သင်္ဘောပေါ်မှာ သူတို့ဆန္ဒရှိရင်ထိုင်ဖို့ သီးသန့်နေရာပေးထားသလို မြန်မာပြည်သူတွေနဲ့ရောထိုင်ပြီး စီးမယ်ဆိုလည်း ခွင့်ပြုထားပါတယ်။ သူတို့အတွက်ကတော့ သီးသီးသန့်သန့် ပြောစရာမရှိပါဘူး။ သူတို့လည်းအဆင်ပြေပါတယ် "ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ပန်းဆိုးတန်း-ဒလ မြစ်ကူး ကူးတို့ရေယာဉ် ဆိပ်ခံဖောတံတားနှစ်ခုတွင် နေ့စဉ် ကူးတို့ရေယာဉ်နှစ်စီးမှ တစ်စီးလျှင် ၂၃ ခေါက်နှုန်းဖြင့် ခရီးသွားပြည်သူ သုံးသောင်းကျော်အတွက် ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

စိုးအောင်ဖေ

စည်းကမ်းပျက်ယာဉ်များကို ဇွန် ၁ ရက်မှစ၍ ပူးပေါင်းအဖွဲ့ ကိုးဖွဲ့ဖြင့် ဖမ်းဆီးအရေးယူသွားမည်

ရန်ကုန်၊ မေ ၃၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စည်းကမ်းပျက်မောင်းနှင်မှုများရှိနေသည့် ယာဉ်များကို ဇွန် ၁ ရက်မှစတင်၍ ပူးပေါင်းအဖွဲ့ ကိုးဖွဲ့မှ လှည့်ကင်းများဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၃၀ ရက်တွင် အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်) ၌ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

"အခုလိုဖမ်းဆီးတဲ့နေရာမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့တွေအပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မ-ထ-သ (မြို့တွင်း)၊ အုပ်ချုပ်ရေးအဖွဲ့၊ နယ်မြေခံတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့တွေနဲ့ ဌာနအလိုက် ပူးပေါင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုလို ဖမ်းဆီးရတယ်ဆိုတာကလည်း စည်းကမ်းပျက်ယာဉ်တွေကိုသာ ဖမ်းဆီးနေတာထက် ပိုပြီးထိရောက်တဲ့ဖမ်းဆီးမှုတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါပူးပေါင်းအဖွဲ့များနှင့်ဖမ်းဆီးမှုတွင် စည်ပင်သာယာရဲမှ လမ်းဘေးဈေးသည်များအား သက်ဆိုင်ရာမြို့နယ်စည်ပင်နှင့် အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မောင်းနှင်လျက်ရှိနေသော ယာဉ်များ၏ကြံ့ခိုင်မှုအား စစ်ဆေးခြင်း၊ စက်ကိရိယာများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ မော်တော်ယာဉ်များ၏ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်းနှင့် မ-ထ-သ (မြို့တွင်း) မှ ခရီးသည်တင်ယာဉ်များအား သတ်မှတ်စည်းကမ်းများနှင့်အညီ မောင်းနှင်မှုရှိ-မရှိ အစရှိသည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယရဲမှူးကြီးလင်းထွဋ်က ထပ်မံပြောကြားသည်။

ပူးပေါင်းအဖွဲ့ ကိုးဖွဲ့ဖြင့် တစ်ဖွဲ့လျှင် အဖွဲ့ငယ်နှစ်ဖွဲ့ စုစုပေါင်းလှည့်ကင်း ၁၈ ဖွဲ့ဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုအများဆုံးဖြစ်ပွားနေသည့် ၇၉ နေရာတွင် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုလို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ရာတွင် ယာဉ်ကြောကြပ်တည်းမှုဖြစ်ပွားစေသည့် စည်းကမ်းမဲ့မောင်းနှင်လာသည့် ယာဉ်များအား ဆွဲထုတ်ဖမ်းဆီးအရေးယူ၍ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းပေးပြီး ဆက်လက်ထွက်ခွာ၍ ဖမ်းဆီးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီးလင်းထွဋ်က မီဒီယာများအား ပြောကြားသည်။

တင်မောင်ဦး

ပင်လည်ဘူးမြို့နယ်တွင် သစ်တောဦးစီးဌာနမှ မိုးရာသီအတွက် ပျိုးပင်မျိုးစုံ ပျိုးထောင်ထားလျက်ရှိ

ပင်လည်ဘူး၊ မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနသည် ဒေသတွင်း သစ်တောသစ်ပင်များ ကာကွယ်စောင့်ရှောက်ရေး၊ သစ်တောစိုက်ခင်းများ ထူထောင်ရေး လမ်းညွှန်ချက်နှင့်အညီ စီမံချက်ချမှတ်၍ နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် သစ်တောစိုက်ခင်းနှင့် လူထုဖြန့်ပျိုးပင်များ အချိန်မီ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာန၏ လူထုဖြန့်ဝေရန် စိုက်ပျိုးထားသော ပျိုးခင်းတစ်ခုအား တွေ့ရစဉ်။

မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးခြင်းအားဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ ပြည်သူလူထုအတွက် လိုအပ်သော သစ်၊ ထင်း အဖြစ်လည်းကောင်း သုံးစွဲနိုင်ရန်နှင့် ပြည်သူလူထုမှ သစ်တောသစ်ပင်များကို ဝိုင်းဝန်းပူးပေါင်း၍ ထိန်းသိမ်းလာကြရန် ရည်ရွယ်ပြီး ကြိုးဝိုင်း၊ အကွက်အမှတ်(၇၃)ရှိ စိုက်ခင်း ယာယီပျိုးဥယျာဉ် ဒေါ်စီပျိုးဥယျာဉ်နှင့် မြို့မပျိုးဥယျာဉ်တို့တွင် (၁/၂၀၁၄) စီးပွားရေး(ကျွန်း) စိုက်ခင်းဧက ၁၀၀၊ ကျွန်းပင် ၅၄၀၀၀၊ (၂/၂၀၁၄) သဘာဝတန်ဖိုးမြှင့် စိုက်ခင်းဧက ၅၀၊ ကျွန်းပင် ၃၅၀၀၊ သစ်နှံသစ်တောရောနှောစိုက်ခင်း ၁၀ ဧက၊ (ကျွန်း၊ သရက်၊ ပိန္နဲ၊ တည်း)အပင် ၈၅၀၀၊ တစ်အိမ်ထောင် ကျွန်း သုံးပင်× ၁၂၀၀ အိမ်ထောင်အတွက် ကျွန်းပင် ၃၆၀၀၊ ဆက်သွယ်ရေးကားလမ်း ဝဲယာ ကျွန်းပင် ၄၅၀၀၊ ရွာတစ်ဧက ကျွန်းပင် ၅၄၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၂၅ ဧက၊ ကျွန်း၊ ပျဉ်းကတိုးအပင် ၅၀၀၀၊ ဌာနဆိုင်ရာနှင့် လူထုဖြန့် ကျွန်း၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ ကုက္ကို၊ မန်ကျည်း ၉၄၆၀ ပင် ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်အုန်းကျော်က ပြောပြသည်။

ပင်လည်ဘူးမြို့နယ်သည် ရေမြေရာသီဥတုအခြေအနေအရ စိမ်းလန်းစိုပြည်နေသော်လည်း ရေရှည်တွင် သစ်တောသစ်ပင်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးစေရန်နှင့် ပြည်သူလူထုအတွက် လိုအပ်သောအထောက်အကူပစ္စည်းများ ရရှိစေရန် သစ်ပင်များကို နှစ်စဉ်စိုက်ပျိုးသွားမည်ဖြစ်သည်ဟု သိရသည်။ ထိုကဲ့သို့ စိုက်ပျိုးသွားခြင်းအားဖြင့် သစ်တော သစ်ပင်များကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းနှင့် ရာသီဥတုမျှတစေခြင်း၊ မြေဆီလွှာပျက်စီးမှု နည်းပါးစေခြင်းစသောအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ခြင်းကြောင့် ပြည်သူလူထုနှင့် ပူးပေါင်းပြီး လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စိုင်းမင်းလှူ

အမည်ပြောင်း

မွေးသက္ကရာဇ်အမှန်

ကန့်ကွက်နိုင်ပါကြောင်း

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရသုံးမှန်းခြေငွေစာရင်း(ငွေလုံးငွေရင်း)အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏လက်အောက်ရှိ ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါယာဉ်နှင့် စက်ပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) မီးငြိမ်းသတ်ယာဉ်(၁၀)စီး
(ခ) ရေသယ်ယာဉ်(၁၂)စီး
(ဂ) အပေါ့စားမီးသတ်စက်(၈)ခု
(ဃ) Cylinder Air Filling Machine (4)ခု

၂။ အိတ်ပိတ်တင်ဒါပုံစံများအား ၁-၆-၂၀၁၄ ရက်မှစ၍ ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ၃၀-၆-၂၀၁၄ ရက်၊ ၁၆ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ပိတ်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ မြစ်ကြီးနားမြို့ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၄-၂၉၅၁၂၊ ၀၇၄-၂၉၅၄၂၊ ၀၇၄-၂၂၄၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနရုံး
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် (230 kV, 132 kV, 66kV, 33 kV & 11kV Lightning Amester),(132kV, 66 kV Voltage Transformer & Capacitave Voltage Transformer) များနှင့် Micom Relays အား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် ၁၆:၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများကို ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၀၆၇-၄၁၀၅၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ မြို့ဦးရပ်ကွက် မနုမာလှိုင်[၁/မကတ(နိုင်)၀၆၃၁၇၈]၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင်ဖြစ်ပါသည်။

အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မောင်စာမြီဒိ၏ အမည်မှန်မှာ မောင်ဖူရဲ့ဒီးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလှေဆီးဖြစ်ပါသည်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊
၂၇ လမ်း ×၂၈ လမ်းကြား၊ ၇၄ လမ်း × ၇၅ လမ်းကြား၊ အမှတ် (၂၉/၁)နေ
ဦးလှအောင်-ဒေါ်မြမြလွင်တို့၏ သားကြီး
ဗိုလ်ကြီးလှိုင်မင်းဖြိုး (B.E , Avionics) D.S.T.A
လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ မင်္ဂလာဒုံ
နှင့်
ရန်ကုန်မြို့၊ တ/ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဥယျာဉ်လမ်း၊
အမှတ်(၁၁၂၄)နေ ဦးဘရွှေ-ဒေါ်ခင်ခင်ချိုတို့၏သမီးကြီး
မအေးမြခိုင် (B.Sc, Chemistry)
CAIRO Construction Co., Ltd
တို့သည် ၂၅-၅-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ဂုဏ်သရေရှိလူကြီးမင်းများရှေ့တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
ဗိုလ်ကြီးလှိုင်မင်းဖြိုး-မအေးမြခိုင်

အမည်ပြောင်း
အင်းစိန်မြို့၊ အလက(၄)၊ စတုတ္ထတန်းမှ အဘဦးကာစိန်၏သား မောင်ကာဒိုင်အား မောင်ခဲ့ကရေဂျော့ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခဲ့ကရေဂျော့**

သမဝါယမကောလိပ်(မန္တလေး)
နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

သမဝါယမကောလိပ်(မန္တလေး)မှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် ပဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို သမဝါယမကောလိပ်(မန္တလေး)၊ ရန်ကင်းခန်းမတွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ကိုယ်တိုင်မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ အလှူငွေများထည့်ဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

ရန်ကုန်
၁။ မမြင့်မြင့်သိန်း ၀၉- ၄၃၁၈၁၅၁၅
၂။ ကိုသိန်းထိုက် ၀၉-၅၁၉၃၁၁၈
၃။ မချိုမာနွယ် ၀၉-၇၃၁၃၅၉၉၈

မန္တလေး
၁။ ကိုညီညီထွေး ၀၉- ၂၀၁၀၈၃၅
၂။ ကိုအောင်ဆန်းလင်း ၀၉-၂၅၉၀၀၀၂၀၂
၃။ မောင်ဝေယံမင်း ၀၉- ၄၀၂၆၈၆၀၅၈
၄။ မအေးအေးဖြူ ၀၉- ၄၄၄၀၁၉၇၀၃
၅။ မထားထားလှိုင် ၀၉-၄၂၂၄၈၈၈၈၇
၆။ မသီတာဝင်းနွဲ့ ၀၉-၂၀၀၉၂၀၈
၇။ မောင်သန်းဆွေထွန်း ၀၉- ၃၃၁၉၅၇၁၂
၈။ မဝေဝေမွန် ၀၉- ၃၃၁၀၁၉၃၃

ပဌမအကြိမ်မြောက် အာစရိယာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက(၆)၊ နဝမတန်းမှ မနန်အိန်ဆိုင်းနှင့် စတုတ္ထတန်းမှ မောင်မောင်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းဖြစ်ပါသည်။

ဖခင်အမည်မှန်

နမ္မတီးမြို့၊ နမ္မတီး-အထက၊ အဋ္ဌမတန်းမှ မရတနာထွန်း၏ဖခင်အမည်မှန်မှာ ဦးထွန်းအောင်တင်ဖြစ်ပါသည်။

အမည်မှန်

ဦးရန်လင်ချစ်၏သမီး၊ မြစ်ကြီးနားမြို့၊ အလက(၃)၊ သတ္တမတန်းမှ မဂျာမွန်းဆန့်၏ အမည်မှန်မှာ မဂျာမွန်းဖြစ်ပါသည်။





Total Skin Repair

- ဝက်ခြံအမျိုးမျိုးနှင့် တင်းတိပ်၊ မှဲ့ခြောက်
- နှာတံဖော်၊ နှာရင်းပြား ပြုပြင်ခြင်း
- မေးနှစ်ထပ်၊ လည်ပင်း၊ မျက်နှာတင်းရင်း
- နှာခေါင်းဘေး အရေးကြောင်း ဖျောက်ပေးခြင်း(မခွဲမစိတ်)
- မျက်အိမ်ကျ၊ မျက်ကွင်းညို၊ မျက်ကွင်းချိုင့်
- မျက်နှာပြည့်၊ ပါးဖောင်း၊ V-Shape
- အဆီကျ (Body Sliming)မိမိမလိုချင်သောနေရာ
- ရင်သားတင်းရင်း၊ ရင်သားဖြည့်
- မျက်ရစ်ဖော်(မခွဲမစိတ်)
- ဆံပင်၊ မျက်ခုံးမွေးစိုက်ပေးခြင်း
- အသားဖြူဝင်းဆေးသွင်းပေးခြင်း
  (ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြား မပျက်စီးအောင် ကာကွယ်ပေးသည်။)

Total Skin Repair- ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမဲစက်၊ အမဲကွက်၊ နေလောင်ကွက်၊ အသားဖြူ အရေးကြောင်းများနှင့် အမာရွတ်၊ ချိုင့်ခွက်၊ အသားရေတင်းရင်းခြင်းများ ပြုပြင်ရာဌာန။

ရန်ကုန်မြို့ (၁) ဘုရင့်နောင်တာဝါ၊ 2(A)၊ လှည်းတန်း
ဖုန်း-၀၁-၅၃၂၁၈၃၊ ၀၉-၂၀၅၃၁၈၆
(၂) ရွှေအုန်းပင်အိမ်ရာ(၂) ရန်ကင်း၊
ရန်ရှင်းလမ်းမကြီး
ဖုန်း-၀၉-၂၀၀၀၉၂၆
(၃) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊
မောင်ဝိတ်ကွန်ဒိုနှင့်ကပ်လျက်၊ မင်္ဂလာတောင်ညွန့်
ဖုန်း-၀၁-၃၉၃၀၉၇၊ ၀၉-၉၁၀၁၉၂၆၄

အမြန်ပြန်လာပါ

ကိုကြည်လွင်(ခ)ကိုကျော်ကျော်[၁၂/တကန(နိုင်)၁၁၄၁၉၁] မိဘနှင့် မောင်နှမများစိတ်ပူနေပါသည်။ အိမ်ကိုအမြန်ဆက်သွယ်ပါ။ လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူခြင်းခံရမည်။ သတင်းပေးသူကို ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၃၁၃၁၆၃၅၃၊ ၀၉-၃၁၃၅၄၅၄၉



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဟံသာဝတီ(၂၁)လမ်း၊ မြေကွက်အမှတ်(၁၀၈/က)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးရွှေစောအောင်[၇/မလမ(နိုင်)၀၄၀၉၃၁]အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက် ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ထွန်း[၁၂/ဥကတ(နိုင်)၀၅၅၄၉၈]မှ မိမိပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော 5 SPEED CO.,Ltd ထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ 5 SPEED Co.,Ltd မှအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

5 SPEED CO.,Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်ယဉ်ကြည်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ်(၈၆၅)၊ သရေခေတ္တရာ(၂၂)လမ်း၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၅၄၀၂၀၂၀၊ ၀၉-၇၃၀၁၄၈၀၀၊ ၀၁-၅၆၄၀၇၅၊ ၀၉-၄၂၁၁၀၀၂၀၀

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ဇေယျာမြိုင်(၁)လမ်း၊ အမှတ်(၄၉)နေ ဒေါ်နန်းရီစလင်း[၁၄/ဝခမ(နိုင်)၁၄၈၀၆၂]နှင့် ဦးဇော်ဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၅)တို့အပြင် အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ တက္ကသိုလ်ရိပ်သာရပ်၊ မြရိပ်ညို(၇)လမ်းနေ ထားဝယ်ကုမ္ပဏီလီမိတက်၊ ဦးတင်ထွန်း(အထွေထွေမန်နေဂျာ)[၆/မအရ(နိုင်)၀၄၂၀၀၅]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းရီစလင်းကို သိရှိခြင်းမရှိပါ။ ဒေါ်နန်းရီစလင်းမှာ ထားဝယ်ကုမ္ပဏီနှင့်လည်း ပတ်သက်စပ်ဆိုင်မှုမရှိပါ။ ၁၇-၅-၂၀၁၄ ရက် ကြေးမုံသတင်းစာပါကြော်ငြာနှင့်ပတ်သက်၍ မှန်ကန်ခြင်းလုံးဝမရှိပါ။ ဦးတင်ထွန်း(အထွေထွေမန်နေဂျာ) ထားဝယ်ကုမ္ပဏီအပေါ် ဂုဏ်သိက္ခာကျဆင်းစေသော တစ်ဖက်သတ်အရေးအသားများ၊ မမှန်မကန်ရေးသားမှုများအပေါ် တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်နန်းရီစလင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်အောင် LL.B(Advocate)Poet-Nayi(Myeik) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၁၂/၉၈)
အမှတ်(၁၀၂)၊ စစ်ကိုင်းလမ်း၊ မြိတ်တက္ကသိုလ်အနီး၊ ပုလဲဒီပါရပ်၊ မြိတ်မြို့။
ဖုန်း-၀၉-၈၇၇၀၂၇၉၊ ၀၉-၄၂၂၂၂၆၃၅၃။

အထူးကျေးဇူးတင်ရှိခြင်း

ပါမောက္ခဒေါက်တာငွေးလှိုင်စိုး

အသက်(၅၉)နှစ်

ပါမောက္ခ(ငြိမ်း)ရောဂါဗေဒဌာန ဆေးတက္ကသိုလ်(၂)

၂၁-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ပါမောက္ခ ဒေါက်တာငွေးလှိုင်စိုး နာမကျန်း ဖြစ်ချိန်မှစ၍ ပြုစုကုသပေးသော မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ မန္တလေးဆေးတက္ကသိုလ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိတ်ဆွေများ၊ တပည့်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၊ ဗဟိုစည်အထူးကုဆေးရုံကြီး၊ ဘန်ကောက်အထူးကုဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သော ဆရာဝန်၊ ဆရာဝန်မကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ ဆေးကျောင်းများမှ ဆရာ၊ ဆရာမနှင့်တပည့်များ၊ ဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းမှ ဝန်ထမ်းများ၊ အိုးဘိုရပ်ကွက် နာရေးကူညီမှုအသင်း၊ ဆရာဝန်များအသင်း၊ ရောဂါရှာဖွေရေးအသင်း၊ ဆေးသုတေသန အထက်/အောက် မြန်မာပြည်မှဝန်ထမ်းများ၊ အခြားသက်ဆိုင်သော အသင်းအဖွဲ့များ၊ လွမ်းသူ့ပန်းခြင်းများ ပို့ဆောင်ပေးသူများနှင့်အဖွဲ့အစည်းများ၊ နောက်ဆုံးခရီး လိုက်ပါပို့ဆောင်ပေးသူများအားလုံးနှင့်အမည်နာမအားဖြင့် ဖော်ပြခြင်း မပြုနိုင်သော်လည်း အဘက်ဘက်မှ ကူညီပေးခဲ့သော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

Ph: 09-5023986
09-5031107,095008411

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေကွက်အမှတ်-၁၃၆(က)၊ မိဂသီ (၂၂)လမ်းရှိ ပေ(၂၀×၆၀) အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူ ဦးသိန်းနိုင်[၁၂/ကတန(နိုင်)၀၂၅၇၅၄]ထံမှ ဒေါ်ကြည်ကြည်ဆွေ[၉/မရမ(နိုင်)၀၆၈၀၈၄]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိုဆက်လက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဆွေ[၉/မရမ(နိုင်)၀၆၈၀၈၄]
၁/၁၀၁၊ ပိတောက်လမ်း၊ ပထမထပ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

---

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမှုပေးဝေခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်မေသဇင်
ကျောင်းအုပ်ဆရာမကြီး-ငြိမ်း(ထောက်ကြန့်မြို့)
၁-၆-၂၀၁၁ - ၁-၆-၂၀၁၄

ကျေးဇူးရှင် အစ်မအတွက် နေ့စဉ်၊ လစဉ်ပြုသမျှကုသိုလ်အစုစုနှင့် ၃၀-၅-၂၀၁၄ရက် ရွှေမင်းဝံသာသနာ့ရိပ်သာ၊ ဗဟန်း ၁-၆-၂၀၁၄ရက် မဟာသစ္စာကာရီ ကျောင်းတိုက်၊ ထောက်ကြန့်မြို့တွင် ဘုရားအမှူးရှိသော သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့်ယောဂီသူတော်စင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ထောက်ကြန့်မြို့နာရေးကူညီမှုအသင်းအား အောက်ဆီဂျင်တစ်ဘူး လှူဒါန်းခြင်းအစရှိသော ကုသိုလ်ကောင်းမှုတို့ကို အစ်မရောက်ရှိရာ ဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။ အစ်မရေ--အမျှ--အမျှ--အမျှ--

ညီမ-ဒေါ်အေးမြင့်(အထက-၃၊ မင်္ဂလာဒုံ)

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

သန္တာရီကွယ်လွန်ခဲ့တာ
၁ နှစ်တင်းတင်း
ပြည့်သော်လည်း လွမ်းဆွတ်
သတိရနေဆဲပါ--ပြုသမျှ
ကုသိုလ်ကောင်းမှု အစုစုကို
ရောက်ရာဘဝမှ သာဓု-သာဓု-သာဓု
ခေါ်ဆိုနိုင်ပါစေသော်-----

ချစ်သူငယ်ချင်း-မိမိခိုင်၊ ခင်သန္တာအေး

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

"M" ROYAL GROUPS CO., LTD.

M CONCRETE

"M" ROYAL GROUPS CO., LTD. Concretes Concrete Mixer Concrete Block

YE NOUS & ASSOCIATES (Law Firm)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတင်မိုးမိုးလှိုင်
အသက်(၄၂)နှစ်
သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်(ငြိမ်း)
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)

ခင်မင်ရပါသော ဦးတိုးကျော် [တွဲဖက်ညွှန်ကြားရေးမှူး(ဂီတ)၊ တေးဂီတဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား]၏ ဇနီး ဒေါက်တာတင်မိုးမိုးလှိုင်[သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်(ငြိမ်း)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)] အသက်(၄၂) နှစ်သည် ၂၃-၅-၂၀၁၄ (သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး
Youth Force Group of Companies

ဖခင်အမည်မှန်

ထားဝယ်မြို့၊ အထက(ခွဲ)အလက(၂)၊ န၀မတန်း(A)မှ မလဲ့လဲ့ဝင်း၏ဖခင် ဦးခင်ဇော်၏ အမည်မှန်မှာ ဦးဇော်ခင်[၁၀/ကမရ(နိုင်)၀၆၁၄၃၇]ဖြစ်ပါသည်။

TAXI (CNG)

နေ့တစ်ခြမ်းကားငှားရန်ရှိသည်။

ဖုန်း-၀၉-၄၂၀၁၃၁၀၃၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းအမှတ်(၃၁)၊မြေကွက်အမှတ်(၈၄၁)၊ မြေအကျယ်အဝန်း(ပေ၅၀×ပေ၆၀) (၃၀၀၀-စတုရန်းပေ)၊ ဧက(၀. ၀၆၉)ရှိသည့်အနက်မှ အလျား(ပေ၂၀×ပေ၆၀)(ခြေရင်းခြမ်း) နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်လတ်[၁၂/ဗဟန(နိုင်)၀၂၂၆၀၈]ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ညိုညိုရှိန်[၁၂/သဃက(နိုင်)၀၃၉၂၆၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေးငွေးဝင်း[၉/မတရ(နိုင်)၀၁၃၁၆၉]ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ငွေးငွေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီရိဝင်း(စဉ်-၈၂၁၀)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၃)၊မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၀၆၉၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃ(၄)လမ်း၊ မြေကွက်အမှတ်-၆၉၃(က)၊ အကျယ်အဝန်း(အလျားပေ ၆၀×အနံပေ ၂၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေကျယ်ဝန်းသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံးတို့ကို ကျွန်ုပ်ဒေါ်လှယဉ်ဝင်း[၁၂/လသန(နိုင်)၀၁၆၅၇၁]သည် ဦးဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၈၅၉၃၀]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာပြီး ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါ က အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်လှယဉ်ဝင်း
အမှတ်(၃၀)၊ (၂၄)လမ်း၊ (၄)လွှာ၊ လသာမြို့နယ်။
ဖုန်း-၀၉-၅၁၆၀၈၃၀၊ ၀၁-၅၅၇၅၅၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၁)လမ်း၊ အမှတ်(၃၅၅) ဂရန်အမည်ပေါက် ဒေါ်အုံး(ပေ၂၀×ပေ၆၀)ပေါ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသော (၁)ဦးသိန်းထွန်း[၁၂/ ဥကမ(နိုင်)၀၅၅၄၈၈]၊ (၂)ဒေါ်စန်းစန်းဝင်း[၁၂/ဥကမ(နိုင်)၀၅၅၅၂၅]၊ (၃)ဒေါ်စိုးစိုးဝင်း[၁၂/ ဥကမ(နိုင်)၀၅၅၅၂၃]တို့က လိုအပ်သောမူရင်းအထောက်အထား စာရွက်စာတမ်းများကို ပြသ၍ ရောင်းချရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေများက ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုညိုဆင့်	**ဒေါ်အေးအေးမြတ်**	**ဒေါ်ဇင်မာမျိုး**
LL.B,D.B.L,DIL,DML	**LL.B,WIPO(Switzerland)**	**LL.B**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၃၁၃၀၈)	**(စဉ်-၉၂၈၀)**	**(စဉ်-၃၈၆၄၃)**

အမှတ်(၃/ဆ)၊သမာဓိလမ်း၊ တရားရုံးဘေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ/၆၊မြေကွက်အမှတ်-၄၂၄/ခ။ လူနေရပ်ကွက်၊(၉)မင်္ဂလာလမ်း၊ အမှတ် (၄၂၄/ခ)ဟုခေါ်တွင်သော ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်တစ်လုံး၊ လျှပ်စစ်မီတာတို့ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေချပါမစ်အမည်ပေါက် ဦးမြင့်ရွှေထံမှ တရားဝင်လက်ရောက် နေထိုင်ပိုင်ဆိုင်သူ၊ ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးပိုင်[၇/ထတပ(နိုင်)၀၄၈၆၆၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကြည်လွင်(စဉ်-၃၁၂၆၇)
(LL.B)အထက်တန်းရှေ့နေ
မ/၂၅၂(ခ)၊ လှိုင်ရတနာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
ဖုန်း-၀၉ ၅၀၀၉၇၁၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၃၂၇)၊ သခင်အုန်းခင်လမ်း၊ ဦးဆန်းတင်(SRN-၀၂၂၅၀၄) အမည်ပေါက် နှစ်(၆၀) ဂရန်မြေ၊ မြေအကျယ်အဝန်း(ပေ၄၀×ပေ၆၀) အနက်မှ (ပေ၂၀×ပေ၆၀)အား ယခုလက်ရှိနေထိုင်သူ ဦးငွေးဝင်း[၁၂/အလန(နိုင်)၀၂၆၄၀၆]က ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ချိုမာ ဖုန်း-၀၉-၃၁၃၅၆၉၉၅

ကန့်ကွက်နိုင်ပါသည်။

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း)
D.S.A(13)
(မိတ္ထီလာတပ်မတော်ကျောင်းသားဟောင်း)
အထွေထွေမန်နေဂျာ(ငွေစာရင်းဌာန)၊မြန်မာစီးပွားရေးကော်ပိုရေးရှင်း
အသက်(၆၅)နှစ်

ဒေါ်ခင်အေးအေး၏ခင်ပွန်း ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း)၊ D.S.A(13)၊ (မိတ္ထီလာတပ်မတော်ကျောင်းသားဟောင်း)၊ အထွေထွေမန်နေဂျာ (ငွေစာရင်းဌာန)၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း အသက် (၆၅)နှစ်သည် ၃၀-၅-၂၀၁၄ ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
ကမ္ဘောဇဘဏ်လီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာကိုကိုကြီး
(ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)
အသက်(၈၃)နှစ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာကိုကိုကြီးသည် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မော်လမြိုင်ကောလိပ်ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့.
ကျောင်းသူ/ကျောင်းသားဟောင်းများ (ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းအုန်းအုန်းကြည်၏မိခင် ဒေါ်မြသန်း(ခ)ဒေါ်တင်တင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥမ္မာထွန်းရွှေ၊ လှလှမြင့်၊ တင်မာငြိမ်း၊ ဥမ္မာငြိမ်း၊ Sandra၊ နီနီ၊ မွေးမွေး၊ ဇင်သီ၊ Anita၊ Dolly၊ June၊ မွန်မွန်၊ မာလာ၊ မြတ်သီ၊ ခင်မာလာထွန်း၊ တင်မမ၊ မြတ်ဝတ်ရည်၊ ဝင်နီတာ၊ Stella၊ ဖြူမာ

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်(၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင်ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

အနိစ္စ

ဦးစံလူ (ပခုက္ကူ)
အသက်(၈၇)နှစ်

မြိုင်မြို့နယ်၊ လက်ပံအိုက်ကျေးရွာနေ (ဦးဖိုးသာ-ဒေါ်မယ်တင်)တို့၏သား၊ အမှတ်(၅၈)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်လှမြင့်)၏ ခင်ပွန်း၊ ဦးကျော်(ငြိမ်း)၊ ဒေါ်သောင်းသောင်းအေးတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးစံလူသည် ၃၀-၅-၂၀၁၄ ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၄ ရက် နံနက် ၁၁း၁၅ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၄ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းတင်
အသက်(၇၈)နှစ်

မြောင်းမြမြို့၊ (၁၀)ရပ်ကွက်၊ ကံကြီးတန်း၊ အလယ်လမ်းနေ ဦးထွန်းတင်၊ ဦးသိန်းထွန်း-ဒေါ်သန္တာလင်းတို့၏ဖခင်သည် ၂၈-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

ဦးကြူစိန်(မြိတ်)
ကျောက်မြောင်းဈေး
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၃၃)၊ ခြောက်လွှာ (ခေါင်းရင်းခန်း)နေ (ဦးရှိန်-ဒေါ်ဟန်)တို့၏သားကြီး၊ (ဒေါ်သန်းအေး)၏ ခင်ပွန်း၊ (ဦးကြူဟုန်)-ဒေါ်လှအေး၊ (ဦးကြူလွန်း)-ဒေါ်ကြည်ပို၊ ဦးယူကီး-ဒေါ်ဝါဝါ၊ ဒေါ်လေးဝါ၊ (ဦးကြူဝေ)-ဒေါ်စန်းညွန့်၊ ဦးမြင့်ထွေး-ဒေါ်ကျင်မြတို့၏အစ်ကိုကြီးသည် ၃၀-၅-၂၀၁၄ ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းရှိန် (၆၆)နှစ်
နည်းပြ(ငြိမ်း)
GTI
(မေမြို့၊ မြစ်ကြီးနား၊ အင်းစိန်)

ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် (၂၆၀)၊ အဝေရာလမ်းနေ (ဦးရွှေမြ-ဒေါ်သိန်း)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်ထားတင်)တို့၏သားသမက်၊ ဒေါ်တင် မော်အေး(နည်းပြ-ငြိမ်း၊ GTC မော်ဘီ)၏ခင်ပွန်း၊ ဦးကျော်နိုင်ဦး(E/E BELL SHIP)-ဒေါ်သီသီမာ(ဆန်းဖလားဝါး အလှပြင်ဆိုင်)၊ ဦးဝေဖြိုးဦး (Master F.G, Maersk Line)-ဒေါ်သီရိလှိုင် (Smart Learning Center)၊ ဗိုလ်ကြီးသန့်ဇော် (မင်္ဂလာဒုံတပ်တော်ဆေးရုံကြီး)-Dr. စုမြတ်အေး (နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီး)တို့၏ မွေးသဖခင်၊ မသီရိဆုဝေ(တက္ကသိုလ်ဝင်တန်း) မသီရိဝေဦး(တက္ကသိုလ်ဝင်တန်း)၊ မမေဦးမိုး(SECI, ILBC)တို့၏အဘိုးသည် ၃၀-၅-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) D.S.A(13)
အသက်(၆၅)နှစ်
(မိတ္ထီလာတပ်မတော်ကျောင်းသားဟောင်း)
အထွေထွေမန်နေဂျာ(ငွေစာရင်းဌာန) မြန်မာစီးပွားရေးကော်ပိုရေးရှင်း

မြစ်သားမြို့နယ်နေ (ဦးအောင်ခင်-ဒေါ်ပုပု)တို့၏ သား၊ မြစ်သားမြို့နယ်နေ (ဦးခန့်ကြီး-ဒေါ်အုံးချစ်)တို့၏ သားသမက်၊ ဒေါ်ခင်အေးအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇင်မျိုးဦး-ဒေါ်မီမီအေးအောင်၊ ဗိုလ်မှူးမောင်အေးအောင်-ဒေါက်တာစမ်းစမ်းအေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဦးမင်းအောင်(ဒု-ခရိုင်ဥပဒေအရာရှိ မူဆယ်ခရိုင်ဥပဒေရုံး)- ဒေါ်မာလာ၊ အရာခံဗိုလ်မျိုးအောင်-ဒေါ်ချိုချို၊ ဦးခင်ဇော်-ဒေါ်မြမြဆွေ၊ ဦးကျော်ဝင်း-ဒေါ်စုစုအောင်၊ အရာခံဗိုလ်သန်းထွေးအောင်-ဒေါ်နန်းသဇင်ထွေး၊ (တပ်ကြပ်ကြီးညီညီအောင်)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မသဒ္ဒါရွှန်းလဲ့ဦး၊ မအိမ့်မြတ်ချယ်ရီအောင်တို့၏ ချစ်လှစွာသောအဘိုး၊ ရန်ကုန်မြို့၊ ပဲခူးကလပ်ရိပ်သာ၊ တိုက်(၂)၊ အခန်း(၃)နေ ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ MEC)သည် ၃၀-၅-၂၀၁၄ရက် နံနက် ၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်းနွဲ့(ပြွန်တန်ဆာ)
B.A, B.Ed
အထက(၃) စမ်းချောင်း၊ အထက(၁) ရန်ကင်း၊ အထက(၂) ရန်ကင်း၊ အထက သုဝဏ္ဏ(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ နန္ဒဝန်လမ်းသွယ်၊ စပယ်ခြံ (၂)လမ်း၊ အမှတ် (၁၅၈)နေ ဆရာကြီးဦးတင်မောင်၊ ဒေါ်လှကြည်တို့၏သမီးဦး၊ ဦးခင်မောင်ရင် [ဒု-ညွှန်ချုပ်-ငြိမ်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ အထက်မြန်မာပြည်]၏ ဇနီး၊ ဒေါ်မြင့်မြင့်ခင် (အထက-၂၊ ကမာရွတ်၊ ငြိမ်း)၊ ဒေါ်နုနုရည် (စီမံဌာနမှူး-ငြိမ်း၊ စစ်ကိုင်းပညာ ရေးကောလိပ်)၊ ဒေါ်ယဉ်ယဉ်အေး (ကထိက-ငြိမ်း၊ သာယာဝတီ စိုက်သိပ္ပံ)တို့၏အစ်မကြီး၊ ဒေါ်မျိုးခင်ခင် (RV. Centre International P/L Singapore)၊ ဦးကျော်လွင် (MRTV)-ဒေါ်မိုးခင်ခင် (MEDI, Myanmar Group Ltd.)တို့၏မိခင်၊ မဂ္ဂါဆည်းလည်းနွေ (Sweet Sweet Smile) (PIELC)၏ အဘွားသည် ၃၁-၅-၂၀၁၄ရက် နံနက် ၇း၂၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။ [၆-၆-၂၀၁၄ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင် (၆၈)နှစ်
(ဒု-လ/ထ ကြီးကြပ်ရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးပြတိုက်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းအပေါ်၊ အမှတ်(၁၁၇)နေ (ဦးကြိုင်-ဒေါ်သောင်းစိန်)တို့၏သမီး၊ ဦးမောင်မောင်(ခ)ဦးလှထွေး၏ဇနီး၊ ဦးမြင့်ဆွေ၏အစ်မ၊ ဦးစိုးသွင်(ဦးစီးအရာရှိ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်လှဥမ္မာမောင် (အငယ်တန်းစာရေး၊ စိုက်ပျိုးရေးပြတိုက်)တို့၏ မိခင်၊ မလှဝတ်ရည်လှိုင်၊ မောင်လင်းလက်မောင်တို့၏အဘွားသည် ၃၁-၅-၂၀၁၄(စနေနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဓမ္မောဒယ (ဖိုကြီးရွာ၊ မြို့သစ်မြို့နယ်)
သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်
ရတနာအောင်မြေကျောင်း (တိုက်အုပ်ဆရာတော်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ရတနာအောင်မြေကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ဖိုကြီးကျေးရွာနေ ခမည်းတော်(ဦးအောင်ခင်)၊ မယ်တော်(ဒေါ်သျှန်)တို့၏သား၊ ဘဒ္ဒန္တဓမ္မောဒယ သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်သည် (၁၃၇၆ ခုနှစ်၊ နယုန်လဆန်း၂ရက်) ၃၀-၅-၂၀၁၄(သောကြာနေ့) နံနက် ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၁-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအကြောင်းကြားပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ရတနာအောင်မြေဝေယျာဝစ္စအသင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမိုးကုတ်(ခ)တေပိုးကုတ်(သန်လျင်)
အသက်(၉၄)နှစ်
သန်လျင်ကျန့်တိတ်ဘုရားကျောင်း(ဒု-ဥက္ကဋ္ဌ)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ သာခုလမ်း၊ အမှတ်(၅)နေ (ဒေါ်ခင်လှိုင်)၏ခင်ပွန်း၊ ဦးဝမ်းစိန်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမောင်မောင်-ဒေါ်ခင်ဝေညွှန့်၊ ဦးကုဋ္ဌေစိုး-ဒေါ်ခင်သန်းဆွေ၊ ဦးခင်ဟန်၊ ဦးခင်မောင်မျိုး-ဒေါ်မြင့်မြင့်ခင်၊ ဦးရဲကျော်ညွှန့်-ဒေါ်စိမ်းလဲ့အေး၊ ဦးအောင်မြင့်-ဒေါ်ပြုံးသွယ်ခိုင်တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဦးမိုးကုတ်သည် ၃၁-၅-၂၀၁၄(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်မောင် အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ (၃)လမ်း၊ အမှတ်(၁၂)နေ (ဦးပန်းညွန့်-ဒေါ်စိန်ရင်)တို့၏သား၊ (ဒေါ်ခင်ငွေး)၏ခင်ပွန်း၊ ဒေါ်သန်းရွှေ၊ ဦးကြင်မောင်-ဒေါ်အုန်းကြည်တို့၏ အစ်ကို၊ ဒေါ်ကြည်ကြည်နွဲ့ (JAT မ/၁၇၊ တ/ဥက္ကလာ)၊ ဦးဇော်ထွန်း-ဒေါ်မြင့်မြင့်ကြည် (JAT လ/၄၊ ဒေါပုံ)၊ မအေးအေးရီတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၃၁-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၃ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်(ကညွတ်ကွင်း)
အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ဈေးမြောက် (၅)လမ်း၊ အမှတ်(၅၆၄)နေ (ဦးဖိုးရင်-ဒေါ်ညို)တို့၏သား၊ (ဦးပေါ်များ-ဒေါ်ရွှေညိမ့်)တို့၏ သားသမက်၊ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ ဦးကျော်အေး-(ဒေါ်တင်စိန်)၊ ဦးခေမိန္ဒ-ဒေါ်တင်မြင့်၊ ဗိုလ်မှူးကျော်မြင့်အောင်(ငြိမ်း)(ဟိန်းထက်ကုမ္ပဏီ)-ဒေါ်မြင့်မြင့်မော်အေး၊ ဦးခင်မောင်အေး-ဒေါ်ငွေငွေ၊ ဦးခင်မောင်ထွေး-(ဒေါ်မိုးသီ)၊ ဦးအောင်မင်း-ဒေါ်စုစုမော်တို့၏ကျေးဇူးရှင်ဖခင်၊ မြေး ၂၀ ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ထားဝယ်အသင်း
ဒေါ်လှအေးတင်(ထားဝယ်)
အသက်(၈၅)နှစ်
(သက်ကြီးကန်တော့ခံ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် (၇၅၉)နေ (ဦးသီးဖေ-ဒေါ်သီးဆင်)တို့၏ သမီး၊ (ဦးကျင်စိန်)၏ဇနီး အသင်းဝင်အမှတ်(၁၈၇၁) ဒေါ်လှအေးတင်သည် ၂၉-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဦးကျော်လှိုင်(ခ)ဦးကျော်ဝင်းလှိုင်
(အား/ကာ-ငြိမ်း)
မောင်ကြက်တောင်
(အားကစားကလောင်ရှင်)
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဒိုင်လူကြီးဟောင်း
(တီတီစီ၊ မြို့မ၊ လှကျောင်း ကျောင်းသားဟောင်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ သက်န်းပရိက္ခရာကုန်သည်ကြီး(ဦးထွားမြ-ဒေါ်အေးကြည်)တို့၏ တစ်ဦးတည်းသော တတိယမြောက်သား၊ [ဒေါ်လှမြင့်(ခ)ဒေါ်ခင်မြကြည်]၊[ဒေါ်ခင်မြသီ(ခ)ဒေါ်ဒေစီမြ]တို့၏မောင်၊ အမှတ်(R-3)၊ အောင်ချမ်းသာ(၂)လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ [ဦးစိုးအောင်(လ/ထ ညွှန်မှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်)]-ဒေါ်ညွှန့်ညွှန့်အေးတို့၏အစ်ကို၊ မမြမျိုးသွယ် (M.A.I)၏ ဘဘကြီးသည် ၃၀-၅-၂၀၁၄(သောကြာနေ့) နံနက် ၉း၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန် သူအားရည်စူး၍ ၅-၆-၂၀၁၄(ကြာသ ပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မေစွမ်း
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၄၂)နေ (ဒေါက်တာဘစွမ်း-ဒေါ်တင့်)တို့၏သမီး၊ (ဦးဘာဘာ)၏ဇနီး၊ (ဦးကြိုင်မြင့်)-ဒေါ်တင်မေဦး (ILBC)၊ ဦးတင်စိန်-ဒေါက်တာတီတီ (ပို့မွှားဗေဒ အထူးကုဆရာဝန်ကြီး-ငြိမ်း)၊ [ဒေါက်တာထင်အောင် (တိမွေးကု)]-ဒေါ်သောင်းနွဲ့၊ (ဦးကျော်အောင်)၊ ဦးသိန်းအောင်-ဒေါက်တာအေးအေးကြည်၊ (ဦးမိုးအောင်)၊ ဒေါ်ကြည်မေထွေး(ဆေး-သု၊ အောက်မြန်မာပြည်)တို့၏ချစ်လှစွာသော မိခင်၊ ဗိုလ်မှူးဝင်းကိုဦး(ယာယီတပ်ရင်းမှူး)-ဒေါ်သီရိဆွေထွန်း၊ ဒေါက်တာဟန်မျိုးတင်-ဒေါက်တာမို့မို့လွင်၊ ကိုကျော်မျိုးတင်၊ မမိုးသက်ခင်၊ မစုမြတ်နိုးတို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၅-၂၀၁၄(သောကြာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်ဝင်း (၇၅)နှစ်
မူလတန်းကျောင်းအုပ်ကြီး(ငြိမ်း)
(သာကေတ)

ရန်ကုန်မြို့နေ ဦးရွှေကြူ-ဒေါ်သန်းမြတို့၏သား၊ (ဦးတင်လှိုင်)-ဒေါ်အုန်းမြင့်တို့၏မောင်၊ (ဦးအုန်းလွင်)-ဒေါ်အေးသန်းတို့၏အစ်ကို၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ နွယ်နီ (၄)လမ်း၊ အမှတ် (၁၂၆/ခ)နေ ဒေါ်ခင်ခင်စော(အလယ်တန်းပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မစောနွယ်နွယ်ဝင်း၏ ကျေးဇူးရှင်ဖခင်သည် ၃၀-၅-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးညွန့်တင် (၈၆)နှစ်
(မီးရထား-ငြိမ်း)

ရန်ကုန်မြို့နေ (ဦးမောင်တင်-ဒေါ်စိန်းရင်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်(၁၆)၊ အခန်း(၁၀၆)နေ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဒေါ်ခင်ညို၊ ဦးတင့်လွင်-ဒေါ်သန်းသန်းဆင့်၊ ဦးသန်းအေး-ဒေါ်အေးစန္ဒာထွန်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်နေအောင်ဝင်း၊ မောင်ကျော်ဇောသွင်၊ မောင်လင်းခန့်မင်းပိုင်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၃၀-၅-၂၀၁၄(သောကြာနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်(၁၆)၊ အခန်း(၁၀၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မဝတ်ရည်ဝင်း (၃၉)နှစ်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ဘဏ္ဍာရေးဌာန

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ လျှပ်စစ်ကိုယ်ပိုင်ဝင်း၊ အမှတ် (က/၁၅)နေ [ဦးစန်းရီ(MEPE-ငြိမ်း)]-ဒေါ်ခင်ဝင်းမြင့်(အထက၊ ကျောင်းအုပ်ကြီး-ငြိမ်း)တို့၏ သမီး၊ ဦးသိန်းတင်-ဒေါ်ခင်သိန်းထွေး၊ ဦးအောင်ဝင်း-ဒေါ်အုန်းမြင့်တို့၏ တူမ၊ မောင်သူရိန်နိုင်-မမြမြအေး၊ မထူးထူးလှိုင်၊ မောင်စည်သူသိန်းတို့၏အစ်မ၊ မချမ်းမြေ့သူ၏အဒေါ် မဝတ်ရည်ဝင်းသည် ၃၁-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြူစိန်(မြိတ်)
ကျောက်မြောင်းဈေး
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၃၃)၊ ခြောက်လွှာ (ခေါင်းရင်းခန်း)နေ ဦးပိုပို၊ ဦးမြင့်ဦး-ဒေါ်ခင်ဆွေဦး၊ ဦးတင့်လွင်- ဒေါ်ဥမ္မာ၊ ဒေါ်ဥမ္မာခင်၊ ဦးမောင်မောင်-ဒေါ်စိုးစိုးမာ၊ (ဒေါ်နှင်းနှင်းအေး)၊ ဦးအောင်မိုး-ဒေါ်ဥက္ကာသီရိတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်လွင်ဗိုလ်အောင်၊ မောင်ဉာဏ်လင်းဖုန်းတို့၏ အဘိုးသည် ၃၀-၅-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Matthew
သန်းငွေး(ခ)မောင်သူငယ်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ စိန်မေရီဝင်းနေ (ဦးကြည်-ဒေါ်ချစ်)တို့၏ သား၊ မန္တလေးမြို့၊ (၇၄)လမ်းနေ ဦးခင်-ဒေါ်စန်းကြည်တို့၏တူ၊ (ဦးထွန်းအောင်)-ဒေါ်ယဉ်ထွေးတို့၏ညီ၊ တပ်ကြပ်ကြီး ဦးစိုးမြင့်(ဖြူး)၏အစ်ကို၊ (ဒေါ်အယ်နီကြိုင်)၏ခင်ပွန်း၊ ကိုအောင်ကြိုင်ငွေး၏ ဖခင်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သာသနာပိုင်ချုပ်ရုံး၊ ဆက်သွယ်ပြန်ကြားရေးဌာန၏ ဒု-ဌာနမှူး Matthew သန်းငွေး(ခ)မောင်သူငယ်သည် ၃၀-၅-၂၀၁၄ရက် ညနေ ၄နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၆-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီ တွင် ကမာရွတ်မြို့နယ် သန့်ရှင်းသော ကားတိုင်ဘုရားကျောင်း၌ ဈာပနဝတ်ပြုခြင်းပြုလုပ်ပြီး ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်း သူတို့၏ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင် သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ် ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ယနေ့ မာတိကာ

နိုင်ငံနှင့် ပြည်သူအကျိုးစီးပွား အလေးထား
စာမျက်နှာ -၂

မီးတောင်ပြာမှုန့်တိမ်တိုက်ကြောင့် ညြစ်ေတြးလျှတွင် လေကြောင်းခရီးစဉ်များ ဖျက်သိမ်း
စာမျက်နှာ -၄

အမျိုးသားစာပေဆု ရွေးချယ်ချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများသို့ မေတ္တာရပ်ခံ
စာမျက်နှာ - ၁၁

ဆောက်သမ်တန်အသင်း နည်းပြဖြစ်လာရန် ဒေးဗစ်မိုးယက်စ် ရေပန်းစား
စာမျက်နှာ - ၁၃

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာဒေါ်ခင်စန်းရီတို့ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆည့်ခန်းမတွင် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပညာတတ်သည့် တိုင်းပြည်ဖြစ်ရေးအတွက် ပညာ၏အခန်းကဏ္ဍကို ပစ်ပယ်ထား၍မရ

ရန်ကုန် မေ ၃၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီတို့သည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တက္ကသိုလ် Recreation Center ပင်းယဆောင်နှင့် အင်းလျားဆောင်တို့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့စစ်ဆေးရာတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တာဝန်ရှိသူများက အဆောင်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

တက္ကသိုလ်အဆောင်များကို လှည့်လည်ကြည့်ရှုမစစ်ဆေးမီ ပညာရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာဆည့်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ပညာတတ်သည့် တိုင်းပြည်ဖြစ်ရေးအတွက် ပညာ၏အခန်းကဏ္ဍကို ပစ်ပယ်ထား၍မရကြောင်း၊ ပညာရေး၏ ဘတ်ဂျက်အခြေအနေကို လွန်ခဲ့သည့်(၇)နှစ်က ဘတ်ဂျက်အခြေအနေနှင့် ကြည့်လျှင် ယနေ့ပညာရေးဘတ်ဂျက်သည် ငွေကျပ်ဘီလီယံ ၅၀၀၊ ၆၀၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ ပညာရေးကို Invest လုပ်ရမည်ဆိုသည်ကို စာမျက်နှာ ၈ ကော်လံ ၄ သို့

နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးတို့ကို အခြေခံလျက် သံတမန်နည်းလမ်းအရ ငြိမ်းချမ်းစွာ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၃၁

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၇၊ မြေကွက်အမှတ်-၁၁၀၀၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးအောင်[၁၂/လမတ(နိုင်)၀၂၂၀၁၇]ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ် စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅(မြေညီထပ်)၊၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁
HP:09-5021244

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

[illegible]

သမီးအဖြစ်မှ(အမွေပြတ်)စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်အနောက်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ်(၃)၊ အကောက်ဆိပ်လမ်းနေ ကျွန်မ၏သမီးဖြစ်သူ မလေးလေးနိုင် (ခ)မလေးပို[၁၄/ပသန(နိုင်)၀၆၈၇၃၆]သည် မိဘစိတ်ဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာထိခိုက်အောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ပြုံးရီ

[illegible]

A/C(5), TV Speaker Bell

17,500L/ [illegible] 49 L, Ph 09-5100661

[illegible]

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၁၅)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်လမ်း၊ အမှတ်(၃၁၅)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်သီဟ[၁၂/ကမရ(နိုင်)၀၁၀၈၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော်ဝင်းဦး(LL.B., LL.M) တရားလွှတ်တော်ရှေ့နေ
အမှတ်-၁၀၆၊ ပထမထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၇၈၀၁၈

ပုဂံလမ်း၊ ၁၁၁၇(ခ)/၅၄-ရပ်ကွက်၊ မြေ၊ အိမ်နှင့် ဆိုက်ကား(၆)စီးပိုင်ဆိုင်သူမှ အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄-ရပ်ကွက်၊ ပုဂံလမ်း၊ အိမ်အမှတ်-၁၁၁၇(ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်(၅၄)၊ မြေကွက်အမှတ်-၁၁၁၇(ခ)၊ အကျယ်အဝန်း အလျားပေ ၂၀ × အနံပေ ၆၀ နှင့် မြေပိုနှင့်ရေမီးအစုံတစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်ဆက်ဆက်ဖြင့် ကျွန်တော် "ဦးမြင့်ဝေ"က ဝယ်ယူပိုင်ဆိုင်၍ ယနေ့ထိ နေထိုင်လျက်ရှိပါသည်။

ထို့အတူ ဆိုက်ကား(၆)စီး (ဒဂတ-၁၆၅၈/၁၄၈၂/၁၇၅၁/၀၁၀၂/၁၅၈၇/၀၇၃၄)ကိုလည်း ဇနီး "ဒေါ်ချိုချို"အမည်ငှားဖြင့် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် ဆိုက်ကား(၆)စီးမှာ ကျွန်တော်ကိုယ်တိုင်ရှာဖွေစုဆောင်းထားသည့် ငွေများဖြင့်ဝယ်ယူထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ချိုချိုမှနှင့်မည်သူမဆို ကျွန်တော်၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဆောင်ရွက်ခြင်း မပြုရန် အထူးတားမြစ်လိုက်ပါသည်။ တားမြစ်ကန့်ကွက်သည့်ကြားက ဝယ်ယူထားသူများရှိပါက ဥပဒေနှင့်အညီ ပြန်လည်လက်ရောက်ရသည်အထိ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ အကယ်၍ကြေညာမတိုင်မီက ငွေလက်လွှန်ထားသူရှိပါက ကျွန်တော်နှင့် အမြန်ဆုံးလာရောက်ဆွေးနွေးရန် အကြောင်းကြားအပ်ပါသည်။

ဦးမြင့်ဝေ[၁၂/ဥကတ(နိုင်)၀၂၄၄၀၄]
အမှတ်-၁၁၁၇(ခ)၊ ပုဂံလမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၇၃၂

ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်မှစ၍ တာဝန်ယူခဲ့ပြီး ၂၀၀၇ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်စတင်၍ ရွှေ၊ ငွေ၊ ကြေး စုစုပေါင်း(၂၈)ခု၊ ၂၀၁၀ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ကျိုးမြို့တွင် ကျင်းပပြုလုပ်သည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ငွေတံဆိပ်(၃)ခုရရှိခဲ့ပြီး ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေး(၁၉)ခုနှင့် ၂၀၁၃ ခုနှစ် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံတွင် ကျင်းပ ပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် စုစုပေါင်း(၃၄)ခုဖြင့် နိုင်ငံအလိုက်အဆင့် ဒုတိယရရှိခဲ့ပြီး အဖွဲ့ချုပ်နှင့် အားကစားလက်ရွေးစင်မောင်မယ်များ လိုအပ်သမျှ အစစအရာရာ လိုလေသေးမရှိ ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်-စည်သူဦးချစ်ခိုင်အား နိုင်ငံတော်သမ္မတမှ ၃-၅-၂၀၁၄ ရက်တွင် ချီးမြှင့်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)အား (၂)နှစ်ဆက်တိုက် ရယူပေးနိုင်ခဲ့ခြင်းအတွက် ဥက္ကဋ္ဌတာဝန်ယူခဲ့သည့် ကာလတစ်လျှောက်လုံး စိတ်တူကိုယ်တူ အတူတကွ လက်တွဲပူးပေါင်း လုပ်ကိုင်ခဲ့ကြသော အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးမှ လှိုက်လှဲစွာ ဂုဏ်ပြုချီးမြှင့်အပ်ပါကြောင်း-

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၆ ပါ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်းတွင် ‌ေမြရှင် အစား မြေရှင် ဦးတင်ဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြေကွက်များဝယ်လိုသည်

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များ။

ဖုန်း-၀၉-၄၅၀၀၅၇၆၅၉၊ ၀၉-၄၉၂၉၀၁၉၇

ကားရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

1. Toyota Hilux Vigo 4WD,2.5cc Diesel (smart cab) 2006 (190သိန်း)
2. Vauxhall ပုံပြောင်း 1300 CC Diesel, 2011,2010 (198သိန်း)

01-572140,09- 5159256,,09-5190189

မြတ်မြင့်မိုရ် (ရောင်းမည်)

လမ်းသစ်လမ်းသွယ်	(35'x190')1BN	သိန်း 2500
မရမ်းကုန်းလမ်းသန့်	(65'x85')မြေ	သိန်း 3500
ရန်ကုန်-အင်းစိန်လမ်းသွယ်	(60'x80')1RC	သိန်း 5800
ကုန်းမြင့်ရိပ်သာ	(40'x67')1RC	သိန်း 6000
ပြည်လမ်းသွယ်	(60'x70')မြေ	သိန်း 7000
ကုန်းမြင့်ရိပ်သာ	(37'x85')2½-RC(new)	သိန်း 8500
ကမ္ဘာအေးလမ်းမ(ဂုတ်)	(45'x70')မြေ	သိန်း 9500
မြကန်သာအိမ်ရာ	(70'x100')မြေ	1Sq=2သိန်း

ဖုန်း-၀၉-၇၃၂၀၁၁၂၄၊ ၀၉-၄၂၈၀၃၂၈၀၇၊ ၀၉-၂၅၀၀၆၁၁၅၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်စာရင်းစစ်ချုပ်ရုံး
မွန်ပြည်နယ်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဒေါ်ပွင့်ရည် (B.A-Korean,Y.U.F.L)

2012 Foreign Specialists of Korean Language Certificate by Pai Chai University, Korea

"ကိုရီးယားဘာသာစကားသင်တန်း"

Ph: 09-5096303,09-43025170,09-421404397

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်(၂၁၃)၊ မြေကွက်တည်နေရာအမှတ်(၂၁၃)၊ ၄၃-ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (ဦးဘထား AA-၀၈၂၃၂၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘထား ကွယ်လွန်သဖြင့် ဒေါ်ရင်မြင့်[၁၂/တမန(နိုင်)၀၃၅၂၂၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

ဆက်သွယ်ရန်ဖုန်းနံပါတ်-450042208,73211112

ကန့်ကွက်နိုင်ပါသည်

(LL.B., LL.M.)

ကန့်ကွက်နိုင်ပါသည်

(LL.B., LL.M.)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်ကျင်မြိုင်တို့၏ သားထွေး

မောင်နန္ဒဝင်း(ခ)ဂူဂူး

Certificate (II) in Information Technology, WA,
Director of Golden Arrow Wedding Planning

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးအောင်သူ(အောင်မြင့်မိုရ်ကုမ္ပဏီ)-ဒေါ်နီလာအေး တို့၏ တစ်ဦးတည်းသောသမီး

မစုမြတ်အောင်(ခ)ဂျူဂျူး(ခ)ပိုးပိုး

B.A Myanmar
Diploma in Accounting (LCCI, UK)

တို့၏ ၂၄-၅-၂၀၁၄ရက်တွင် PARKROYAL HOTEL ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နိုင်ငံကျော်တေးသံရှင် ဦးဇော်ဝင်းထွဋ်နှင့် ဇနီး မမေခိုင်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော နိုင်ငံကျော်တေးသံရှင် ကိုRဇာနည်နှင့် ဇနီး မော်ဒယ်သရုပ်ဆောင် ဝမ်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းအားမေတ္တာဖြင့် သီဆိုပေးပါသော အကယ်ဒမီများရှင် ကိုရန်အောင်နှင့် နိုင်ငံကျော် တေးသံရှင် မဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော ရောင်းစဉ်လှိုင်းတေးဂီတအဖွဲ့၊ မေတ္တာဖြင့် မြန်မာ့ရိုးရာအကဖျော်ဖြေပေးပါသော ရွှေတံဆိပ်ဆုရှင် ထက်ကိုနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ မင်္ဂလာပန်းကြဲ STARS & MODELS INTERNATIONAL "ကိုဂွန်လွင်"မှ မော်ဒယ်များ၊ မင်္ဂလာပန်းကိုင် သမီးလေးအိမ့်နဒီ၊ စိမ့်နဒီ၊ စုရတီ၊ စုဝတီ၊ စုမေနှင့်လင်းရည်မြတ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် တေးသံရှင် ကုဋ္ဌာခင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မော်ဒယ် မေဇင်၊ မင်္ဂလာသတို့သားအရံ စည်သူနှင့် ရဲထက်အောင်၊ မင်္ဂလာသတို့သမီးအရံ ခိုင်စုဝေနှင့်ဇာခြည်စိုးသိန်း၊ မိတ်ကပ်၊ ဆံပင်၊ လက်ဝတ်ရတနာအား မေတ္တာဖြင့် ကူညီပေးပါသော နိုင်ငံကျော်မိတ်ကပ်ပညာရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံအား မေတ္တာဖြင့် ကူညီပေးပါသော ဒီဇိုင်နာ ပြည်စိုးအောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မလိမ္မာ (မြန်မာစာ)နှင့် မင်းခန့်ကျော်(AMS)၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးပါသော မလေးရှားသန်းမြင့်၊ မင်္ဂလာဖိတ်စာ ဖန်တီးပေးပါသော LOVE, PARK ROYAL HOTEL မှ ဝန်ထမ်းများအားလည်းကောင်း၊ ၂၄-၅-၂၀၁၄ရက်တွင် LION CITY RESTAURANT ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲတွင် မိတ်ကပ်၊ ဆံပင်အားမေတ္တာဖြင့် ကူညီပေးပါသော အန်တီမင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ YES I DO ၊ ရှေ့ထွက်အကအားထူးခြားစွာ မေတ္တာဖြင့်တင်ဆက်ပေးပါသော LIVE & DANCE မှ ကိုဇော်ဝင်းထွဋ်နှင့် မဝိုင်းချစ်၊ မေတ္တာဖြင့် ကူညီပေးပါသော DJ သော်သော်နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုနေမခ နှင့် မမိုးနဒီအောင်၊ ဓာတ်ပုံနှင့် ဗီဒီယိုအားမေတ္တာဖြင့် မှတ်တမ်းတင်ပေးပါသော မင်းခန့်ကျော်(AMS)နှင့် အဖွဲ့၊ LION CITY RESTAURANT မှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲအားအစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်ဝန်းကူညီဆောင်ရွက်ပေးပါသော WEDDING PLANNER ကိုကိုးလေးနဒီစိုး (GOLDEN ARROW)၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် နန္ဒဝင်း-စုမြတ်အောင်

မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ ဒုတိယဗိုလ်မှူးကြီး**တင်ကိုကို**(ငြိမ်း)နှင့် မေမေ **ဒေါ်စန်းစန်းမြင့်** တို့၏ ၁-၆-၂၀၁၄ရက်တွင် ကျရောက်သော (၂၉)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်ရွှေရတု၊ စိန်ရတုတိုင်အောင် မိသားစု ကျန်းမာပျော်ရွှင်စွာဖြင့် တိုင်းပြည်အကျိုး၊ ဘာသာ၊ သာသနာအကျိုးကိုဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သား-ဗိုလ်ကြီးပိုင်ထက်ကို (ခေတ္တ ပြင်ဦးလွင်)

အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ ဒသမတန်းမှ မောင်စိုးမိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့် [၉/မမန(နိုင်)၀၀၁၇၅၅]ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၉၂/ခ) မြေကွက်တည်နေရာအမှတ်(၄၉၂/ခ)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးကျော်နှင့် ဇနီး ဒေါ်ကြည်ကြည်ခင်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်ပြုံးရီ[၁၂/ဥကတ(နိုင်)၀၃၄၇၉၀]၊ ဒေါ်အေးအေးမာ[၁၂/ဥကတ(နိုင်)၀၁၃၈၅၇]၊ဦးမောင်မောင်ဦး[၁၂/ဥကတ(နိုင်) ၀၁၃၈၅၈]၊ ဦးသာမိုး[၁၂/ဥကတ(နိုင်)၀၁၃၈၆၂]၊ ဒေါ်ဥမ္မာရီ[၁၂/ဥကတ(နိုင်)၀၁၃၈၅၉]၊ ဒေါ်သူဇာရီ[၁၂/ဥကတ(နိုင်)၀၁၃၈၆၀]၊ ဦးကျော်စိုးမိုး[၁၂/ဥကတ(နိုင်)၀၁၃၈၆၁]၊ ဒေါ်ထိုက်ထိုက်လင်း[၁၂/ဥကတ(နိုင်)၁၃၀၁၅၁] တို့က သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောသက်သေအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာဒါနအလှပြင်သင်တန်း

• ... Digital ... 3D ...

• BONNY CARE (Beauty Saloon) ...

Ph: 09-421057760, 09 5175088, 09 5039831

အကျိုးဆောင်

City Mart ...

နှစ်ဦးသဘောတူလက်မှတ်ရေးထိုးလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်နန္ဒဝင်း [၁၂/မရက(နိုင်)၁၄၁၄၇၄]

Director of Golden Arrow Wedding Planning

နှင့်

ကျွန်မ မစုမြတ်အောင်[၁၂/တမန(နိုင်)၁၁၁၅၃၉]

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ပန်းဘဲတန်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီးဦးနန္ဒမျိုး၏ရှေ့တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးလက်ထပ် ပြီးစီးပါကြောင်း။

မောင်နန္ဒဝင်း-မစုမြတ်အောင်

BRAVO School of IELTS

IELTS အထူးသင်တန်းများ

(i) ရက်တိုအမြန်သင်တန်း

(ii) ပုံမှန်အထူးသင်တန်း

IELTS High Band Score ...

BRAVO School of IELTS

Tel: 01504910 / 09250650877/ 095029594

WIN Japanese Language School

Section	Period	Day	Month
Basic	3 .6.2014	Tue-Fri	3
Intermediate	3 .6.2014	Tue-Fri	3
Basic	17.6.2014	Tue-Fri	3
Basic	22.7.2014	Tue-Thu	3.5
Intermediate	29.7.2014	Tue-Thu	3.5
Pre-Adv(II)+N4 Practice	15.8.2014	Fri-Sun	3
N3 Practice	26.8.2014	Tue-Thu	3
N2 Practice	29.8.2014	Fri-Sun	3
N1 Practice	30.8.2014	Sat,Sun	3

(Main School) No.278,(First Floor),Theinbyu Road, Botahtaung
Tel: 294613, 297998, 299493
(Branch School) ... Tel:01- 2304767

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ နွယ်နီ(၁၀)လမ်း၊ မြေကွက်အမှတ်(၅၅၄ ၁/၂)၊ အမျိုးအစား နှစ်(၆၀)ဂရန်၊ အမည်ပေါက် ဒေါ်လှသန်း[၁၂/ဥကမ (နိုင်)၀၈၅၆၀၄]၊ အကျယ်အဝန်း (အလျားပေ၂၀× အနံပေ၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိသော မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော နေအိမ်အဆောက်အအုံ(လျှပ်စစ်မီတာအပါအဝင်) အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက် ပိုင်ရှင်များထံမှ အရောင်း အဝယ်စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူဖြစ်သော ဦးစိုးနိုင်[၁၂/ဥကမ(နိုင်)၁၁၄၇၆၁]ကိုင်ဆောင်သူမှ မိမိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်နေအိမ်အဆောက်အအုံ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ၊ ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်များအတွင်း ကန့်ကွက်မည့်သူ မရှိပါက မြေကွက်နှင့်နေအိမ်အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဝင်း(စဉ်-၉၇၆၉) (တရားလွှတ်တော်ရှေ့နေ)
LL.B, WIPO(Switzerland)
အမှတ်(၅၇၂)၊ (၅)လွှာ/က၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၇၆၃၅၁၊ ၀၉-၃၀၃၄၉၄၃၈

VALUESTAR EDUCATION CENTRE

GENERAL ENGLISH
(4 Skills + Grammar + Vocab)
SPOKEN ENGLISH
BUSINESS ENGLISH
INTERVIEW ENGLISH

IGCSE

• Accounting
• Mathematics(B)
• Further Pure Mathematics

: 09 50 976 80

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၃၈)၊ ဧရိယာ ပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၈)၊ ဘုရင့်နောင်လမ်း၊ (၃၆)ရပ်ကွက်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးသိမ်းထွန်း(ခ)ဦးသိန်းထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးထွန်းအောင်[၁၂/တမန(နိုင်)၀၀၉၆၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာမြင့်[၁၂/လမတ(နိုင်)၀၀၀၁၀၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ မြေနှင့်နှစ်ထပ်တိုက်၏ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အထက်ပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။**လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကြည်ဝင်း(သန်လျင်)ဥပဒေဘွဲ့
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၆၅)
အမှတ်(၂၄၀)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၅၅၇၉၊ ၀၉-၄၉၂၂၉၁၂၂

ဒေါ်နီလာမြင့်(LL.B)	**ဦးကျော်စွာမြင့်(LL.B)**	**ဦးလင်းလင်းကျော်(LL.B)**
(စဉ်-၂၅၉၃၃)	**(စဉ်-၃၈၇၇၀)**	**(စဉ်-၄၂၆၈၁)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

၁။ မြေကွက်အမှတ်(၂၅၃)၊ ဦးပိုင်အမှတ်-၈၀၊ တာခွကျေးရွာ၊ ကွင်းအမှတ်-၆၉၃ (တိုက်ကြီးကွင်း)၊ ဧရိယာ (၀. ၄၆) အကျယ်အဝန်းရှိသည့် ဒေါ်သန်းသန်းအေး အမည်ပေါက်မြေကွက်၊

၂။ မြေကွက်အမှတ်(၂၅၃)၊ ဦးပိုင်အမှတ်-၄၅၊ တာခွကျေးရွာ၊ ကွင်းအမှတ်-၆၉၃(တိုက်ကြီးကွင်း)၊ ဧရိယာ(၁. ၀၄) အကျယ်ဝန်းရှိသည့် ဦးကြည်ဝင်း အမည်ပေါက် မြေကွက်၊

၃။ မြေကွက်အမှတ်(၂၅၃)၊ ဦးပိုင်အမှတ်-၄၅၊ တာခွကျေးရွာ၊ ကွင်းအမှတ်-၆၉၃ (တိုက်ကြီးကွင်း)၊ ဧရိယာ (၁. ၀၄) အကျယ်ဝန်းရှိသည့် ဒေါ်အုန်းမြင့် အမည်ပေါက် မြေကွက်၊

၄။ မြေကွက်အမှတ်(၂၅၃)၊ ဦးပိုင်အမှတ်-၄၅၊ တာခွကျေးရွာ၊ ကွင်းအမှတ်-၆၉၃ (တိုက်ကြီးကွင်း)၊ ဧရိယာ(၁. ၀၄) အကျယ်ဝန်းရှိသည့် ဒေါ်အုန်းမြိုင် အမည်ပေါက် မြေကွက်၊

အထက်ဖော်ပြပါ မြေကွက်အားလုံးကို လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက်၊ မြို့လယ်လမ်း၊ အမှတ်(၄၁)နေ အဖ ဦးမောင်ဟန်၏သား ဦးမျိုးအောင် [၁၂/တကန(နိုင်)၀၉၉၀၆၇]ကိုင်ဆောင်သူ၊ အသက်(၃၃)နှစ်၊ အလုပ်အကိုင်-ကုန်သည်၊ တရုတ်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူထံမှ ဦးအုန်းသွင်[၁၂/အစန(နိုင်)၁၁၆၃၇၈]က ဝယ်ယူခဲ့ပြီး ဦးမျိုးအောင်မှ ၅-၁၁-၂၀၁၂ရက်တွင် မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၆၉၆/၂၀၁၂ ဖြင့် တရားဝင်လွှဲအပ်ပေးခဲ့သည့်အပြင် အထက်ပါမြေကွက်(၄)ကွက်ကိုလည်း ဦးအုန်းသွင်ထံသို့ လက်ရောက်ပေးအပ်လွှဲအပ်ခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

ဆက်သွယ်ရန်- ဦးအုန်းသွင်၊ ၀၉- ၇၃၁၂၈၄၀၆၊ ၀၉- ၂၅၀၅၂၆၃၂၃၊ ၀၁-၆၄၁၀၃၂။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဟန်စိန် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၉၅၃/၈၆)
အခန်း (A-၂၁)၊ အမှတ်-၅၀ (ပ)ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၁၉၂၇၃

ROYAL SUN

1	6.6.14 - 12.6.14	3	12.6.14 - 18.6.14
2	9.6.14 - 15.6.14	4	15.6.14 - 21.6.14

ROYAL SUN ... 01-212651, 09-49308462

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-၅၂၊ မြေကွက်တည်နေရာအမှတ်-၁၈၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဒေါ်တင်ရွှေ)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရွှေ(မိခင်)နှင့် ဦးငြိမ်းမောင် (ဖခင်)တို့ကွယ်လွန်သဖြင့် သမီးများဖြစ်ကြသော ဒေါ်ခင်ခင်ညို[၁၂/ဒပန(နိုင်)၀၂၈၇၁၃]၊ ဒေါ်သက်သက်မူ[၁၂/ဒပန (နိုင်)၀၂၈၇၁၂]တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃/ရန်ပြေ၊ မြေကွက်အမှတ်-၁၀၃၁/ခ၊ မြေကွက်တည်နေရာအမှတ်-၁၀၃၁/ခ၊ ရန်ပြေ(၁၇)လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမြမောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြမောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကျင်လှိုင်[၁၂/သကတ(နိုင်)၀၄၄၁၄၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၉/၁၄) ရသူ ဒေါ်ဌေးဌေးဝင်း[၁၂/သကတ(နိုင်)၀၄၀၀၄၈]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြေးမုံ The Mirror

SUNDAY SPECIAL

2014 JUNE 1, SUNDAY

ALL TIME COFFEE
3 In 1 Instant Coffeemix

ခရီးသွား

ချွေတာရေးခရီးသွား

တင့်ဆွေ(ပဲခူး)

ယနေ့ခေတ်ခရီးသွားရသည်မှာ ငွေကုန်ကြေးကျများလှသည်။ ပြီးတော့ ပျော်စရာမကောင်း။ အပန်းဖြေ ခရီးဆိုပြီးသွားမှ လူသူကြပ်ပိတ်၊ စိတ်ညစ်ပြီးပြန်လာရတာမျိုးတွေရှိတတ်သည်။ ယခုစာရေးသူက (eco-tourism) တစ်ခုတင်ပြပါမည်။ ထိုစကားလုံးမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းဟု အဓိပ္ပာယ်ရသော်လည်း စာရေးသူတင်ပြမည့်ခရီးစဉ်မှာ ချွေတာရေးခရီးသွား (Economical tourism) တစ်ခုဖြစ်ပါ၏။

ပြင်ဦးလွင်ဂုတ်ထိပ်ခရီးစဉ်ကိုလမ်းညွှန်ပါရစေ။

ပြီးခဲ့သည့်သင်္ကြန်တွင်းဝယ် ပြင်ဦးလွင်မြို့တွင် အခြေပြုနေခိုက် ခရီးဖော်များက ဂုတ်ထိပ်တံတားသို့ သွားလည်ချင်ကြသည်ဟု ဆန္ဒပြုလာသည်။

နောင်ချိုနှင့် ကျောက်မဲဘူတာကြားတွင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားရှိသည်။ မီးရထားနှင့် သွားမှရမည်။ အလွန်မြင့်မားသော ချောက်ကမ်းပါးနှစ်ခုကို ဟိုဘက်ဒီဘက် ဆက်သွယ်ပေးထားသော သံပေါင်တံတားကြီးဖြစ်၏။ ထူးခြားချက်မှာ သက်တမ်း နှစ်တစ်ရာကျော်ခဲ့ပြီ။

ဂုတ်ထိပ်တံတားနှင့်ပတ်သက်၍ဒီလောက်ပဲ သိသည်။ သွားလည်ဖို့ကိစ္စမှာ ငွေကြေးကုန်ကျစရိတ် သက်သာဖို့လိုသေးသည်။ နေ့ချင်းပြန်ခရီးဖြစ်လျှင် ပိုကောင်းမည်။ ညအိပ်ခရီးဆိုလျှင် ယနေ့ကြီးမြင့်လှသော ဟိုတယ်ခများကို မတတ်နိုင်။ ချွေတာရေးဖြစ်မယ့်နည်းလမ်းကို ပြင်ဦးလွင်ဘူတာရုံသို့ သွားရောက်စုံစမ်းကြသည်။

ရုံပိုင်ကြီးကရှင်းပြသည်မှာ မန္တလေးမှတက်လာသော လားရှိုးရထားသည် ပြင်ဦးလွင်သို့ မနက် ၈ နာရီလောက်ရောက်မည်။ ထိုရထားကို တက်စီးသွားလျှင် ဂုတ်ထိပ်တံတားကို ကျော်ဖြတ်ပြီး ဟိုဘက်ဘူတာ နောင်ပိန်တွင် ဆင်းလိုက်ပါ။ ထို့နောက် လားရှိုးမှလာသည့် အဆင်းရထားကို ပြန်စီးလာလျှင် ညနေလောက်ပြန်ရောက်လာမည်ဟုဆို၏။ အတက်အဆင်း ရထားနှစ်စင်းသည် နောင်ပိန်ဘူတာတွင် crossing ဖြစ်သည်။ နိုင်ငံခြားသားတွေ အဲ့ဒီအတိုင်းအသွားများသည်ဟု ရုံပိုင်ကြီးက ရှင်းပြ၏။

မီးရထားမစီးဖြစ်သည်မှာ ကြာပြီ။ ယခုအသက်ကြီးမှပြန်စီးဖြစ်သောအခါ ကလေးဘဝတုန်းကကဲ့သို့ စိတ်ဝယ်ပျော်သလို ဖြစ်လာမိသည်။ နံနက်ခင်းနေရောင်အောက်ဝယ် လတ်ဆတ်သော လေကိုရှူရင်း ဂန္ဓမာပန်း၊ မေမြို့ပန်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ၏ ပသာဒက အေးမြလှသည်။ ဟိုအဝေးက တောင်စောင်းများရှိ အဆင့်ဆင့်သော လှေကားထစ် စိုက်ခင်းများကိုကြည့်ကာ တောင်လှေကားမြို့တော်သီချင်းကို တိုးတိုးညည်းမိပြန်၏။

ရထားစီးခရီးသည်အများစုမှာ နိုင်ငံခြားသားတွေ ဖြစ်ကြသည်။ မြန်မာလူမျိုးတွေက မြန်မြန်ရောက်ပြီးရော ကားဖြင့်သာ ခရီးထွက်ကြပုံရသည်။ သဘာဝပတ်ဝန်းကျင်ရှုခင်းကြည့်ပြီး ဖိမ်ခံတာမျိုးလည်းလုပ်တတ်ပုံမရပေ။

အနီးရှိနိုင်ငံခြားသားကိုစပ်စုကြည့်ရာ စပိန်နိုင်ငံ ဘာစီလိုနာမြို့မှဟုဆိုသည်။ သူ၏ဇနီးသည်မှာ ဂုတ်ထိပ်တံတားကို ရထားဖြင့်ကျော်ဖြတ်စီးနင်းကြည့်ရန် စိတ်အားထက်သန်နေသည်။ စပိန်ရောက်လျှင် ပြန်ကြွားနိုင်ဖို့အတွက် တံတားနှင့် ရထားကို နောက်ခံထား၍ ဓာတ်ပုံကောင်းကောင်း ရိုက်ရမည်ဟု ပြောလာသည်။

နောက်တစ်ဦးက ပြင်သစ်လူမျိုး။ ဂုတ်ထိပ်တံတားဖြတ်ပြီး သီပေါမှာဆင်းမည်။ သီပေါမှာ သုံးလေးရက်နေဦးမည်ဟုပြောပြ၏။ စာရေးသူမှာ သီပေါမြို့ကို ကားဖြင့်ဖြတ်သွားဖြတ်လာရှိသော်လည်း မြို့ငယ်ကလေးမို့ စိတ်မဝင်စားမိခဲ့ပေ။ သို့ကြောင့် ပြင်သစ်ကြီးကို သီပေါမှာ သုံးလေးရက်လောက် ဘာတွေလုပ်နေမှာလဲဟု မေးမိသည်။ သူကလက်ထဲရှိလမ်းညွှန်စာအုပ်ကိုထောင်ပြပြီး စော်ဘွားဟော်၊ ဘော်ကြိုဘုရား၊ မြစ်ဆုံ စသည်တို့ကို လည်ပတ်မည်။ အေးချမ်းသော မြို့ကလေးထဲမှာ လမ်းလျှောက်မည်။ ရှမ်းအစားအစာတွေ မြည်းစမ်းကြည့်မည်ဟု ဆိုလာသည်။ သူပြောသလိုတော့လည်း ဟုတ်တုတ်တုတ်ပင်။

စကားကောင်းနေစဉ် ရထားတွဲကို ကျောက်ခဲတစ်လုံး ဒိုင်းခနဲလာမှန်သည်။ လူမထိ၍ တော်တော့သည်။ လမ်းဘေးမှ ကလေးတစ်ယောက် လက်ဆော့ပြီး ပစ်လိုက်ဟန်တူသည်။ ရထားသည်ဘရိတ်ကိုအသည်းအသန်ဆွဲ၍ ရပ်တန့်လိုက်၏။ လုံခြုံရေးနှင့် ရထားဝန်ထမ်းများ ထွက်ပြေးသော ကလေးနောက်လိုက်ကြသော်လည်း အတော်ဝေးသွားပြီမို့ မမိတော့ပေ။ မမိနိုင်သော်လည်း ရထားရပ်၍ လိုက်ဖမ်းခြင်းက နောင်မလုပ်ရဲအောင် ဟန့်တားရာရောက်နိုင်ပေသည်။

ရထားဆက်ထွက်ပြီ။ မြန်မြန်ခုတ်သောအခါ ရထားတွဲကအပေါ်အောက်ခုန်သည်။ ဘေးတိုက်ယမ်းသည်။ ပုခက်လွှဲသလို ယိမ်းသည်။ ခရီးသည်တွေက စိတ်ပျက်ဟန်မပြ။ တဟေးဟေးအော်၍ပျော်နေကြသေးသည်။

ဥသြဆွဲသံကြား၍ ခေါင်းပြူကြည့်လိုက်တော့ နောင်ချိုဘူတာဝင်ပြီ။ တွဲထိန်းဝန်ထမ်းက လှမ်းမေးသည်။

-ထမင်းချိုင့်ပါလား-

-မပါဘူးဗျာ။ ကျွန်တော်က ခရီးသွားရင် အပြောင်းအလဲဖြစ်အောင် ကြုံသလိုဝယ်စားမယ် စိတ်ကူးတာပဲ-

-ဒါဆို ဒီဘူတာမှာဝယ်ဗျို့-

ရထားရပ်တော့တွေ့ပါပြီ။ ပလက်ဖောင်းပေါ်မှ ထမင်းဆိုင်။ အငွေ့ထောင်းထောင်းထနေသော ထမင်းကို အင်ဖက်စိမ်းစိမ်းတွင် ထည့်သည်။ ရေလည်ဆီလည်ကြက်သားဟင်း သုံးတုံးနှင့် ဟင်းရည်ရွှဲရွှဲဆမ်းပေးသည်။ သရက်သီးပိုးတီချဉ်နှင့် ပဲပုပ်ခရမ်းချဉ်သီးငါးပိချက် နည်းနည်းစီပုံပေးလိုက်သည်။ တစ်ပွဲ ၈၀၀ ကျပ်။

ထမင်းထုပ်ကို ပါဆယ်ဆွဲပြီးရထားထွက်မှ ထိုင်စားဖြစ်၏။ အပျော်ခရီးမို့စိတ်လက်ပေါ့ပါးနေတာရော၊ ဟင်းအစပ်ကလည်း တည့်နေတာကြောင့် အလွန်မြိန်သောထမင်းတစ်နပ် အဖြစ်အမှတ်တရရှိလှသည်။

ရထားသည်မြင့်မားသော တောင်ကမ်းပါးယံအစွန်းသို့ရောက်ချိန်ဝယ် ဟိုးအနိမ့်ထဲမှာ ဂုတ်ထိပ်တံတားကို လှမ်းမြင်ရပြီ။ တစ်မျှော်တစ်ခေါ် တောင်ကုန်းတောင်တန်းများ နောက်ခံတွင် သံတံတားကြီးက ငွေရောင်တောက်နေ၏။

ဂုတ်ထိပ်ဘူတာတွင် ရထားရပ်ခြင်းကား တံတားထိပ်သို့ရောက်ပြီဖြစ်၍ မဖြတ်ကျော်မီတွင် ရထား၏ စာမျက်နှာ ၂ သို့ » »

တံဆိပ်ခေါင်းခွန်ဆိုင်ရာ သိစေချင်တာ (၁)

မြန်မာနိုင်ငံ၌ ပြည်ထောင်စုအစိုးရမှ ကောက်ခံရမည့် အခွန်အကောက်များဖြစ်သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ယူကောက်ခံလျက်ရှိရာ ယင်းတို့မှ တံဆိပ်ခေါင်းခွန်ကို တင်ပြလိုပါသည်။

တံဆိပ်ခေါင်းခွန်ဆိုသည်မှာ ချုပ်ဆိုသော စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ တရားဝင်ခိုင်မာမှုရှိစေရန် စာချုပ်ပါအကြောင်းခြင်းရာအလိုက် ကျသင့်သည့် အခွန်ဖြစ်ပါသည်။ တံဆိပ်ခေါင်းခွန် ပြည့်ဝစွာ ပေးဆောင်ထားသော စာချုပ်စာတမ်းများသည်သာလျှင် မှတ်ပုံတင်နိုင်ပြီး ခိုင်မာသောစာချုပ်များအဖြစ် တရားဝင် သက်သေတင်သွင်းနိုင်မည်ဖြစ်ပါသည်။

> **ပြည်တွင်းတွင် ချုပ်ဆိုသော အခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းအားလုံးကို စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အချိန်ကာလ၌ ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည်ဖြစ်။**

ယခုသက်ဝင်လျက်ရှိသော ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့် ၁၈၇၀ ရုံးခွန်အက်ဥပဒေတို့သည် ယခင်အိန္ဒိယအက်ဥပဒေမှ ဆက်နွှယ်ခဲ့ခြင်းဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့်သာ တည်ရှိခဲ့ပါသည်။ အဆိုပါဥပဒေများသည် ယခင် ၁၉၃၅ မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုအက်ဥပဒေအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်ခဲ့ခြင်းမရှိခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၇-၁၁-၉၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၉၇ အရ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တိုးချဲ့၍ အာဏာသက်ရောက်စေခဲ့ပါသည်။

၁၈၉၉ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား(၁)တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းအမျိုးအစား ၆၅ မျိုးပါရှိပါသည်။ ၁၈၇၀ ရုံးခွန်အက်ဥပဒေတွင် ဇယား(၁)တန်ဖိုးအလျောက် ရုံးခွန်တွင် စာမှတ်စာတမ်း ၁၅ မျိုးနှင့် ဇယား(၂) ပုံသေရုံးခွန်စာမှတ်စာတမ်း ၂၁ မျိုး၊ စုစုပေါင်း ၃၆ မျိုးပါရှိခဲ့ပါသည်။ လက်ရှိတည်ဆဲဥပဒေများအရ ရုံးခွန်ဇယား(၁)တွင် စာမှတ်စာတမ်း လေးမျိုးနှင့် ဇယား (၂)တွင် စာမှတ်စာတမ်း ခုနစ်မျိုးတို့အား ပယ်ဖျက်ထားသောကြောင့် ၂၅ မျိုးရှိပါသည်။ တံဆိပ်ခေါင်းအမျိုးအစားအနေဖြင့် တရားရုံးသုံးတံဆိပ်ခေါင်းနှင့် တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်းဟူ၍ တံဆိပ်ခေါင်းအမျိုးအစား နှစ်မျိုးရှိပါသည်။

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား(၁)ပါ စာချုပ်စာတမ်းအမျိုးအစား ၆၅ မျိုးအတွက် ယင်းဇယားတွင် ဖော်ပြထားသော နှုန်းထားများနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်သည်။

ပြည်တွင်းတွင် ချုပ်ဆိုသော အခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းအားလုံးကို စာချုပ်မချုပ်ဆိုမီ ဖြစ်စေ၊ ချုပ်ဆိုသည့် အချိန်ကာလ၌ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်သည်။ ထမ်းဆောင်ရာတွင် အခွန်တံဆိပ်ခေါင်းအဖြစ် အခွန်နှိပ်တံဆိပ်ခေါင်း၊ အခွန်ကပ်တံဆိပ်ခေါင်းနှင့် အထူးကပ်တံဆိပ်ခေါင်းများဖြင့် ထမ်းဆောင်ရမည်ဖြစ်ပြီး ရုံးခွန်တံဆိပ်ခေါင်းအဖြစ် ရုံးခွန်နှိပ်တံဆိပ်ခေါင်း၊ ရုံးခွန်ကပ်တံဆိပ်ခေါင်းတို့ဖြင့် ထမ်းဆောင်ရမည်ဖြစ်ပါသည်။ တံဆိပ်ခွန်ပြည့်ဝစွာ ထမ်းဆောင်ထားခြင်းမရှိသော စာချုပ်စာတမ်းများအား သက်သေခံအဖြစ်တင်သွင်းနိုင်ခြင်းမရှိပါ။ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်သို့မဟုတ် လျော့နည်းထမ်းဆောင်ခဲ့၍ ထပ်မံပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန်အပြင် ယင်းထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် သို့မဟုတ် ပြည့်မီရန်လိုသော တံဆိပ်ခေါင်းခွန်၏ ၁၀ ဆနှင့် ညီမျှသောငွေကို ပေးဆောင်စေပြီးမှသာ သက်သေခံအဖြစ် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ စာချုပ်တံဆိပ်ခေါင်းများ ထမ်းဆောင်ရာတွင် မှန်ကန်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အခွန်အရာထမ်း သို့မဟုတ် နားလည်တတ်ကျွမ်းသူများနှင့် ဆွေးနွေးဆောင်ရွက်သင့်ပါသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ အခွန်တံဆိပ်ခေါင်းများအား မူလတန်ဖိုးထက် ပိုမိုပေး၍ (ဥပမာ-ကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀၊ ၅၀၀၊ ၆၀၀ တန်အား ကျပ် ၁၀၀၀ ပေးဝယ်ရခြင်း) ဝယ်ယူရခြင်းများရှိနေကြောင်း သိရပါသဖြင့် ဤကဲ့သို့ မလိုလားအပ်သော ကိစ္စများလျော့နည်းရာမှ ပပျောက်သွားစေရန်အတွက် အဆိုပါတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ၂၆၄ ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) (နေပြည်တော်)နှင့် ရန်ကုန်မြို့ အမှတ် (၁၇/ဃ) (၃၆) လမ်း(အလယ်)ကျောက်တံတားမြို့နယ်တို့တွင် အရောင်းကောင်တာတစ်ခုစီဖွင့်လှစ်၍ ရုံးချိန်အတွင်းရောင်းချပေးခဲ့ရာမှ အများပြည်သူများ ပိုမိုလွယ်ကူစွာဝယ်ယူနိုင်ရန် ၂-၁-၂၀၁၄ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲပေါင်း ၁၃၆ ခုတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပင်စင်ဦးစီးဌာနမှူးရုံးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ဗိုလ်တထောင်ဆိပ်ကမ်း)တို့တွင် ၁၄-၁-၂၀၁၄ ရက်မှစ၍လည်းကောင်း၊ ကျပ် ၁၀၀၀ နှင့် ကျပ် ၁၀၀၀ အောက်ရှိ အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို ရုံးချိန်အတွင်း ထပ်မံတိုးချဲ့ရောင်းချပေးလျက်ရှိရာ စုစုပေါင်း တံဆိပ်ခေါင်းရောင်းချပေးသောနေရာ ၅၀၅ နေရာ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးခဲ့သဖြင့် တံဆိပ်ခေါင်းတန်ဖိုးထက် ပိုမိုပေးဝယ်ယူရခြင်းများ လျော့နည်းလာလျက်ရှိပြီး လုံးဝပပျောက်သွားစေရန်အတွက် မြို့နယ်အသီးသီးတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ဥပဒေနှင့်အညီ ခန့်အပ်၍ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထပ်မံရောင်းချပေးသွားနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ တံဆိပ်ခေါင်းသိုလှောင်ရုံများတွင် ၁၅-၅-၂၀၁၄ ရက်နေ့ရှိ တံဆိပ်ခေါင်းလက်ကျန်တန်ဖိုး ၄၂၇ ဒသမ ၅၄ ဘီလီယံဖြစ်၍ အများပြည်သူသုံးစွဲရန် လုံလောက်သည်ထက် ပိုမိုရှိနေပါ၍ လိုအပ်ချိန်တွင် လိုအပ်သလောက် ဝယ်ယူမရမည်ကို စိုးရိမ်ပူပန်မှုများ မရှိပါရန်နှင့် စိုးရိမ်ပူပန်မှုဖြင့် ဥပဒေနှင့်မညီသော သိုလှောင်ခြင်းများ မပြုလုပ်ကြရန်လည်း ဖော်ပြအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် တံဆိပ်ခေါင်းများ ပြတ်လပ်မှုမရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ ထမ်းဆောင်နိုင်ရေးတို့အတွက် လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူးရုံး (ဝါဇီ)နှင့်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံများတွင် တံဆိပ်ခေါင်းများ လုံလောက်စွာဖြည့်တင်းထားရှိပါသဖြင့် တံဆိပ်ခေါင်းဝယ်ယူသူ ပြည်သူများသည် ကျိုးကြောင်းဖော်ပြလျက် အထက်တွင်ဖော်ပြခဲ့သည့် အရောင်းဌာနများတွင် လွယ်လင့်တကူ ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ယခုအခါ ပြည်သူများ၏ လိုက်နာမှုအားပိုမိုကောင်းမွန်လာသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လျာထားတံဆိပ်ခေါင်းခွန် လျာထားချက် (၄၁ ဘီလီယံ)တွင် အမှန်ကောက်ခံရရှိမှုမှာ ၄၂ ဘီလီယံကျော် ကောက်ခံရရှိခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဆိုသော တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လာစေရန်နှင့် အခွန်ထမ်းဆောင်ခြင်းသည် အများအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိနားလည်လာပြီး ပြည်သူများအခွန်ထမ်းဆောင်လိုစိတ် မြင့်မားလာစေရေးတို့ ရည်ရွယ်၍ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရုံးခွန်တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အပါအဝင် ပြင်ဆင်သည့် အခွန်ဥပဒေများတွင် ခေတ်ကာလနှင့်လျော်ညီသော တံဆိပ်ခေါင်းခွန်နှုန်းများမှာ ယခင်သတ်မှတ်ခဲ့သော တံဆိပ်ခေါင်းခွန်နှုန်းများထက် များစွာလျှော့ချပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ့တာဝန်ကျေပွန်မည့် ပြည်သူများအား လက်ကမ်းလို့သာ ကြိုဆိုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မောင်ဘဏ္ဍာ

ac|wma&;c&Dm;

» » ရွှေ့ဖုံးမှ

စက်၊ ဘရိတ်စသည်တို့ကိုစစ်ဆေးရန် ရပ်တန့်ခြင်းဖြစ်ဟန်တူသည်။ ခရီးသည်များအတွက်ကတော့ အံ့ဖွယ်ကြီးမားသံတံတားကြီးကို ရင်သပ်ရှုမော ကြည့်သူကြည့်၊ အချို့ကအောက်ဆင်းပြီး ရထားနှင့်တံတားကိုနောက်ခံထားကာ ဓာတ်ပုံရိုက်သူရိုက်ဖြင့် စိတ်လှုပ်ရှားစရာကောင်းလှသည်။

ရထားသည်ဥသြသံသာသာဆွဲ၍ တံတားကို စတင်ဖြတ်သန်းပေပြီ။ ရထားမှာစက်ခေါင်းနှင့်တွဲခြောက်တွဲပါ၍ အလေးချိန်မနည်းလှပါ။ တဖြည်းဖြည်းချင်း ခုတ်မောင်းနေသည့်တိုင် သက်ကြားအိုတံတားကြီးမှာ ရထား၏ အလေးချိန်ကို အံကြိတ်တောင့်ခံနေရသည့်သဘောဖြင့် တကျည်ကျည် မြည်သံတွေ ထွက်ပေါ်လာသည်။

အောက်ကိုငုံ့ကြည့်လိုက်သောအခါ ချောက်မှာနက်ရှိုင်းလှသောကြောင့်၊ အောက်ခြေကိုသဲသဲကွဲကွဲပင် မမြင်ရချေ။ တကျည်ကျည်အသံကိုကြားရင်း အောက်ငုံ့ကြည့်ရသည်မှာ အသည်းယားစရာကောင်းလှသည်။ ပြုတ်ကျသွားလို့ကတော့ရှင်ဖို့လမ်းမရှိနိုင်။ ထို့ကြောင့် ဤခရီးမှာအပျော်သက်သက်မဟုတ်။ စွန့်စားခန်းလေးလည်းပါသည်ဟု ဆိုရပေမည်။

တစ်ဖန်ရှေ့သို့မျှော်ကြည့်လိုက်ပြန်တော့ တံတား၏တစ်ဖက်ကမ်းမှာ ကျောက်တောင်နံရံကြီး ဖြစ်နေပြီး ထိုနံရံကို ဖောက်ထွင်းထားသော ဥမင်လိုဏ်ခေါင်းအတွင်းသို့ ရထားစက်ခေါင်းက စတင်ဝင်ရောက်နေပေပြီ။ တံတားပေါ်တွင် ရထားမောင်းချိန်ဆယ်မိနစ်ခန့်ကြာသည်။ ထို့နောက်တွင် ဥမင်လိုဏ်ခေါင်းနှစ်ခုကို ဆက်လက်ဖြတ်ကျော်ရသည်။

ရထားသည် နောင်ပိန်ဘူတာသို့ ဝင်ရောက်လာရာ နာရီကြည့်တော့ မွန်းတည့် ၁၂ နာရီရှိပေပြီ။ မိမိတို့အဖွဲ့ဆင်းရမည့်ဘူတာဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်အချို့လည်း ဆင်းကြသည်။ စပိန်ဇနီးမောင်နှံသည် နောင်ပိန်ဘူတာတွင် ကြိုစောင့်နေသော ကားပေါ်တက်ကာ လက်ပြနှုတ်ဆက် ထွက်ခွာသွားကြ၏။ သူတို့အဖွဲ့မှာ ကားလမ်းအတိုင်း ပြင်ဦးလွင်သို့ ပြန်ကြမည်ဖြစ်သည်။

နောင်ပိန်ဘူတာတွင် အပြန်အတွက် လက်မှတ်ဖြတ်နေချိန်ဝယ်လားရှိုးမှဆင်းလာသည့်ရထားဆိုက်ရောက်လာသည်။ ရထားမှာ လူအပြည့်လောက်ပါသော်လည်း ထိုင်ခုံနေရာတော့ရပါသည်။ တွဲပေါ်တက်နေရာယူပြီးသည်နှင့် ရထားထွက်ပါသည်။ ဂုတ်ထိပ်တံတားကိုပျော်ပျော်ပါးပါး ဖြတ်ကြပြန်သည်။

နောင်ချိုတစ်ဝိုက်တွင် သစ်ပင်တောအုပ် မရှိသလောက်ဖြစ်နေပြီ။ မွေးမြူရေးခြံများ၊ စိုက်ခင်းများကနေရာယူထားကြသည်။ စိုက်ခင်းများမှာနွေထယ်ရေးဝင်ထားသဖြင့် မြေနီတွေပြောင်းပြန်လှန်ကာ လာတော့မည့် မိုးကိုစောင့်မျှော်နေကြလေပြီ။ ရထားလမ်းဘေးက တောင်သူအိမ်တွေမှာ တဲတွေမဟုတ်ကြတော့ပေ။ သွပ်မိုး အုတ်တိုက်တွေဖြစ်ကုန်ကြပေပြီ။ မြေကောင်း၊ ရာသီကောင်းတို့ကို အခြေခံ၍ အဟုတ်တကယ် အလုပ်လုပ်သော စိုက်ပျိုးရေးသမားများအတွက် အကျိုးအမြတ်ရှိလာကြသောသဘောကို ဖော်ပြနေပေသည်။

ရထားက လမ်းရှိဘူတာစဉ်ရပ်သည်။ ခရီးသည်တွေကတက်ကြ၊ ဆင်းကြ။ ထိုမျိုးစုံသောခရီးသွားတွေနှင့် စကားပြောကြည့်ရတာလည်း အတွေ့အကြုံတစ်မျိုးပင်။ နယ်ကလူတွေနှင့် စကားပြောရသည်မှာ ဟိတ်ဟန်မရှိ၊ ပြောလို့ဆိုလို့ကောင်းလှပေသည်။ ခရီးသွားများထံမှ မီးရထားဖြင့် ခရီးသွားရခြင်းသည် ကုန်ကျစရိတ်သက်သာကြောင်း၊ ကားနှင့်သွားသည်ထက် တစ်ဝက်လောက်ငွေကုန်သက်သာကြောင်း သိရသည်။ ရထားကသာ အချိန်မှန်လျှင်အားပေးမည့်သူတွေ များစွာရှိနေပေသည်။

ရှုခင်းကြည့်ရင်း၊ စကားပြောရင်း ပျင်းချိန်ပင်မရဘဲ ပြင်ဦးလွင်သို့ ညနေလေးနာရီမှာ ပြန်ရောက်လာသည်။ အပန်းပြေသောစိတ်ကြည်နူးဖွယ် ခရီးတစ်ခုပါပေ။ ကုန်ကျငွေမှာ ရထားခအသွားအပြန် သုံးထောင့်နှစ်ရာ၊ ထမင်းစားတာက ရှစ်ရာ၊ ပေါင်းတော့ တစ်ယောက်လျှင် လေးထောင်ကျသင့်ပါ၏။

တကယ်တမ်းတော့မြန်မာနိုင်ငံမှာ သဘာဝအခြေခံတွေ များစွာရှိနေသည်။ နိုင်ငံခြားသားများကလည်း စိတ်ဝင်စားသည်။ သွားလာနေထိုင်ရေးအဆင်ပြေအောင်စီစဉ်ပေးလျှင်၊ ကမ္ဘာသိအောင်ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာပေးလျှင် ဝင်ငွေတွေ အများကြီးရလာနိုင်ပေမည်။

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT

Tun Foundation Bank is a Private Bank, which has operating in Myanmar since 1994. The network has grown and now has branches in Yangon and across the country. The bank is currently undertaking a major modernization program, including upgrading its core banking system, lauching new products and services as well as developing a sales and service culture in the bank.

Jobs

The banking industry is rapidly modernizing with much greater competition. We need staff, who can understand and embrace the changes and opportunities that it brings both to the Bank and the country.

We are looking for a number of positions in the IT department.

1. Hardware and database management.
2. Branch and ATM connectivity. Communications.
3. The Bank is installing Oracle's Flexcube core banking system. The Bank is looking for professionals to assist in the implementation and subsequent management of the system. Experience with Flexcube would be a benefit, but is not a requirement.

Job Requirements

1. We are looking for experienced people, with a proven track record.
2. Most important is attitude. We want a "can do" attitude with a strong focus on business development and customer service, both within and outside the Bank.
3. Overseas experience is a benefit, but not a requirement.

Please submit your CV together with a paragraph about why you think you would be suitable for which ever job you apply for. tunfoundationbank@gmail.com Application deadline Friday the 6th June

၂၀၁၄ ခုနှစ် ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့

ဒေါက်တာအောင်ထွဏ်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ်မေလ ၃၁ ရက်နေ့အား ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ World No Tobacco Day အဖြစ် သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် **“ဆေးလိပ်ဆေးရွက် အန္တရာယ်၊ ပြည်သူအများ သတိပြုဖွယ်အရောင်းမြှင့်တင်ကြော်ငြာများ၊ ဥပဒေဖြင့် တားမြစ်ထား” (Ban Tobacco Advertising, Promotion and Sponsorship)** ဟု သတ်မှတ်ဆောင်ရွက် ခဲ့ပါသည်။ ယခု ၂၀၁၄ ခုနှစ်တွင်လည်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် **“ပြည်သူအများကျန်းမာဖို့ ဆေးလိပ်ဆေးရွက်ကြီး အခွန်မြှင့်တင်လို့ သုံးစွဲမှုကို လျှော့ချစို့”** (Raise Taxes on Tobacco) ဟု သတ်မှတ်ဆောင်ရွက်ရန် နှိုးဆော်ထားပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသောက်သုံးခြင်းများ ပါဝင်ပါသည်။ ဆေးလိပ်တွင် အဓိကပါဝင်သော နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံး ကြည့်ရာမှ တဖြည်းဖြည်းပို၍ စွဲလမ်းလာပြီး မသောက်ရ မနေနိုင်အောင် ဖြစ်လာကြသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကို သာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေတတ်ပါသည်။ ယခုအခါ ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်သည် စီးကရက်သောက်သုံးကြသည့်အနက် အမျိုးသား သန်း ၈၀၀ နှင့် အမျိုးသမီး သန်း ၂၀၀ ပါဝင်ပါသည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးသည် နှစ်စဉ်လူပေါင်း ခြောက်သန်းခန့်ကို သေဆုံးစေပြီး ဆေးလိပ်မသောက်သော်လည်း သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် သေဆုံးရသူ ခြောက်သိန်းကျော် ရှိပါသည်။ ယခုမှစ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှု ထိန်းချုပ်ရေးကို မဆောင်ရွက်လျှင် ၂၀၃၀ ခုနှစ်တွင် လူသန်းပေါင်း ရှစ်သန်းခန့် သေဆုံးစေမည်ဖြစ်ပါသည်။ ၎င်းကာကွယ်၍ရသော မသေဆုံးသင့်ဘဲ သေဆုံးမှု၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဝင်ငွေနည်းသော ဝင်ငွေအလယ်အလတ်ရှိသော တိုင်းပြည်များတွင် ဖြစ်ပွားမည်ဖြစ်ပါသည်။

> **ဆေးလိပ်တွင် အဓိကပါဝင်သော နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံး ကြည့်ရာမှ တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး မသောက်ရ မနေနိုင်အောင် ဖြစ်လာကြသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်း အမျိုးမျိုးသည် ကျန်းမာရေးကို သာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေတတ် ပါသည်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်များအရ ဖွံ့ဖြိုးပြီး တိုင်းပြည်များသည် ဆေးလိပ်၊ ဆေးရွက်ကြီး၏ အန္တရာယ်ကို သိမြင်လာကြသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့်လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာ တိုးတက်များပြားလာသည်ကို တွေ့ရှိရပါသည်။

ကျန်းမာရေးဦးစီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ အသက် (၁၃)နှစ်မှ (၁၅)နှစ်အတွင်း ကျောင်းသားလူငယ်များအတွင်း သုတေသနစစ်တမ်း (Global Youth Tobacco Survey-GYTS) အား (၂၀၀၁၊ ၂၀၀၄၊ ၂၀၀၇၊ ၂၀၁၁) ခုနှစ်များတွင် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။ အထက်ပါ သုတေသနတွေ့ရှိချက်များအရ မြန်မာကျောင်းသားလူငယ်များအတွင်း စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း (GYTS 2001) အရ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းကျောင်းသား ကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာသော်လည်း ၂၀၁၁ ခုနှစ် စစ်တမ်းတွင်မူ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ သို့သော် ထူးခြားချက်တစ်ခုအနေဖြင့် ကျောင်းသားလူငယ်များအတွင်း ကွမ်းစားခြင်းကဲ့သို့ အခြားဆေးရွက်ကြီးထွက်ပစ္စည်းအသုံးပြုမှုမှာ ၂၀၀၁ ခုနှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၁၁ ခုနှစ်တွင် ၁၇ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်များပြားလာခြင်းဖြစ်ပါသည်။

အခြားတွေ့ရှိချက်များမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းသည် ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို ထည့်သွင်းစားသုံးကြသည်။ (ယောကျ်ားလေး - ၁၁ ဒသမ ၉ ရာခိုင်နှုန်း၊ မိန်းကလေး - ၃ ရာခိုင်နှုန်း)။ ဆေးလိပ်/ဆေးရွက်ကြီး ထွက်ပစ္စည်း လုံးဝမသုံးစွဲဖူးသေးသူများ၏ ၁၄ ဒသမ ၇ ရာခိုင်နှုန်းမှာ နောင်လာမည့် နှစ်တွင် ဆေးလိပ်/ဆေးရွက်ကြီးထွက် ပစ္စည်းများကို စတင်သုံးစွဲကြမည့် အလားအလာရှိသည်။ ယောကျ်ားလေး ၃၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် မိန်းကလေး ၁၅ ဒသမ ၁ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများတွင် သူငယ်ချင်းပိုများသည်ဟု ထင်မြင်ကြသည်။ ယောကျ်ားလေး ၃၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် မိန်းကလေး ၂၂ ဒသမ ၁ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများ ဆွဲဆောင်အား ပိုများသည်ဟု ထင်မြင်ကြသည်။ ပါဝင်ဖြေဆိုသူ ၃၂ ဒသမ ၂ ရာခိုင်နှုန်း၏ အိမ်တွင် လူတစ်ဦး (သို့) အများဆေးလိပ်သောက်ခဲ့ကြသည်။ ၃၈ ဒသမ ၄ ရာခိုင်နှုန်းမှာ အလုံပိတ်ထားသော လူအများနှင့်ပတ်သက်သောနေရာတွင် ဆေးလိပ်သောက်သည်။ ၃၂ ဒသမ ၆ ရာခိုင်နှုန်းမှာ ဟင်းလင်းဖွင့်ထားသော လူအများနှင့် ပတ်သက်သော နေရာတွင် ဆေးလိပ်သောက်သည်။ လက်ရှိ စီးကရက်/ဆေးလိပ်သောက်သူ၏ ၃၉ ဒသမ ၂ ရာခိုင်နှုန်းသည် စီးကရက်/ ဆေးလိပ်ကို စတိုးဆိုင် (သို့) လမ်းဘေးဆိုင်မှ ဝယ်ယူသည်။ ၂၄ ဒသမ ၄ ရာခိုင်နှုန်းသည် အိမ်မှာပင်ဆေးလိပ်သောက်သည်။ ၄၇ ဒသမ သုည ရာခိုင်နှုန်းသည် မိခင်၊ ဖခင်တစ်ဦးဦး သို့မဟုတ် နှစ်ဦးစလုံး ဆေးလိပ်သောက်သည်။ ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှာမူ ကုမ္ပဏီမှဖြစ်စေ၊ ဆေးလိပ်အရောင်းမြှင့်တင်ရေးလုပ်သားမှဖြစ်စေ အခမဲ့ကြော်ငြာသော ဆေးလိပ်ကို လက်ခံရရှိခဲ့သည်။ လွန်ခဲ့သော စာသင်နှစ်အတွင်း ကျောင်းအားလုံး၏ ၆၅ ဒသမ ၃ ရာခိုင်နှုန်းမှာ အတန်းတွင်း စာသင်ခန်းများတွင် ဆေးလိပ်/ ဆေးရွက်ကြီး အန္တရာယ်ရှိကြောင်း သင်ယူနိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဦးစီးဌာနတွင် မြန်မာနိုင်ငံ ဆေးလိပ်/ ဆေးရွက်ကြီး ကင်းဝေးရေးစီမံချက်ကို ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆေးလိပ်ကင်းစင်ရေးကျောင်းထူထောင်ရေး စီမံချက်ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဆေးလိပ်ကင်းစင်သော လူငယ်များပျိုးထောင်ရေးစီမံချက်များကို လည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ထင်ရှားသော မှတ်တိုင်များအနေဖြင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရ နယ်မြေအဖြစ် သတ်မှတ်ခြင်း စသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်ခဲ့သော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံအဆင့်၊ ဒေသအဆင့်၊ အပြည်ပြည်ဆိုင်ရာ အဆင့်တို့တွင်ဆောင်ရွက်သင့်သော နည်းဗျူဟာများ၊ နည်းလမ်းများအတွက် မူဘောင်တစ်ရပ်ချမှတ်ပေးရန်ဖြစ်သည်။ ဤသို့ ချမှတ်ပေးလိုက်သော မူဘောင်အတိုင်း ဆောင်ရွက်ခြင်းဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ် မျိုးဆက်များအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးခြင်း၊ သူတစ်ပါး၏ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းတို့ကြောင့်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာဆိုးကျိုးများမှကာကွယ်ရန် ဖြစ်ပါသည်။ ဤကွန်ဗင်းရှင်းတွင် အပိုင်း ၁၁ ခုနှင့် အခန်း ၃၈ ခု ပါဝင်ပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့မှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့၍ ၂၀၀၇ ခုနှစ် မေလ ၄ ရက်နေ့တွင်စတင်အာဏာသက်ဝင်ပြီးဖြစ်ပါသည်။ ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသလို ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများအမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာအသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ ဆေးလိပ်သောက်သူအများစုသည် ကလေးသူငယ်ဘဝတွင် ဆေးလိပ်ကိုစတင်သောက်သုံးရင်းနှင့် စွဲလမ်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆေးလိပ်ကိုအသက်(၁၈)နှစ်အောက်ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စေခိုင်းခြင်းတို့ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။ သို့သော် အရေးယူမှုအပိုင်းတွင် အားနည်းဆဲဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် အမျိုးသားဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဗဟိုကော်မတီကို အသစ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းဝေးရေးလုပ်ငန်းစီမံချက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ ကပ်ရောဂါအသွင် ကမ္ဘာ့ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းအစီရင်ခံစာ၏ လမ်းညွှန်ချက်များအတိုင်း **ကပ်ရောဂါအသွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကို ပြောင်းပြန်လျှော့နည်းစေရန် (MPOWER)** မူဝါဒခြောက်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

M-ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု အခြေအနေ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်မှုဆိုင်ရာ မူဝါဒစောင့်ကြပ်ကြည့်ရှုခြင်း

P-ပြည်သူလူထုကို သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းမှ ကင်းဝေးစေရန် ဆောင်ရွက်ခြင်း

O-ဆေးလိပ်၊ စီးကရက်သောက်နေသူများအား ဖြတ်နိုင်ရန်အတွက် အကူအညီပေးခြင်း

W-ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု၏ အန္တရာယ်ကို သတိပေးခြင်း

E-ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကြော်ငြာခြင်းအရောင်းမြှင့်တင်ခြင်းကို ပိတ်ပင်ထားမြစ်ခြင်း

R-ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအတွက် အခွန်များတိုးမြှင့်ကောက်ခံခြင်း

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ သုတေသနပညာရှင်များသည် ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေး ညီလာခံများတွင် မြန်မာနိုင်ငံ၏ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုစာတမ်းများအား စဉ်ဆက်မပြတ်တင်သွင်းခဲ့ရာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်နေ့အတွင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပခဲ့သည့် 44 th The Union World Conference On Lung Health တွင် မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာ သုတေသနစာတမ်း (Tobacco Control in Myanmar: Challenges and The Way Forward) အားတင်သွင်းနိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနသည် Round 12 of Bloomberg Grants for Tobacco Control ၏ " Strengthening the Implementation and Enforcement of Tobacco Control Policies in Myanmar" လုပ်ငန်းစီမံချက်အား ၄-၃-၂၀၁၃ ရက်နေ့တွင် Bloomberg Initiative ၏ Partner Organization ဖြစ်သော The Union အဖွဲ့နှင့်လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ Bloomberg Grant လုပ်ငန်းအချိန်ဇယားအရ ၂၀၁၃ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံဗဟိုအဆင့်နှင့် ပြည်နယ်တိုင်းဒေသကြီးအဆင့် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်း တာဝန်ခံများ (Focal Points) နှင့် ကျန်းမာရေးဦးစီးဌာန ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ (Tobacco Control Cell) များသတ်မှတ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီကြီးများ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးကြေညာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကူညီပံ့ပိုးပေးခြင်းအလုံးစုံကို ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာနိုင်ငံတွင် စီးကရက်စက်ရုံသစ်များထပ်မံမတည်ဆောက်ရန် ကန့်ကွက်ခြင်း၊ ၂၀၁၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် စီးကရက်များကို အခမဲ့ဖြန့်ဖြူးဝေငှခြင်း၊ ဆေးလိပ်ကြော်ညာသီချင်းကို သီဆိုပြီး ကကွက်များဖြင့် အရောင်းမြှင့်တင်ခြင်းအပြင် ရုပ်မြင်သံကြားအစီအစဉ်မှ မြန်မာတစ်နိုင်ငံလုံးသို့ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းတို့ကို ထိန်းချုပ်ဆောင်ရွက်ခဲ့ပါသည်။

တစ်ဖန်ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအရ ၃-၃-၂၀၁၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၄ ဖြင့် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများကို ဖော်ညွှန်းသည့်စာတမ်းနှင့်အမှတ်အသားများကို သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကျင်းပမည်ဖြစ်ပါသည်။ ယခုနှစ်၏ ထူးခြားချက်တစ်ခုမှာ ကျန်းမာရေးဝန်ကြီးဌာန၏နှီးနွှယ်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း (People's Health Foundation) မှ ရန်ကုန်မြို့တွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်ဖြစ်ပါသည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိ လူသားများနှင့် နောင်အနာဂတ်မျိုးဆက်များကို အလွန်ဆိုးရွားလှသော ကျန်းမာရေးဆိုးကျိုးများဖြစ်ပွားခြင်းမှ ကာကွယ်ရုံသာမက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့်ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့်ဖြစ်ပွားသော လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများမရှိအောင်လည်း စောင့်ရှောက်ပေးရန် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် **“ပြည်သူအများကျန်းမာဖို့ဆေးလိပ်ဆေးရွက်ကြီးအခွန်မြှင့်တင်လို့ သုံးစွဲမှုကိုလျှော့ချစို့”** (Raise Taxes on Tobaco) ဟု သတ်မှတ်ဆောင်ရွက်ရန် နှိုးဆော်ထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ၁၅-၃-၂၀၁၂ ရက် တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၆/ ၂၀၁၂ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် စီးကရက်အတွက် ၁၀၀ ရာခိုင်နှုန်း၊ ဆေးပေါ့လိပ်၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး ဆေးတံသောက်ဆေးများနှင့် ကွမ်းစားဆေးများအား ၅၀ ရာခိုင်နှုန်းတိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ သို့သော် **ဆေးလိပ်ဆေးရွက်ကြီးအခွန်မြှင့်တင်ရေး**အတွက် အခွန်မူဝါဒအသစ်များချမှတ်၍ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်အတွင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သည့် the 5th session of the Conference of the Parties to the WHO FCTC (COP-5) တက်ရောက်ခဲ့ကာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေးစာချုပ် (the Protocol on Illicit Trade in Tobacco Products) အား ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့၏။

သို့ဖြစ်၍ မြန်မာတစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးရေးအတွက် ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းမှုတို့ဖြင့် WHO လမ်းညွှန်ချက်များအတိုင်း **ဆေးလိပ်ဆေးရွက်ကြီးအခွန်မြှင့်တင်ရေး**အကောင်အထည်ဖော်ဆောင်ရွက်ရန် အားပေးကူညီခြင်းဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမည့်သူများ လျော့နည်းလာအောင် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး

လှော်ကား-ဥက္ကံဘူတာကြားတွင် သားမစ်ဂဟေဆက်ခြင်းဆောင်ရွက်မည်

တိုက်ကြီး မေ ၃၁ - ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ ရထားစီးခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်စေရေးအတွက် ရထားလမ်းပိုင်း လုပ်ငန်းခွင်များ၌ ရထားသံလမ်းများကို သားမစ်ဂဟေဆက်ခြင်း(Thertmit Welding) နည်းစနစ်များဖြင့် ပြုပြင်ဆောင်ရွက်ခြင်း၊ လမ်းပိုင်းတစ်လျှောက် ကွန်ကရစ်ဇလီဖားတုံးများအပြည့် လဲလှယ်ခြင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတကာတွင်အသုံးပြုလျက်ရှိသော သံလမ်းဂဟေဆက်နည်းများဖြစ်သည့် ဓာတ်ငွေ့ဂဟေဆက်ခြင်း (Gas Pressure Welding)၊ လျှပ်စစ်(သို့)သတ္တုအက် ဂဟေဆက်နည်း (Electric Or Metal Arc Welding)၊ ဖလက်ရှ်ဘတ်ဂဟေဆက်နည်း (Flash Butt Welding) နှင့် သံလမ်းများ သားမစ်ဂဟေဆက်ခြင်း (Thertmit Welding)နည်းစနစ်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထားလုပ်ငန်းမှလည်း သံလမ်းဆက်နေရာများကို ထိုကဲ့သို့ ပြုပြင်ထိန်းသိမ်းမှုများ အတွင်းအားအနည်းဆုံးနေရာဖြစ်သည့် သံလမ်းဆက်များကို ဖလက်ရှ်ဘတ်ဂဟေဆက်နည်းနှင့် သံလမ်းများသားမစ်ဂဟေဆက်ခြင်း နည်းစနစ်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါ မြန်မာ့မီးရထားလုပ်ငန်းရှိ ရထားလမ်းပိုင်း လုပ်ငန်းခွင်များ၌ ရထားသံလမ်းများကို သားမစ်ဂဟေဆက်ခြင်းနည်းစနစ်ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ခရီးစဉ်မိုင်ပေါင်း ၄၀ ကွာဝေးသော လှော်ကားဘူတာနှင့် ဥက္ကံဘူတာ ခရီးစဉ်ကြားတစ်လျှောက်ရှိ လှော်ကား-မှော်ဘီ-ဝါးနက်ချောင်း - ဖူးကြီး - တိုက်ကြီး-သနပ်ချောင်း-ဖလုံ-ဥက္ကံအစရှိသည့်ရထားလမ်းပိုင်းနေရာများတစ်လျှောက်တွင် သားမစ်ဂဟေဆက်ခြင်းများကို သံလမ်းအဖွဲ့ ၁၀ ဦးနှင့် ဝရိန်ဆက်ကျွမ်းကျင်လုပ်သားအဖွဲ့ ငါးဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ **(အောက်ဝဲပုံ)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်းအမှတ်(၇)ရန်ကုန်ဘက်အခြမ်းဖြစ်သော ခရီးစဉ်မိုင်ပေါင်း ၄၀ ကွာဝေးသည့် အဆိုပါ လှော်ကားဘူတာမှ ဥက္ကံဘူတာခရီးစဉ်ကြားတစ်လျှောက်ရှိ သံလမ်းများ၏ သားမစ်ဂဟေဆက်ခြင်းကို မတ် ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရပြီး သံလမ်းဆက်ပေါင်း ၅၄၄၀ ခန့် ရှိနေကြောင်း သိရကာ ယင်းနေရာအတွင်း သုံးချောင်းဆက်သံလမ်းပြုပြင်ဆောင်ရွက်မည်ဆိုပါက တစ်မိုင်လျှင် ၄၅ ဆက်သာရှိမည်ဖြစ်ရာ လှော်ကား-ဥက္ကံလမ်း၌ သံလမ်းဆက်ပေါင်း ၁၈၀၀ ကျော် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ယခု ၂၀၁၄ ခုနှစ် ဘတ်ဂျက်ကာလအတွင်း သားမစ်ဂဟေဆက်ခြင်းကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

(ဝ၄ဝ)

နေပြည်တော်ကောင်စီနယ်မြေ

ကရင်ပြည်နယ် တိုင်းရင်းသားတောင်သူလေ့လာရေးအဖွဲ့များ နေပြည်တော် စံပြစိုက်ကွင်းများသို့ လှည့်လည်လေ့လာ

နေပြည်တော် မေ ၃၁ - ကရင်ပြည်နယ် တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များသည် မေ ၂၇ ရက် နံနက် ၇ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး အဆင့်မြင့်လယ်ယာဇေက(၃၀၀၀) တောင်သူပညာပေး စိုက်ကွင်းသို့ လာရောက်လေ့လာခဲ့ကြသည်ဟု သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့များအား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း ဦးဆောင်သော ပညာရှင်ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးပေးကြပြီး ၂၀၁၄ ခုနှစ် ပုလဲသွယ် စပ်မျိုးစပါး နွေစပါးစိုက်ခင်းများကို (G.A.P) သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့်အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးခင်းများကို လက်တွေ့ပြသခဲ့ကြသည်။ ဆက်လက်၍ ဧက ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းနှင့် သုတေသနလုပ်ငန်းသို့ လေ့လာရာ R1-R2 ဟုခေါ်သော အဖိုလိုင်းနှင့် အမလိုင်း(A)လိုင်းတို့ကို ဝတ်မှုန်ကူးခြင်း လက်တွေ့သရုပ်ပြသမှုတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ကရင်ပြည်နယ်လေ့လာရေးအဖွဲ့ဝင်များသည် မိမိတို့သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ဘားအံမြို့နယ် ယဉ်ကျေးမှုရိုးရာကရင်ဒိုးအကဖြင့်ကပြဖျော်ဖြေကာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူပညာပေး စိုက်ကွင်းများသို့ ဆက်လက်လေ့လာရန် ထွက်ခွာသွားကြကြောင်း သိရသည်။

ကိုပေါက်(ဥတ္တာမြေ)

ဧရာဝတီတိုင်းဒေသကြီး

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆင့်ပွားသင်တန်းဖွင့်

မအူပင် မေ ၃၁ - ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNHABITAT တို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းစိုး၊ UNHABITAT မှ Mr.Rahul Pandit နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို သင်တန်းပို့ချကာ သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

အောင်ခိုင်(မအူပင်)

ပဲခူးတိုင်းဒေသကြီး

သာယာဝတီမြို့တွင် ပြည်သူ့ဝန်ဆောင်မှုဒစ်ဂျစ်တယ်စာကြည့်တိုက်မှ စာအုပ်များ ဖတ်ရှုနိုင်ပြီ

သာယာဝတီ မေ ၃၁ - သာယာဝတီမြို့နေပြည်သူများအနေဖြင့် မိမိတို့၏ Mobile phone, Tablet နှင့် Note Book များ အသုံးပြု၍ ရန်ကုန်-ပြည်ကားလမ်းပေါ်ရှိ Auto လက်ဖက်ရည်ဆိုင်နှင့် ပတ်ဝန်းကျင်တွင် စာအုပ်များကို အလွယ်တကူဖမ်းယူဖတ်ရှုနေပြီဖြစ်သည်။

အဆိုပါ Digital Library များကို မီတာ ၆၅၀ အကွာထိ အင်တာနက်ချိတ်ဆက်ရန်မလိုဘဲ Wifi ဖြင့် ဖမ်းယူပြီး စာအုပ်များကို DownLoad ဆွဲယူနိုင်သောကြောင့် ဒေသခံပြည်သူများ အံ့သြဝမ်းသာနေကြကြောင်း သိရသည်။

Public Digital Library Service box တွင် စာအုပ်ဗားရှင်း နှစ်မျိုးပါရှိကာ ဖတ်နိုင်သည့် Read-Only (HTML) နှင့် DownLoad ဆွဲယူပြီးမှ ဖတ်နိုင်သည့် Down Loadable (PDF) ဗားရှင်းတို့ဖြစ်သည်။ အဆိုပါ ဗားရှင်းတွင် စာအုပ် ၆၀၀၀ ကျော် ဖတ်နိုင်မည်ဖြစ်သည်။

စာအုပ်တစ်အုပ်ကို DownLoad လုပ်ရာတွင် လေးစက္ကန့်ကြာမြင့်သည့်အတွက် အိမ်တွင်စာအုပ်များစွာဖတ်ရှုနိုင်ရန် DownLoad လုပ်နိုင်ကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသုံးပြုနည်းများကို ပြသပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး

နန်းစောင်းပုကျေးရွာ ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ကလေး မေ ၃၁ - ကလေးမြို့နယ်၏ အနောက်မြောက်ဘက်တွင်ရှိသော နန်းစောင်းပုကျေးရွာသည် နေရဥ္စရာမြစ်ကမ်းဘေး၌တည်ရှိပြီး အိမ်ခြေ ၃၅၀၊ အိမ်ထောင်စု ၃၅၅ စု၊ လူဦးရေ ၁၅၃၂ ဦး နေထိုင်ကြသော အလွန်သာယာသည့် ကျေးရွာဖြစ်သည်။

သို့သော်လည်း နန်းစောင်းပုကျေးရွာသည် မိုးတွင်းကာလတွင် နေရဥ္စရာမြစ်ရေကြီးပြီး မြစ်ရေတိုက်စားခြင်းကြောင့် ကျေးရွာကမ်းပါးကမ်းပြိုမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ ကျေးရွာလုံးကျွတ် ပြောင်းရွှေ့ရမည့် အခြေအနေသို့ရောက်ရှိနေပြီး ကျေးရွာနေပြည်သူများသည် မိုးတွင်းကာလရောက်တိုင်း အလွန်စိတ်ဆင်းရဲလျက်ရှိကြသည်။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၅၁ ဒသမ ၂၈ သန်းအကုန်အကျခံကာ ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယင်းကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းတွင် မျောတိုင်ရိုက်ကျောက်ဖြည့်ရေကာအရှည်ပေ ၈၀၀ ရေကာတန်းပြုလုပ်ခြင်းလုပ်ငန်းနှင့် ရေလွှဲတူးမြောင်းအရှည်ပေ ၂၅၀၀ ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၆ ရက်က ထူးမြတ်ဇိမ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းများကို ယခုနှစ် မိုးတွင်းကာလအမီ ပြီးစီးအောင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ချက်ရာနှုန်းပြည့် ပြီးစီးမှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မေ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးခြင်းကြောင့် ကျေးရွာနေပြည်သူတစ်ရပ်လုံး စိတ်အေးချမ်းသာလျက် အလွန်ဝမ်းမြောက်နေကြကြောင်း သိရသည်။

(ဂျိုးနက်)

ဧရာဝတီတိုင်းဒေသကြီး

ဇလွန်မြို့နယ်၌ ပက်တန်း-တံခွန်တိုင်-ဆင်မြေစား ကျောက်ချောလမ်းသစ်ဖွင့်

ဇလွန် မေ ၃၁ - ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ပက်တန်း-တံခွန်တိုင်-ဆင်မြေစားကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၈ နာရီတွင် ပက်တန်း-တံခွန်တိုင်လမ်းမပေါ်တွင် ကျင်းပရာ ခရိုင်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်၊ တံခွန်တိုင်ကျေးရွာ ရပ်မိရပ်ဖ ဦးစောသန်းကျော်တို့က အသီးသီးအမှာစကားပြောကြားပြီး ဇလွန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်း၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် ရပ်မိရပ်ဖ ဦးစောသန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပက်တန်း-တံခွန်တိုင်-ဆင်မြေစားကျောက်ချောလမ်းကို သောင်းထိုက်ဖြိုးကုမ္ပဏီမှ ဦးအောင်ဆန်းဦးက တာဝန်ယူဆောင်ရွက်ပြီး အဆိုပါ လမ်းသစ်ကို ၂၀၁၄ ခုနှစ် မတ် ၁၂ ရက်မှ စတင်လုပ်ကိုင်ရာ မေ ၂၄ ရက်တွင် ပြီးစီးပြီး အလျား (15000' × 8'.7") ဖြစ်၍ ငွေကျပ် ၁၀၆၈ သိန်း ကုန်ကျကြောင်း သိရသည်။

ငွေသန်း(ပြန်/ဆက်)

Victoria Hospital

မလေးရှားနိုင်ငံမှ
ပါမောက္ခ ဆရာဝန်ကြီးမှ
နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်းရောဂါများအား
ခွဲစိတ်ကုသပေးမည့် အထူးအစီအစဉ်

- နားမကြား၍ စကားမပြောနိုင်သော သင့်ကလေး၏ ဘဝကို ကယ်တင်နိုင်ရန် Cochlear Implant ခွဲစိတ်မှုဖြင့် ကုသနိုင်ခြင်း။
- နှာခေါင်းရောဂါများအတွက် FESS ခေါ် တီဗွီမှန်ပြောင်းဖြင့် ခွဲစိတ်ခြင်း။
- လည်ချောင်းရောဂါများအတွက် လေဆာ(Laser) စက်သစ်ကြီးဖြင့် ခွဲစိတ်ခြင်း။

လူဦးရေ ကန့်သတ်ချက် ရှိပါသည်။

ကုသပေးမည့်နေ့ရက် ၁၃-၆-၂၀၁၄ မှ ၁၅-၆-၂၀၁၄ အထိ

Hunt Line: +95 1 9666 141 Ext: 7065 သို့ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သာသနာရေးနှင့် စည်ပင်ဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းစည်ပင်အမှုဆောင်အရာရှိ ဦးမိုးကျော်၊ ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်တို့က မေ ၂၇ ရက်က ပဲခူးမြို့ ဥဿာမြို့သစ် မြို့ဦးကင်းကျေးရွာမီးလင်းရေးအတွက် ငွေကျပ် ၇၅ သိန်း၊ မြို့ဦးကင်း (အမက-၁၁၁) အတွက် ငွေကျပ်ငါးသိန်း၊ ပေါက်ပင် (အမက-၆)အတွက် ငွေကျပ်ငါးသိန်း၊ ပင်စည် (အထကခွဲ-၈)အတွက် ငွေကျပ် ၁၅ သိန်းနှင့် ဗလာစာအုပ်များ လှူဒါန်းစဉ်။

(၅၈၈)

ပဲခူးတိုင်းဒေသကြီး

ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ လူထုမေတ္တာတံတားဖွင့်

ဒိုက်ဦး မေ ၃၁ - ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကလိကျေးရွာ လူထုမေတ္တာတံတားဖွင့်ပွဲကို မေ ၂၅ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးအမှာစကားပြောကြားသည်။ ဆက်လက်၍ တံတားတည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးရဲမြင့်က တံတားဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ တံတားဖြစ်မြောက်ရေးကော်မတီဝင် ဦးဖိုးနီက တံတားတည်ဆောက်မှု ကုန်ကျစရိတ်ရှင်းတမ်းများကို ရှင်းလင်းတင်ပြကာ ပြည်သူများကိုယ်စား ကလိကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

လူထုမေတ္တာတံတားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၄၀၊ အကျယ် ၁၃ ပေရှိပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၃၀၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် သိန်း ၂၁၀ ကျော်ရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၄၃ သိန်း ကျော်ရှိကြောင်း သိရသည်။

ကျော်ကျော်(IPRD)

မန္တလေးတိုင်းဒေသကြီး

မလှိုင်မြို့၏ အထင်ကရ ကံဖျားရေကန် သောက်သုံးရေဖူလုံရေး ပြန်လည်တူးဖော်

မလှိုင် မေ ၃၁ - မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ အမှတ်(၃) ရပ်ကွက်ရှိ မလှိုင်မြို့၏ အထင်ကရ ကံဖျားရေကန်သည် အောက်ကန်ပေါင် အရှည် ၄၈၅ ပေ၊ တောင်ဘက်ပေါင် အရှည် ၂၃၁ ပေ၊ အနောက်ဘက်ပေါင် အရှည် ၅၁၅ ပေ၊ အပေါ်ကန်ပေါင် အရှည် ၂၄၉ ပေ၊ တောင်ဘက်ပေါင် အရှည် ၄၈၅ ပေ၊ အနောက်ဘက်ပေါင် အရှည် ၃၂၄ ပေရှိကြောင်း မေ ၁၄ ရက်က မလှိုင်မြို့ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာချက်အရ သိရသည်။

ကံဖျားရေမှာ မလှိုင်မြို့နေပြည်သူများ သောက်သုံးရေအဖြစ် အဓိက အားထားနေရသော ပင်မသွေးကြောဖြစ်သည့်အပြင် မလှိုင်မြို့၏ အရပ်လေးမျက်နှာမှ ရေတွင်းရေကန်များ၊ အဝီ စိတွင်းများ တူးဖော်ရရှိသော်လည်း ရေချိုမထွက်သည့်အတွက် ဒေသခံပြည်သူများအား ကံဖျားကန်မှ ရေကိုသာ အဓိကအားထားနေရသည်။

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ကံဖျားကန်၏အနီး အဝီစိတွင်းများ တူးဖော်ပြီး ရေဂါလန် ၅၀၀၀၀ ခန့်ဆံ့ ရေကန်နှစ်ကန်မှ မြို့နေပြည်သူများ သောက်သုံးရေချိုဖူလုံရေး ရပ်ကွက်အလိုက် ဖြန့်ဝေပေးလျက်ရှိသည်။ ယခုအခါ ကံဖျားရေကန်ကြီးနုန်းတင်နေသဖြင့် နှစ်ပတ်လည် ရေသိုလှောင်နိုင်ခြင်းမရှိချေ။ သို့အတွက် ဒေသခံပြည်သူများ အားထားနေရသည့် ကံဖျားရေကန်ကြီး နှစ်ပတ်လည်ရေသိုလှောင်ထားနိုင်ရေး ပြန်လည်ပြုပြင်တူးဖော်ပေးပါရန် မြို့နေပြည်သူများက ဆန္ဒရှိနေကြောင်း သိရသည်။ မေ ၂၁ ရက်မှ စတင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၏ အစီအမံဖြင့် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ အလှူရှင်များပူးပေါင်း၍ ကံဖျားရေကန်ရေသိုလှောင်နိုင်ရေးအတွက် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရသည်။ **(အပေါ်ပုံ)**

(၆၂၇)

မွန်ပြည်နယ်

မော်လမြိုင်ကမ်းနားလမ်း မြို့မတံတားနေရာတွင် ဖျော်ဖြေရေးစင်မြင့် တည်ဆောက်မည်

မော်လမြိုင် မေ ၃၁ - မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းအား သာယာလှပစည်ပင်ရေးနှင့် အများပြည်သူများ စိတ်ချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်ရန်ရည်ရွယ်၍ စစ်ကဲကုန်းရပ်ကမ်းနားလမ်းရှိ မြို့မတံတားနေရာ၌ အဆင့်မြင့် ဖျော်ဖြေရေးစင်မြင့်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ပြအင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ရန် သုံးသပ်သည့်အခါ ပထမဦးဆုံးအနေဖြင့် မြို့မတံတားကိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စင်မြင့်ပုံစံမှာ နှစ်ထပ်ဖြစ်ပြီး စင်မြင့်၏အောက်တွင် အမှတ်တရပစ္စည်းဆိုင်၊ ကော်ဖီဘားနှင့် အနောက်ဘက်ဗောတံတားတွင် ရေပေါ်စားသောက်ဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း၊ အဆောက်အအုံမှာ ပေ(၄၀×၆၀)ဖြစ်ပြီး မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မော်လမြိုင်လူငယ်များ စုဖွဲ့ထားသည့် သံလွင်နတ်သမီးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းကာ ကျပ်သိန်းရှစ်ထောင်ခန့်ကုန်ကျမည်ဟု ခန့်မှန်းကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ပြောကြားသည်။

မြို့မတံတားသည် ယခင်က တိုင်းမှူးနှင့် အရေးကြီးပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ မုတ္တမဆိပ်ကမ်းသို့ သွားရောက်သောနေရာတစ်ခုဖြစ်ပြီး သံလွင်တံတားတည်ဆောက်ပြီးစီးချိန်မှစ၍ အသုံးပြုခြင်းမရှိတော့သည့်အတွက် ပျက်စီးယိုယွင်းလာခဲ့သည်။ ထို့ပြင် ယင်းနေရာသည် နှစ်စဉ်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တည်ဆောက်သောနေရာဖြစ်ပြီး ဖျော်ဖြေရေးစင်မြင့်တည်ဆောက်ပြီးစီးပါက ယခင်နှစ်များကဲ့သို့ အချိန်ယူဆောက်လိုက်၊ ဖျက်လိုက်လုပ်စရာမလိုတော့ဘဲ ကုန်ကျစရိတ်လည်း သက်သာလာတော့မည်ဖြစ်ကြောင်း သိရသည်။

"ယခင် ပေ ၃၀ နေရာကို နည်းနည်းချဲ့ပြီး ပေ ၄၀ လုပ်လိုက်တယ်၊ အရှည်ကတော့ အရင်အတိုင်းပဲ၊ ရေပေါ် စားသောက်ဆိုင်မှာ ပင်လယ်စာကို အဓိကထားရောင်းမှာပါ၊ စင်မြင့်ကို မြို့လူထုက ငွေရမ်းအသုံးပြုချင်လည်းခွင့်ပြုပေးမှာဖြစ်ပါတယ်။ တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမှာဖြစ်ပြီး နောက်ထပ်ရာမညတံတားကိုလည်း အဆင့်မြှင့်တည်ဆောက်ဖို့ အစီအစဉ်တွေလည်းရှိပါတယ်" ဒေါက်တာတိုးတိုးအောင်က ထပ်မံပြောကြားခဲ့သည်။

(ဆက်နေမင်းအောင်)

နိုးထကြစို့ ဦးကြီးတို့

ဝင်းလှိုင်ဦး

ယခုကာလသည် နွေကာလကုန်ဆုံး၍ မိုးဦးကာလသို့ ဝင်ရောက်တော့မည်ဖြစ်ရာ တောင်သူဦးကြီးတို့ကလည်း ဝသန်မိုးနှင့်အတူ လယ်မြေများ ထွန်ယက် ပြုပြင်ခြင်း၊ မျိုးစေ့စုဆောင်းခြင်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေကြပါသည်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ မျှော်လင့်ချက်သည် မိမိတို့၏ သီးနှံများအတွက်နှုန်းကောင်းမွန်၍ ထိုက်တန်သော ဈေး နှုန်းဖြင့် ရောင်းချနိုင်ရေးပင်ဖြစ်ပါသည်။ သို့မှသာ တောင်သူလယ်သမားမိသားစုများ ဝင်ငွေတိုးတက်၍ ကိုယ်စိတ်နှစ်ပါးချမ်းသာ ပျော်ရွှင်စွာ နေထိုင်နိုင်မည် ဖြစ်ပေသည်။

နိုင်ငံအတွင်း စိုက်ပျိုးနေကြသော သီးနှံအမယ်များသည် ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးခဲ့ကြသည်ဖြစ်၍ လက်ရှိရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့် ကိုက်ညီမှုနည်းပါးလာပြီး မျိုးဗီဇဆုတ်ယုတ်ကာ အထွက်နှုန်းနှင့် အရည်အသွေးပါနိမ့်ကျနေပါသည်။ ပြည်ပဈေးကွက်မဆိုထားနှင့် ပြည်တွင်းစားသုံးသူများကလည်း နှစ်သက်မှုနည်းပါး လာ၍ ဈေးကောင်းမရရှိတော့ပါ။ ထို့ကြောင့်လည်း စိုက်ပျိုးသမျှ အကျိုးအမြတ် ရသင့်သလောက် မရခဲ့ကြပါ။

ပြောင်းလဲလာသော ရာသီဥတုအခြေအနေ၊ စိုက်ပျိုးရေရရှိမှုနှင့် ချိန်ဆပြီး ဈေးကွက်ဝယ်လိုအားရှိသော သီးနှံအမယ်များကို ရွေးချယ်၍ စိုက်ပျိုးမှသာ အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ရာ တောင်သူများအနေဖြင့် မျိုးညံ့၊ မျိုးရောများကို ဖယ်ရှားစွန့်လွှတ်၍ ကိုယ်တိုင်စိတ် တိုင်းကျရွေးချယ်ထားသော ဒေသမျိုးများ၊ သုတေသနပြုစမ်းသပ်ပြီးဖြစ်သော စိတ်ချခိုင်လုံ ရေရာသေချာသည့် မျိုးကောင်း၊ မျိုးသန့်များကို ဆက်သွယ်ဝယ်ယူစိုက်ပျိုးခြင်းသည် ယနေ့လုပ်ဆောင်ရမည့် လက်ငင်းလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ထွက်ရှိသော သီးနှံများ၏ အရည်အသွေးဆိုရာတွင်လည်း စားသုံးသူများ နှစ်သက်သော အရောင်အဆင်း၊ အရွယ်အစား၊ အနံ့၊ အရသာနှင့် ဓာတုဓာတ်ကြွင်းများ ပါဝင်မှု မရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ရာ ခူးဆွတ်ချိန်၊ သိုလှောင်ချိန်၊ ဒိုင်သို့တင်ပို့ချိန်များနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းစသော ရိတ်သိမ်းချိန်လွန်ကာလလုပ်ဆောင်ရန်များကို အထူးဂရုပြု လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

ဥပမာအားဖြင့် စပါးရိတ်သိမ်းပြီး ပဲစိုက်ပျိုးချိန်မီစေရန် ကန်သင်းပေါင်တွင် ရိတ်သိမ်းပြီးသော စပါးများ စုပုံထားရှိခြင်းဖြင့် ဖုန်၊ ခဲ၊ သဲများ၊ ပိုးမွှားများဝင်ရောက်ခြင်း၊ အစိုဓာတ်များ၍ ဆန်ကြိတ်ခွဲရန် အဆင့်မမီခြင်း၊ ရုံဖန်ရုံခါ အခါမဟုတ် ရွာသောမိုးများကြောင့် ပျက်စီးဆုံးရှုံးပြီး အရည်အသွေးမကောင်းတော့သဖြင့် ဈေးနှိမ်ခံရခြင်းများကြောင့် အမြတ်ရရန် မဆိုထားနှင့် အရင်းရရန်ပင် ခက်ခဲပေလိမ့်မည်။

ထို့အတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ၊ ခေတ်မှီအခြောက်ခံစက်များ၊ ခေတ်မီသိုလှောင်ရုံများ တည်ဆောက်ထူထောင်သုံးစွဲကြရန် တာဝန်ရှိသူများက အခါမလပ်တိုက်တွန်းနေပါသည်။လုပ်ကွက်ငယ် တောင်သူတစ်ဦးချင်းအတွက် အခက်အခဲရှိနိုင်မည်ဖြစ်၍ လယ်ယာကုန်ထုတ်သမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းမှ ကူညီဆောင်ရွက်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

မိုးရွာသွန်းမှု အချိန်ကာလကိုလိုက်၍ တစ်ချိန်တည်းတစ်ပြိုင်တည်း အချိန်ကိုက်စိုက်ပျိုးနိုင်ရေးအတွက် လယ်

ယာလုပ်သားအင်အား လိုအပ်မှုများကိုလည်း ကြုံတွေ့ရမည်ဖြစ်ပါသည်။ဒေသတစ်ခု၊ ကျေးရွာတစ်ရွာ၏ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေရရှိမှု အခြေအနေအရ အချိန်လုစိုက်ပျိုးရသည်ဖြစ်၍ ထွန်ယက်စိုက်ပျိုးရေးအတွက် ခေတ်မီစက်ကိရိယာများကို မဖြစ်မနေငှားရမ်းဆောင်ရွက်ရခြင်း၊ စိုက်ကေများပါက ကိုယ်တိုင်ဝယ်ယူသုံးစွဲကိုင်တွယ်မောင်းနှင်ရခြင်းတို့ကိုမလွဲမသွေတွေ့ကြုံရင်ဆိုင်ရမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စက်မှုလယ်ယာဦးစီးဌာနသည် ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ကိုင်တွယ်အသုံးပြုခြင်း သင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသည့်အတွက် သက်ဆိုင်ရာမြို့နယ်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်၍ အကူအညီရယူသင့်ပါသည်။

စိုက်ပျိုးသည့်သီးနှံအလိုက် ပျိုးထောင်ရေး၊ အောင်ရေရရှိရေးအတွက် မိမိစိုက်ခင်းသို့ရောက်လာမည့်ရေကို ထိုင်စောင့်နေခြင်းထက် သက်ဆိုင်ရာဝန်ထမ်းများနှင့် ဆက်သွယ်၍ရေရောက်ရှိမည့်အချိန်၊ ရေပေးဝေကာလ၊ မိမိတို့ဘက်မှ ဆောင်ရွက်ရမည့်လုပ်ငန်းများအား မည်သို့ပြင်ဆင်ရမည်ကို ပူးပေါင်းညှိနှိုင်းရပေမည်။

စိုက်ပျိုးရေးရုံးများ၊ သုတေသနခြံများသို့လည်း သွားရောက်၍ လည်ပတ်ဝင်ထွက်လျက် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ သီးနှံပိုးမွှားကာကွယ်ရေးတို့ကို လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးမေးမြန်းခြင်းသာမက ဖုန်းဖြင့်ပါမေးမြန်းဆက်သွယ် ဆောင်ရွက်နိုင်သော ခေတ်သို့ရောက်ရှိနေသည်ဖြစ်၍ တောင်သူများ လာရောက်ဆက်သွယ်ပါက အစဉ်အမြဲလက်ကမ်းကြိုဆိုနေမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံမှ ကျေးလက်နေပြည်သူလူထုအများစု၏ မှီခိုအားထားရာ လယ်ယာကဏ္ဍစီးပွားရေး တိုးတက်အောင်မြင်ရန် တောင်သူလယ်သမားထုကြီး ကိုယ်တိုင်ပြင်းပြသော အောင်မြင်လိုစိတ်ဖြင့် သက်ဆိုင်ရာဌာနများ၊ လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းအဖွဲ့များဖြင့် နိုးကြားစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု အကြံပြုလိုပါသည်။

နိုင်ငံတော်အပိုင်းက ကြိုးစားဆောင်ရွက်ပေးနေသော်လည်း တောင်သူများမပါဝင်ပါက မအောင်မြင်နိုင်ပါ။ ထို့ အတူ နိုင်ငံတော်အပိုင်းသာမက မြန်မာ့လယ်ယာကဏ္ဍတိုးတက်ရေးကို စိတ်ပါဝင်စားစွာဖြင့် ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ပူးပေါင်းချိတ်ဆက်ရန် လိုအပ်ပါသည်။

တောင်သူလယ်သမားများအတွက် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များကို ယခုအခါ လက်လှမ်းမီစွာဆက်သွယ်ဝယ်ယူနိုင်သော အခြေအနေသို့ရောက်ရှိနေပါပြီ။ စိုက်နည်းစနစ်များကို လယ်ကွင်းထဲအရောက်ဆင်း၍ ကူညီပြသပေးမည့် ဝန်ထမ်းများလည်း အသင့်ရှိနေကြပါသည်။

စိုက်ပျိုးရေရရှိရေးနှင့် လယ်ယာသုံးစက်ကိရိယာများအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ဝန်ဆောင်မှုများလည်း ပေးနေကြသည်။ ဦးကြီးတို့ ကိုယ်တိုင်ကလည်း လုပ်ဖော်ကိုင်ဖက်၊ မိတ်ရင်းဆွေသဖွယ် စိတ်ဓာတ်ဖြင့်ဝန်ထမ်းများကို ဆက်သွယ်ခေါ်ယူပြီး ဆွေးနွေးညှိနှိုင်းလျက်လိုအပ်သည့် အကူအညီများ ရယူစေချင်ပါသည်။

နိုင်ငံတော်အတွက် အသက်သွေးကြောဖြစ်သည့် စားနပ်ရိက္ခာများကို နေပူမရှောင်၊ မိုးရွာမရှောင် ဥတုသုံးပါးလုံး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများ၊ လယ်ယာလုပ်သားများနှင့် ကျေးရွာရှိမိသားစုဝင်များ ဝင်ငွေတိုးတက်၍ လူမှုဘဝမြင့်မားပါမှ နိုင်ငံတော်ကြီးအမှန်တိုးတက်ပါမည်။

ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးနှင့် စက်မှုလုပ်ငန်းရှင်များ၊လယ်ယာကဏ္ဍကိုစိတ်ပါဝင်စား၍ စေတနာထားသောလုပ်ငန်းရှင်များက ကူညီဆောင်ရွက်ပေးနေပါသည်။

မိမိတို့ဒေသသို့ သတင်းအချက်အလက်များ မရောက်ရှိ၊ မသိရှိသေးပါကလည်း မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာဌာနများကို ရင်းနှီးစွာဆက်သွယ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများစွာရှိပါသည်။

“နိုးထကြပါတော့။ တောင်သူလယ်သမားဦးကြီးတို့ သက်ဆိုင်ရာဝန်ထမ်းပညာသည်တို့ဖြင့် တညီတညွတ်တည်း၊ တစည်းတလုံးတည်း ပူးပေါင်းဆောင်ရွက်ကြပါစို့” ဟု တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး

သုံးခွမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်ရေးကွင်းဆင်းဆွေးနွေးဆောင်ရွက်

သုံးခွ မေ ၃၁

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာလုပ်ငန်းစဉ်များကို ကျေးလက်နေပြည်သူများ လေးလေးနက်နက် နားလည်သဘောပေါက်စေရန်၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရန် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဟောပြောရှင်းလင်းဆွေးနွေးပွဲများကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဝင်ကျေးရွာသုံးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၁၆ ရက်တွင် ကဒပွနကျေးရွာသို့လည်းကောင်း၊ မေ ၂၄ ရက်တွင် အိဿယျကျေးရွာ၊ မေ ၂၆ ရက်တွင် ပုလဲကျေးရွာများသို့ သွားရောက်၍ ဟောပြောဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ စီမံကိန်းဝင်ကျေးရွာတစ်ရွာလျှင် ပထမအဆင့်အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေချေးပေးမည်ဟု သိရသည်။

ကိုကျော်(သုံးခွ)

ဆင်းရဲမှုသိသိသာသာလျော့ကျလာစေဖို့

» » ကျော်ဖုံးမှ

ငွေကြေးအနည်းငယ်ရရှိရုံမျှဖြင့် အလွယ်တကူ လိုက်ပါလုပ်ဆောင်လေ့ရှိသောကြောင့် လူ့အဖွဲ့ အစည်းတစ်ခုလုံး၏ မတည်ငြိမ်မှုနှင့် ပဋိပက္ခများ မကြာခဏ ပေါ်ပေါက်လေ့ရှိသည်။ ယနေ့ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသည့် အကြမ်းဖက်မှုများ၏ အခြေခံအကြောင်းရင်းတစ်ရပ်အနေဖြင့် ဆင်းရဲသည့်နိုင်ငံများရှိ လွန်စွာဆင်းရဲသည့်သူများအား အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်လာစေရန် အလွယ်တကူ စည်းရုံးနိုင်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံသည် အကြမ်းဖက်လုပ်ငန်းများ လေ့ကျင့်စုစည်းရာ အရပ်အဖြစ် ယနေ့အထိ ကျော်ကြားနေရခြင်းမှာ ဒေသခံလူများ အလွန်ဆင်းရဲနေခြင်းကြောင့်ဖြစ်သည်။

ဆင်းရဲမှုကိုဘယ်လိုတိုင်းတာမလဲ

ဆင်းရဲမှုကို ယေဘုယျအားဖြင့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ ဘယ်လောက်ဖြည့်ဆည်းပေးနိုင်သလဲဆိုသည့် အချက်များ အကျုံးဝင်သည့် လူတစ်ဦးတစ်ယောက် အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်များ (Basic needs) ဖြည့်စွမ်းနိုင်မှုနှင့် တိုင်းတာလေ့ ရှိသည်။ လက်တွေ့အားဖြင့် ဆင်းရဲမှုကို ဝင်ငွေ (Income) ဖြင့် တိုင်းတာလေ့ရှိပြီး ယေဘုယျအားဖြင့် ကမ္ဘာ့ဘဏ်၏သတ်မှတ်ချက်မှာ ဖွံ့ဖြိုးမှုအနိမ့်ဆုံး နိုင်ငံများ (LDC) အနေဖြင့် လူတစ်ဦး တစ်နေ့တစ်ဒေါ်လာမရလျှင် ဆင်းရဲသည်ဟု သတ်မှတ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing Country) အတွက်မူ တစ်နေ့ လူတစ်ဦး အနိမ့်ဆုံး နှစ်ဒေါ်လာရရှိရမည်ဖြစ်ပြီး အဆိုပါဝင်ငွေများ မရရှိပါက ဆင်းရဲသည်ဟု ပြောလေ့ရှိသည်။ မြန်မာနိုင်ငံအတွက်မူ UNDP နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၏ ပူးပေါင်းလုပ်ဆောင်သည့် ၂၀၀၅ နှင့် ၂၀၁၀ ခုနှစ်များအတွက် အိမ်ထောင်စုနေထိုင်စားသောက်စရိတ်စစ်တမ်း (Integrated Household Living Cost Assessment Surrey (JHLCA)) တွင်လည်း ဆင်းရဲမှုကို ဝင်ငွေဖြင့်တိုင်းတာထားပြီး လူတစ်ဦးသက်ရှင်နေထိုင်ရန် လိုအပ်သည့် အစားအသောက်နှင့် အစားအသောက်မဟုတ်သည့် အခြားလိုအပ်ချက်များ အဝတ်အထည်၊ နေအိမ်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့အတွက် ရယူအသုံးပြုနိုင်ရန် ကုန်ကျမည့်ဝင်ငွေဖြင့် သတ်မှတ်ပါသည်။ တစ်နည်းအားဖြင့် လူတစ်ယောက် အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်များ (basic needs) ဖြည့်စွမ်းနိုင်မှုဖြင့် ဆင်းရဲမှုကို တိုင်းတာလေ့ရှိသည်။ အကယ်၍ ရရှိသောဝင်ငွေသည် အနိမ့်ဆုံး အစားအသောက်စရိတ်တို့ပင် မရရှိလျှင် အစားဆင်းရဲမှု (Food Poverty) ဟုခေါ်ပြီး အစားအသောက်အပြင် အခြားအခြေခံလိုအပ်ချက်များအတွက် လုံလောက်သည့် ဝင်ငွေမရရှိလျှင် လုံးလုံးလျားလျားဆင်းရဲမှု (Absolute Poverty) ဟု သတ်မှတ်ပါသည်။

အခြေခံလိုအပ်ချက်များ (basic needs) အတွက် လိုအပ်သည့် အနိမ့်ဆုံးဝင်ငွေမျဉ်းကို ဆင်းရဲမှုမျဉ်း (Poverty Line) ဟု ခေါ်ဝေါ်လေ့ရှိသည်။ အိမ်ထောင်စု ၁၀၀ တွင် ဆင်းရဲမှုမျဉ်းအောက်တွင် ရှိသည့် အိမ်ထောင်စုအရေအတွက်ကို ဆင်းရဲမှုနှုန်း (Poverty rate) ဟု ခေါ်ဆိုပြီး မြို့ပြနှင့်ကျေးလက်ဒေသပေါ်မူတည်ပြီး ကွာခြားမှုရှိသလို ဒေသတစ်ခုနှင့်တစ်ခုအကြားတွင်လည်း ကွာခြားနိုင်သည်။

ဘာ့ကြောင့်ဆင်းရဲရလဲ

လူတစ်ဦးချင်း(သို့မဟုတ်) အိမ်ထောင်စုတစ်စု ဆင်းရဲပြီဟုဆိုလျှင် ဝင်ငွေနည်းရုံသာမကဘဲ နေမှု ထိုင်မှုပညာရေးကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ ချို့တဲ့လေ့ရှိသည်။ ဆင်းရဲမှုအကြောင်းရင်း များစွာရှိသည့်အနက် ထုတ်လုပ်မှုစွမ်းအားနိမ့်ကျခြင်း၊ ဝင်ငွေနိမ့်ကျခြင်း၊ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ခြင်း၊ ပညာသင်ကြားတတ်မြောက်မှုနိမ့်ကျခြင်းနှင့် ကျန်းမာရေးအဆင့်အတန်းနိမ့်ကျခြင်းတို့ကြောင့် လုပ်ကိုင်နိုင်သည့် စွမ်းရည်နိမ့်ကျခြင်း၊လောင်းကစားမှုပြုလုပ်ခြင်းတို့အပြင် အိမ်ထောင်စုလူဦးရေ တိုးပွားနှုန်း များသောကြောင့်လည်း ဆင်းရဲမှုကို ပိုမိုနက်ရှိုင်းစေသည်။ အကျဉ်းချုံး၍ ဆိုရသော် ဆင်းရဲရခြင်း အဓိကအကြောင်းရင်းများအနက် စီးပွားရေးအခွင့်အလမ်းများ နည်းပါးခြင်း၊ စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် လုံခြုံမှု ဆိုင်ရာ အကာအကွယ်ချို့တဲ့ခြင်းတို့ကို တွေ့ရသည်။ စီးပွားရေးအခွင့်အလမ်းများ နည်းပါးခြင်းဟု ဆိုရာတွင် ပုံမှန်ဝင်ငွေရရှိနိုင်သည့် ထုတ်လုပ်မှုလုပ်ငန်းများ(ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ) မလုပ်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်းတို့ အဓိကဖြစ်သည်။ အထူးသဖြင့် ကျေးလက်တွင် ဆင်းရဲမှုနှုန်းကြီးထွားနေခြင်းမှာ လယ်သမားငယ်များနှင့် လယ်ယာမဲ့များအတွက် လယ်ယာလုပ်ငန်းမရှိသည့် အချိန်တွင် ဝင်ငွေရနိုင်သည့် အလုပ်အကိုင်အခွင့်အရေး နည်းပါးခြင်းကြောင့်ဖြစ်သည်။

အရေးကြီးဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) အိမ်ထောင်စုတစ်စု စီးပွားရေးနိမ့်ကျလျှင် (ဆင်းရဲလျှင်) အဘက်ဘက်မှ နိမ့်ကျစမြဲဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ အနေအထားမှာလည်း အာရှနိုင်ငံများတွင်လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင်လည်းကောင်း ဖွံ့ဖြိုးမှုအနည်းဆုံး အခြေအနေမှ ရုန်းထွက်နိုင်ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်အဖြစ် ခံယူရမည်ဖြစ်သည်။ ယခင်ကနှင့်မတူ ပွင့်လန်းလာသော စီးပွားရေးအခွင့်အလမ်းများ၊ တစ်ကမ္ဘာလုံးနှင့်ပေါင်းစည်းလုပ်ကိုင်နိုင်သည့် အခွင့်အရေး၊ AEC ကြောင့် ဖြစ်ပေါ်လာမည့် အခွင့်အလမ်းသစ်များ၊ ကျွမ်းကျင်မှု (Skill) ကို အခြေခံသည့် ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရှိလာပြီဖြစ်သောကြောင့် အဆိုပါအခွင့်အရေးများ အပြည့်အဝ အသုံးချနိုင်စေရန် နိုင်ငံသားတိုင်း၊ လုပ်ငန်းရှင်တိုင်း၊ လူမှုအဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး အထူးကြိုးစားရမည်ဖြစ်သလို နိုင်ငံတော်မှလည်း ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစားပေးအစီအစဉ်ဖြင့် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထို့အပြင် ထိရောက်သည့်နည်းလမ်းများ၊ လက်တွေ့ကျသည့် နည်းဗျူဟာများဖြင့် မြင်သာထင်သာရှိသည့်ရလဒ် (results oriented) များ ယခုထက်ပိုရရှိစေရန် ဇောင်းပေးလုပ်ဆောင်ရတော့မည်ဖြစ်သည်။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၀)ကျော် ကာလအတွင်း လွဲမှားခဲ့သည့် နိုင်ငံ့စီးပွားရေးစနစ်နှင့် တင်းကျပ်သည့် စီးပွားရေးပိတ်ဆို့မှုများကြောင့်လည်း ဈေးကွက်မရရှိခြင်း၊ အခြေခံထုတ်ကုန်နှင့် သဘာဝအရင်းအမြစ် ပို့ကုန်ကိုသာ အားကိုးနေရခြင်း၊အရင်းအနှီးနှင့် နည်းပညာနိမ့်ကျခြင်း၊ ပြည်တွင်းဈေးကွက်ကိုသာ အဓိက လုပ်ကိုင်ရခြင်း စသည်တို့ကြောင့် ဖွံ့ဖြိုးမှု နိမ့်ကျခဲ့ရသည်။

ထောင်စုနှစ် ဆင်းရဲမှုရည်မှန်းချက်အနေဖြင့် ဆင်းရဲမှုနှုန်းကို ထက်ဝက်လျှော့ချရမည် ဖြစ်သည်။ ကိန်းဂဏန်းများအရ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၃၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းဖြစ်သောကြောင့် (၅) နှစ်အတွင်း ခြောက်ရာခိုင်နှုန်းလျှော့ချနိုင်ခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ် ရည်မှန်းချက်အရ ဆင်းရဲမှုနှုန်းကို ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမည်ဖြစ်၍ (၅)နှစ်အတွင်း ၁၀ ရာခိုင်နှုန်း လျှော့ချရမည်ဖြစ်သည့်အတွက် အထူးကြိုးစားရမည်ဖြစ်သည်။ ထို့အပြင် ဆင်းရဲမှု၏ ၈၅ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် ဖြစ်ပေါ်နေသည့်အတွက် ကျေးလက်ဆင်းရဲမှုလျှော့ချရေး အထူးဦးစားပေးရမည်ဖြစ်သည်။

အခြေအနေကောင်းနှင့်အချိန်အခါကောင်း

ယခုအခါ မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးမှ အသိအမှတ်ပြုလာမှုကြောင့် ကမ္ဘာ့စီးပွားရေး တစ်နေ့တခြားပေါင်းစည်းလာခြင်း၊ ကမ္ဘာ့ဈေးကွက်ပြန်လည်ပွင့်လာခြင်း၊ မကြာမီပေါ်ပေါက်လာမည့် AEC ကြောင့် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ၊ ကုန်သွယ်မှုတွင် အထူးအခွန်အကောက် သက်သာခွင့် GSP ရရှိလာခြင်း၊ Global Supply Chain ကဲ့သို့ ဝင်ရောက်လာခြင်း၊ ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများရှိနေသည့်အတွက် ဒေသဆိုင်ရာ စီးပွားရေးဗဟိုအချက်အချာဖြစ်လာနိုင်ခြင်း၊ နှိုင်းယှဉ်လုပ်ခ သက်သာနေသည့်အပြင် အိမ်နီးနားချင်းနိုင်ငံများ(တရုတ်၊ထိုင်း)တို့တွင် ဖြစ်ပေါ်နေသည့် ပြဿနာများကြောင့် အဆိုပါနိုင်ငံများရှိ လုပ်သား စူးစိုက်သုံး FDI လုပ်ငန်းများ မြန်မာနိုင်ငံသို့ စီးဝင်လာရန် အလားအလာရှိနေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးသည့် အစိုးရရှိလာခြင်းစသည်တို့သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးရရှိသည့် အခြေအနေကောင်းနှင့် အချိန်အခါကောင်းဖြစ်သည်။ အခွင့်အရေးဆိုသည်မှာ နှစ်ခါပြန်လာရိုးထုံးစံမရှိသောကြောင့် ပေးလာသည့် အခွင့်အရေးများကို မိမိရရဆုပ်ကိုင်အသုံးပြုနိုင်ရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီမှ အစပြုပြီး တိုးတက်လိုသော ခံယူချက်ကို မွေးမြူကာ မဆုတ်မနစ်ကြိုးစားဆောင်ရွက်ရမည့် အချိန်ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးတက်မှုသည် ယနေ့ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးဖြစ်သည့်အတွက် လူတိုင်းအသိပညာတိုးတက်ရေးကို အထူးဦးစားပေး ကြိုးစားမှသာ ပွင့်လင်းလာသော အလုပ်အကိုင် အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းအသစ်များ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အရေးများ

အထက်တွင်ဖော်ပြခဲ့သည့် ပွင့်လင်းလာသည့်မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အေဂျင်စီများ၊အပြည်အပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ တစ်နေ့တခြား တိုးပွားလာနေပြီဖြစ်သည်။ ထို့အတူ ပြည်တွင်းစီးပွားရေး SME အပါအဝင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ယခင်ကထက် ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်လာနိုင်ခြင်းကြောင့်လည်း ကုန်စည်ပို့ကုန်သာမက ဝန်ဆောင်မှုပို့ကုန်များ တစ်နေ့တခြား တိုးပွားလာခြင်း၊ စက်မှုနှင့် ထုတ်လုပ်မှုကဏ္ဍတွင် ဖက်စပ်လုပ်ငန်းများတိုးပွားလာခြင်း၊ ဒေသချင်းဆိုင်ရာ လမ်းပန်းဆက်သွယ်မှုများ ပိုမို ကောင်းမွန်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းသစ်များ ထွန်းကားလာပြီဖြစ်သည်။ ဆိုလိုသည်မှာ ယနေ့ အချိန်အခါသည် ယခင်နှင့် နှိုင်းယှဉ်ပါက အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရှိလာပြီဖြစ်သည်။ သို့သော် အထူးသတိပြုရမည့်အချက်မှာ ယနေ့ဈေးကွက်သည် အရည် အသွေးအရလည်းကောင်း၊ ဈေးနှုန်းအရ လည်းကောင်း၊ တာဝန်ယူမှုနှင့် ဝန်ဆောင်မှုအရလည်းကောင်း အဘက်ဘက်မှ ယှဉ်ပြိုင်မှုပြင်းထန်သည့်အတွက် လုပ်ငန်းတိုင်း အရည်အသွေးမီ၊ စံချိန်မီ ထုတ်ကုန်နှင့် ဆောင်ရွက်မှုများကိုသာ ဦးစားပေးထုတ်လုပ်လာသည့် အချိန်ကာလလည်း ဖြစ်သည်။ ထို့အတွက် လုပ်ငန်းတိုင်း ဝန်ထမ်း(သို့)လုပ်သားခန့်ထားရာတွင် ကျွမ်းကျင်မှုမည်မျှရှိသည်ဟူသော အချက်ကို ဇောင်းပေး နေသည့်ကာလလည်းဖြစ်သည်။ အမှန်တကယ်မူ မြန်မာနိုင်ငံအနေဖြင့် လုပ်သားအင်အား ပေါကြွယ်ဝသည် ဆိုသော်လည်း ကျွမ်းကျင်လုပ်သား (Skilled Labour) နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် ရှားပါးနေသည့် ပြဿနာရင်ဆိုင်နေရဆဲ ဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အေဂျင်စီများနှင့်တွေ့ဆုံသည့်အခါတိုင်း ၎င်းတို့က လိုအပ်သည့် ကျွမ်းကျင်လုပ်သား ရှားပါးမှုကို မကြာမကြာ ကြားနေရဆဲဖြစ်သည်။ယခင် အခြေအနေနှင့် လုံးဝမတူသည့်အချက်မှာ ယနေ့အလုပ်များသည် ကျွမ်းကျင်မှုကို အခြေခံထားပြီး မိမိအလုပ်ကို တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုတို့ကိုပါ ဖြည့်စွမ်းပေးနိုင်မှသာ အလုပ်အကိုင်ရရှိနိုင်မည်ဖြစ်သည်။

၂၁ ရာစု ကျွမ်းကျင်လုပ်သားနှင့် တာဝန်ယူနိုင်မှု (21st Century Skilled Labour and responsibility)

ICT ဖွံ့ဖြိုးလာမှုကြောင့် ကမ္ဘာ့ရွာကြီးအဖြစ် စတင်ပေါ်ပေါက်လာသည့် ၁၉ ရာစုအကုန်ပိုင်း လောက်မှစ၍ ကမ္ဘာ့ထုတ်လုပ်မှုပုံသဏ္ဌာန် ပြောင်းလဲလာမှုနှင့်အတူ ထုတ်လုပ်မှုအင်အားစုများ နှိုင်းယှဉ်စရိတ် (အထူးသဖြင့် လုပ်သားစရိတ်) သက်သာသည့် ကမ္ဘာအရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်လာခဲ့ကြသည်။ လုပ်သားအရင်းအနှီး၊ နည်းပညာ၊ စီမံအုပ်ချုပ်မှုတို့ပါ လွတ်လပ်စွာပြောင်းလဲလာနိုင်မှုကြောင့်လည်း မည်သည့်အရပ်၊ မည်သည့်နိုင်ငံတွင်နေသည်ဖြစ်စေ ကမ္ဘာအရပ်ရပ်သို့ သွားရောက်လုပ်ကိုင်နိုင်သည့် အခွင့်အရေး ယခင်ကထက် ရရှိလာပြီဖြစ်သလို နှိုင်းယှဉ်လုပ်ခသက်သာသည့်နိုင်ငံများသို့လည်း နိုင်ငံတကာကုမ္ပဏီကြီးများ လာရောက်လုပ်ကိုင်နေပြီဖြစ်သည်။ ဆိုလိုသည်မှာ ယခုအခါ လူတိုင်း Global Citizen ဖြစ်လာနေပြီ ဖြစ်သည်။ နိုင်ငံတကာနှင့်ချိတ်ဆက်သော လုပ်ငန်းတိုင်း ဝန်ထမ်းများ၊ လုပ်သားများ ခန့်ထားရာတွင် အဓိကထားသည့် စံ(Criteria)မှာ ကျွမ်းကျင်တတ်မြောက်မှုနှင့် တာဝန်ယူနိုင်မှု (Skill and responsibility) ပင်ဖြစ်သည်။

ယနေ့ မြန်မာ့ရွှေ့ပြောင်းလုပ်သားအများစု ကျွမ်းကျင်မှုနည်းပါးသောကြောင့် နိုင်ငံတကာတွင် 3D Job(Dirty, Dangerous and Demeaning) နှင့် အထွေထွေလုပ်သားအဆင့်သာ အများဆုံးလုပ်ကိုင်နေရဆဲဖြစ်သည်။ ထို့အတွက် လုပ်ခနိမ့်ပါးသလို အများမလုပ်လိုသည့် လုပ်ငန်းများ လုပ်ကိုင်နေရဆဲဖြစ်သည်။ အဆိုပါအဆင့်များမှ တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား (Semi skilled Labour)၊ ကျွမ်းကျင်လုပ်သား (Skilled Labour)၊ ၎င်းမှတစ်ဆင့် Professional Experts များအဖြစ်သို့ ပြောင်းလဲနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်သည်။ မကြာမီ AEC ပေါ်ပေါက်လာတော့မည်ဖြစ်ရာ အာဆီယံ (၁၀) နိုင်ငံအတွင်း ကျွမ်းကျင်လုပ်သားလွတ်လပ်စွာ ပြောင်းရွှေ့နိုင်မှုနှင့်အတူ ကျွမ်းကျင်မှုကိုလည်း ဘုံသတ်မှတ်ချက် (Common Standard)များဖြင့် လုပ်ဆောင်တော့မည်ဖြစ်ရာ အဆိုပါ စံချိန်စံညွှန်း မမီပါက (Unskilled Labour) အဖြစ်သာ ဖြစ်နေဦးမည်ဖြစ်၍ နှိုင်းယှဉ်လုပ်ခလစာလည်း နိမ့်ကျဦးမည်ဖြစ်သည်။ ထို့အတူ ပြည်တွင်းရှိ လုပ်သားများ၏ ကျွမ်းကျင်မှုနှင့် တာဝန်ယူမှုကြည့်မည်ဆိုလျှင်လည်း အိမ်နီးနားချင်းနိုင်ငံများအကြား ထုတ်လုပ်မှုစွမ်းအား နိမ့်ကျနေခြင်းမှာလည်း လုံလောက်သည့် ကျွမ်းကျင်မှု နှင့် တာဝန်ယူမှုအားနည်းခြင်းကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် အထည်ချုပ်လုပ်ငန်းတွင် မြန်မာ လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းအား (ထွက်ရှိလာသည့် စံချိန်မီ ချုပ်ပြီးအထည်အရေအတွက်) တရုတ်၊ ဗီယက်နမ်နိုင်ငံများ၏ ထုတ်လုပ်မှုစွမ်းအား၏ ထက်ဝက်ခန့်သာ ရှိနေသေးကြောင်း သိရသည်။ ဆိုလိုသည်မှာ မြန်မာ့အထည်ချုပ်လုပ်သားအများစု အလုပ်မဝင်မီ စနစ်တကျ သင်တန်းတက်ခြင်း၊ လေ့လာခြင်း အားနည်းနေသလို မိမိလုပ်ကိုင်သော အလုပ်ကို တာဝန်ယူရမည်ဟူသော အသိခံယူချက်လည်း အားနည်းနေဆဲပင်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းထဲသို့ ဝင်ရောက်လာမှုနှင့်အတူ FDI ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ တစ်နေ့တခြားတိုးပွားဝင်ရောက်လာနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအတွက် အခြေခံအဆင့်မှစ၍ အဆင့်မြင့်စီမံအုပ်ချုပ်မှုအရာထမ်းများအထိ ပြည်တွင်းလုပ်သားကိုသာ အများဆုံး အသုံးပြုရမည်ဖြစ်ရာ အခြေခံနှင့် အလယ်အလတ်အဆင့်သာမက အဆင့်မြင့်အရာထမ်းများအတွက်လည်း မြန်မာလူမျိုးများ တိုးမြှင့်ခန့်ထားရေးအတွက် တည်ဆဲဥပဒေများအရ ပြဋ္ဌာန်းထားသောကြောင့် အဆိုပါရာထူးများအတွက် သတ်မှတ်အရည်အချင်းပြည့်ဝနိုင်ရေး မျှော်မှန်း၍ မြန်မာနိုင်ငံသား လူငယ်လူရွယ်တိုင်း မျှော်မှန်းကြိုးစားရမည့် အချိန်ဖြစ်သည်။ ကျွမ်းကျင်တတ်မြောက်မှုအတွက် လူတိုင်းလေ့လာသင်ယူမှုကို လုပ်ဆောင်ရမည်ဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

ရန်ကုန် အရောင်းဆိုင်အမှတ်(၁)
Ph:01-545531,01-8603141, 09-5008161

အရောင်းဆိုင်အမှတ်(၂)
Ph : 01-656521, 09-421024731, 09-421024741

အရောင်းဆိုင်အမှတ်(၃)
Ph:01-642748, 01-642905, 01-646574

ဆင်းရဲမှုသိသိသာသာလျော့ကျလာစေဖို့

ယနေ့ ၂၁ ရာစု Globalization အရှိန်အဟုန်မြင့်မားလာမှုနှင့်အတူ နိုင်ငံတိုင်း ကမ္ဘာကြီးနှင့် ပေါင်းစည်းမှု လွယ်ကူချောမွေ့လာမှုကြောင့်လည်း ယခင်ဆင်းရဲသည့် နိုင်ငံများ အများအပြား ပြီးခဲ့သည့် ၁၀ စုနှစ်များအတွင်း သိသိသာသာ စီးပွားရေးတိုးတက်လာခဲ့ကြသည်။ နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်မှုသည် အရေးအပါဆုံးဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ ကြိုးစားနေသည့် အချိန်ကာလလည်း ဖြစ်သည်။ အထူးသဖြင့် ယနေ့ခေတ်သည် အသိပညာခေတ်(Knowledge Era) ဖြစ်သည်နှင့်အညီ လူတိုင်း၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုသည် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကပြဋ္ဌာန်းပေးနေပြီဖြစ်သည်။

Dr. မောင်အောင်

ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျှော့ချနိုင်ရန် ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများ သိသာသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (Millinium Development Goals) ကိန်းများချမှတ်ကာ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးဆုံး ဧရိယာကြီး (၅)ခုဖြစ်သည့် စီးပွားရေး(ဆင်းရဲမှုလျော့ချရေး)၊ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုတို့တွင် သိသာသောတိုးတက်မှုများရရှိရေး ဆောင်ရွက်လျက်ရှိရာ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အဆိုပါရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးမှုရရှိအောင် ကြိုးစားနေသည့်ကာလလည်း ဖြစ်သည်။ UN ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်လျက်ရှိရာ အရေးကြီးဆုံးရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမှုထက်ဝက်လျော့ချနိုင်ရေးအတွက် လူတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုချင်း စီးပွားရေးလုပ်ငန်းများ၊ ကျေးရွာနှင့် မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နိုင်ငံအဆင့်အသီးသီးတို့ ဘက်ပေါင်းစုံပါဝင်ပူးပေါင်းဆောင်ရွက်သည့် (Participatory Approach) ဖြင့် ချဉ်းကပ်ရမည်ဖြစ်ပြီး တစ်နည်းအားဖြင့်ဆိုသော် (Multi-stakeholders Partnership) ဟုလည်း ခေါ်ဆိုနိုင်သည်။

ဆင်းရဲမှုဖြစ်ရခြင်းအကြောင်းအရာများ ကျယ်ပြန့်သည့်အတွက်လည်း ဆင်းရဲမှုလျော့ချရေး လုပ်ဆောင်ရာတွင်လည်း ကဏ္ဍပေါင်းစုံပါဝင်သည့် (Multi sectorial Approach) ဖြင့် ကြိုးပမ်းဆောင်ရွက်မှသာ သိသာမြင်သာသည့် ဆင်းရဲမှုလျော့ချရေး အကောင်အထည်ပေါ်လာမည်ဖြစ်သလို ၎င်းမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်မည် ဖြစ်သည်။

ထို့အတွက် ဘာ့ကြောင့်ဆင်းရဲရသည်၊ ဆင်းရဲခြင်း၏ ဆိုးကျိုးများ၊ ဆင်းရဲမှုကို မည်သို့တိုင်းတာသည်၊ ရုန်းထွက်ရန် ခက်ခဲသည့် ဆင်းရဲမှုထောင်ချောက် (Poverty Trap)၊ ဆင်းရဲမှုထောင်ချောက်သို့မကျရောက်စေရန် သတိပြုရမည့်အချက်များ၊ ရုန်းထွက်နိုင်သည့် နည်းလမ်းများအပြင် ရေရှည်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သည့် နည်းလမ်းများ စသည်တို့ လူတိုင်းသဘောပေါက်နားလည်ပြီး လက်တွေ့လုပ်ဆောင်မှသာ ထောင်စုနှစ်ဆင်းရဲမှုလျော့ချရေး ရည်မှန်းချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

ဆင်းရဲမှုဆိုတာဘာလဲ

ယေဘူယျအားဖြင့် ဆင်းရဲမှုကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ နိမ့်ကျနေမှုကို ဆိုလိုပါသည်။ ရရှိသည့်ဝင်ငွေ နိမ့်ကျခြင်း၊ သင်ကြားတတ်မြောက်မှု နိမ့်ကျခြင်း၊ ကျန်းမာရေးအဆင့်အတန်း နိမ့်ပါးခြင်းတို့ကြောင့် ထုတ်လုပ်မှုစွမ်းအားနိမ့်ကျခြင်း၊ လူ့အသိုင်းအဝိုင်းတွင်လည်း တန်းတူဆက်ဆံရေးမရရှိခြင်းတို့ ယှဉ်တွဲနေသည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ မပြည့်စုံမှုထက် စိတ်ပိုင်းဆိုင်ရာ ညှိုးနွမ်းသေးသိမ်မှုကိုပါ ပို၍ထိခိုက်လေ့ရှိသည်။ ဆင်းရဲပြီဆိုလျှင် အိမ်ထောင်စုတစ်ခုဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေ အစစအရာရာ ဘက်ပေါင်းစုံမှ နိမ့်ကျစမြဲဖြစ်သည်။ ဆင်းရဲပြီဆိုလျှင် ပိုမိုဆင်းရဲစေရန် တွန်းပို့နေသည့် အကြောင်းများ (Push Factors) တို့ကြောင့် ဆင်းရဲမှုသံသရာ (Vicious Cycle) သို့ ကျရောက်နေမှန်းမသိ ကျရောက်နေသည်။ ထိုသို့ဖြစ်လျှင် လွတ်မြောက်မှုခက်ခဲပြီး အချိန်ကြာလေ ပိုမိုဆင်းရဲလေဖြစ်သည်။ ဆင်းရဲမှုသံသရာတွင် တွေ့ရသည့် အဓိက အကြောင်းအရာများမှာ မိသားစုဝင်ငွေ နိမ့်ကျခြင်း၊ စုဆောင်းမှုနှင့်ရင်းနှီးမြှုပ်နှံမှုမလုပ်နိုင်ခြင်း၊ ကြွေးတင်ခြင်း၊ မိသားစုလူဦးရေပိုများလာခြင်း၊ ပညာရေးနှင့် ကျန်းမာရေး နိမ့်ကျခြင်း၊ ထုတ်လုပ်မှုစွမ်းရည် နိမ့်ကျခြင်း စသည်တို့ဖြစ်သည်။ အဆိုပါအချက်အလက်များ အပြန်အလှန်ဆက်စပ်နေသလို အပြန်အလှန်အားပေးနေသောကြောင့် ဆင်းရဲတွင်းသံသရာထဲသို့ကျရောက်ခဲ့လျှင် ဘဲဥ အစရှာမရသလို ဖြေရှင်းဖို့ခက်ခဲပြီး ရုန်းထွက်ရန် ခက်လှသည်။

ဆင်းရဲမှု၏ ဆိုးကျိုး

ဆင်းရဲသည့် မိသားစုအဖွဲ့ဝင်များအားလုံး၏ ဘဝရှင်သန်တိုးတက်ရေးခက်ခဲသလို အထူးသဖြင့် အဆိုပါမိသားစုများ၏ ကလေးများ၏ ဘဝအနာဂတ်မျှော်လင့်ချက်များ ကင်းမဲ့နေဆဲပင်ဖြစ်သည်။ လက်လုပ်မှ ပါးစပ်လုပ်ရမည့် လူတန်းစားများဖြစ်သည့်အတွက်လည်း အလုပ်လုပ်နိုင်သည့် အိမ်ထောင်စုဝင်များ အလုပ်လုပ်ကြရသလို အရွယ်မရောက်သေးသည့် ကလေးများပါ ကျောင်းမနေနိုင်ဘဲ ကလေးလုပ်သား (Child Labour)များအပြင် လူကုန်ကူးမှုများလည်း ဖြစ်ပေါ်လေ့ရှိသည်။ လေ့လာသင်ယူမှု အားနည်းမှုကြောင့် ဖြေရှင်းနိုင်သည့် အသိဉာဏ်ပညာ နိမ့်ကျမှုနှင့် မကျွမ်းကျင်သည့် လုပ်သားအဖြစ်နှင့်သာ ရုန်းကန်ရမည်ဖြစ်၍ ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုမမျှော်မှန်းနိုင်ပေ။ ဆင်းရဲတွင်းနက်လာသောအခါ ကောင်းသည် ဆိုးသည် ဝေဖန်ပိုင်းခြားနိုင်စိတ်အားနည်းကာ မိသားစုဘဝရှင်သန်ရေးအတွက် ဘာမဆိုလုပ်မည်ဟူသော အတွေးအခေါ်များကြောင့်မလိုလားအပ်သည့် လူမှုရေးပြဿနာများ ပေါ်ပေါက်လာလေ့ရှိသည်။ ထို့အတွက်

စာမျက်နှာ ၇ သို့ » »

ကရင်ပြည်နယ် တိုင်းရင်းသား တောင်သူလေ့လာရေးအဖွဲ့များ နေပြည်တော် စံပြစိုက်ကွင်းများသို့ လှည့်လည်လေ့လာ

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ » »

နန်းစောင်းပုကျေးရွာ ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »

မလှိုင်မြို့၏ အထင်ကရ ကံဖျားရေကန် သောက်သုံးရေဖူလုံရေး ပြန်လည်တူးဖော်

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »